# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဖေဖော်ဝါရီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957


**ကြီးမားသောအကျိုးကိုရနိုင်**

အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှု ပြုရန် မေ့လျော့နေခဲ့သော်လည်း နောင်ကြီးပြင်းလာသောအခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကိုရ၍ မမေ့မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသော မဂ်ဖိုလ်အကျိုးကိုရနိုင်၏။ ထိုသို့ပြုနိုင်ခြင်းကို မြတ်စွာဘုရားသည် ချီးမွမ်းတော်မူ၏။

လောကဝဂ်(ဓမ္မပဒ-၁၇၂)


၁၃၈၁ ခုနှစ်၊ ပြာသိုလဆန်း ၂ ရက်၊ သောကြာနေ့။ Friday 27 December 2019 ၉၈၇၆






နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မင်းဓမ္မပညာ့ရိပ်သာ ဆရာများအိမ်ရာမုခ်ဦးရှေ့တွင် စိုက်ထူထားသည့် ကမ္ပည်းကျောက်စာတိုင်အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။

## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်

# မင်းဓမ္မပညာ့ရိပ်သာ ဆရာများအိမ်ရာ၊ လှိုင်ပညာ့ရိပ်သာ ဝန်ထမ်းအိမ်ရာနှင့် သိပ္ပံပစ္စည်းစက်ရုံသစ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ဖွင့်လှစ်

**ရန်ကုန် ဒီဇင်ဘာ ၂၆**

မင်းဓမ္မပညာ့ရိပ်သာ ဆရာများအိမ်ရာ၊ လှိုင်ပညာ့ရိပ်သာ ဝန်ထမ်းအိမ်ရာနှင့် သိပ္ပံပစ္စည်းစက်ရုံသစ် ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၈ နာရီက ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ မင်းဓမ္မပညာ့ရိပ်သာဝင်းအတွင်းကျင်းပရာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်ဖွင့်လှစ်ပေးသည်။

**တက်ရောက်**

ဖွင့်ပွဲအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးမင်းသူ၊ ဦးအုန်းဝင်း၊ ဒေါက်တာမျိုးသိမ်းကြီး၊ ဒေါက်တာမြင့်ထွေးနှင့် ဦးဟန်ဇော်၊ ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးမော်သန်း၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ Sae Paing Development Limited ဥက္ကဋ္ဌ၊ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ရှေးဦးစွာ မင်းဓမ္မပညာ့ရိပ်သာ ဆရာများအိမ်ရာ၊ လှိုင်ပညာ့ရိပ်သာဝန်ထမ်းအိမ်ရာနှင့် သိပ္ပံပစ္စည်းစက်ရုံသစ်စီမံကိန်းဆိုင်ရာ အချက်အလက်များကို Video Presentation ဖြင့် ရှင်းလင်းတင်ပြသည်။

**အရည်အသွေးမြင့်မားပြီး ထူးချွန်ထက်မြက်တဲ့ ဆရာကောင်း၊ ဆရာမွန်တွေ ထွက်ပေါ်လာရေးဟာ ပညာရေးစနစ်နည်းတူ အရေးကြီးလှပါတယ်။ ပညာရေးနယ်ပယ်တိုးတက်မြင့်မားရေးကို အာရုံစိုက်ပြီး ဆောင်ရွက်နိုင်ဖို့အတွက် ဆရာ ဆရာမတွေအတွက် နေချင်စဖွယ် ပတ်ဝန်းကျင်၊ အိမ်ရာ၊ လူနေမှုဘဝအခြေအနေတွေ တိုးတက်ကောင်းမွန်လာဖို့ ကျွန်မတို့ အမြဲပဲအလေးအနက်ထား နည်းလမ်းတွေရှာနေပါတယ်**


စာမျက်နှာ ၃ ကော်လံ ၁ သို့ ✳



စေတနာဆေး မေတ္တာဆေး သစ္စာဆေး . . .

ထွန်းရွှေဝါ ဒဏ်ကြေလိမ်းဆေးက ဆေးစွမ်းထက်ပါသည်။

## ကြေးမုံ

# စည်းကမ်းလိုက်နာခြင်းမှအစ

ကမ္ဘာပေါ်ရှိနိုင်ငံများတွင် နိုင်ငံသားတိုင်း ကိုယ်စီတာဝန်ကျေပွန်သောကြောင့် စည်းကမ်းပြည့်ဝပြီး ဖွံ့ဖြိုးတိုးတက်နေသော တိုင်းပြည်များရှိသည်။ နိုင်ငံသားများ စည်းကမ်းလိုက်နာမှုအားနည်းသောကြောင့် ဖွံ့ဖြိုးမှုနောက်ကျနေသောတိုင်းပြည်များလည်းရှိသည်။ စည်းကမ်းသည် နိုင်ငံတစ်နိုင်ငံအတွက် အလွန်အရေးကြီးသဖြင့် နိုင်ငံသားတိုင်း စည်းကမ်းကို လေးစားလိုက်နာသင့်သည်။

မြန်မာနိုင်ငံကို စည်းကမ်းမရှိသောနိုင်ငံဟု ကိုယ့်ပေါင်ကိုယ်လှန်ထောင်းသည့် သဘောမဟုတ်သော်လည်း စည်းကမ်းလိုက်နာမှုဘက်တွင် အားနည်းချက်ရှိနေသည်မှာ မှန်သည်ဖြစ်၍ သတိပေး၊ အသိပေးပြောဆိုနေရခြင်းဖြစ်ပါသည်။ စိတ်ရင်းအမှန်တွင် မြန်မာနိုင်ငံအနေဖြင့် အလားအလာကောင်းများရှိသောနိုင်ငံဖြစ်၍ အားမလိုအားမရလည်း ဖြစ်နိုင်ပါသည်။ နိုင်ငံသားတိုင်း စည်းကမ်းလိုက်နာခြင်းဖြင့် ဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံ ဖြစ်စေလိုသော ကရုဏာဆန္ဒ ဖြစ်ပါသည်။

ဒီဇင်ဘာလ ၂၄ ရက်နေ့က ရောဝတီတိုင်းဒေသကြီး လပွတ္တာ (ပင်လယ်လေး) တံတားဖွင့်ပွဲတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ပြည်သူများအနေဖြင့် ဒီမိုကရေစီနှင့်ထိုက်တန်သည့် စည်းကမ်းရှိရေး၊ စည်းကမ်းလိုက်နာရေးတို့ကို အကျယ်တဝင့် ပြောကြားခဲ့သည်။ "ဒီမိုကရေစီလိုချင်တယ်ဆိုတာ ဘာဖြစ်လို့ လိုချင်သလဲလို့မေးရင် အများကတော့ အခွင့်အရေးတွေကို ပြောကြတာပဲ။ ကျွန်မအမြဲသတိပေးပါတယ်။ အခွင့်အရေးနဲ့ အတူတူပါလာတာက တာဝန်ပဲ။ တာဝန်သိတဲ့စိတ်ဓာတ်မရှိရင် ဒီအခွင့်အရေးတွေကို အလွဲသုံးစားလုပ်တဲ့ အခြေအနေရောက်သွားလိမ့်မယ်။ အခွင့်အရေးတွေကို အလွဲသုံးစားလုပ်ပြီဆိုရင် ကိုယ့်အတွက်တင်မဟုတ်ဘူး။ ကိုယ့်ပတ်ဝန်းကျင်အတွက်ပါ အန္တရာယ်ဖြစ်လာပါလိမ့်မယ်။ ဒါ့ကြောင့်မို့လို့ ကျွန်မစည်းကမ်းရှိဖို့ဆိုတာကို သတိပေးတာပါ" ဟု ပြောကြားခဲ့သည်။

ဒီမိုကရေစီနိုင်ငံတည်ဆောက်ရာ၌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်မှာကြားသော စည်းကမ်းရှိရေးသတိပေးချက်သည် များစွာအဓိပ္ပာယ်နက်နဲကျယ်ဝန်းလှပေသည်။ ပြည်သူတို့အခြေခံကျင့်သုံးအပ်သည့် အမှိုက်ပစ်သည့်ကိစ္စများမှအစ အရာရာတွင် အားလုံးစည်းကမ်းလိုက်နာကြရေးဖြစ်သည်။ ဒီမိုကရေစီစနစ်တွင် ပြည်သူများအတွက် အခွင့်အရေးနှင့် ရပိုင်ခွင့်များ ပိုမိုပါရှိလာသည်။ အခွင့်အရေးနှင့်ရပိုင်ခွင့်နှင့်အတူ တာဝန်ယူမှု၊ တာဝန်သိမှုတို့လည်း ဒွန်တွဲပါလာသည်ကို သတိမူရမည်ဖြစ်သည်။ တာဝန်ယူမှု၊ တာဝန်သိမှုကိုသတိမမူဘဲ ရရှိလာမည့်အခွင့်အရေးများကို အလွဲသုံးစားပြုလုပ်လိုက်မည်ဆိုလျှင် မိမိနှင့်ပတ်ဝန်းကျင်တွင် ကြီးစွာထိခိုက်မှုရှိလာသည်ကို ဆင်ခြင်တွေးတောကြည့်ရမည် ဖြစ်သည်။

မိမိမှီတင်းနေထိုင်ရာနိုင်ငံသည် မိမိတို့ မှီခိုအားထားရာနေအိမ်ဖြစ်သည်။ ပိုမိုတင့်တယ်ကောင်းမြတ်သော မိသားစုနေအိမ်ဖြစ်စေရန်အတွက် မိမိတို့နေအိမ်တွင် သတ်မှတ်ထားသောစည်းကမ်းများကို လိုက်နာမည်၊ မိမိတို့နေအိမ်ကို တန်ဖိုးထားကြရမည်ဆိုသည့် သဘောထားများထားရှိကြရမည်ဖြစ်သည်။ မိမိနေအိမ်၏ မိသားစုကိုတန်ဖိုးထားခြင်း၊ မိမိပတ်ဝန်းကျင်ကို လေးစားခြင်းမှသည် မိမိနိုင်ငံကို တန်ဖိုးထားသည့်စိတ်ထားများ မွေးမြူကြရန်ဖြစ်သည်။

မြန်မာပြည်သူပြည်သားများသည် ပင်ကိုအားဖြင့် စိတ်ရင်းစေတနာကောင်းမွန်ကြသူများဖြစ်သည်။ နွေးနွေးထွေးထွေးနှင့် ပျူပျူငှာငှာရှိကြသူများဖြစ်သည်။ အရေးကြုံလျှင် စည်းလုံးညီညွတ်မည်ဟူသည့် ကောင်းမွန်သည့် စိတ်ထားများရှိကြသူများ ဖြစ်သည်။ ထိုအချက်များသည် မြန်မာနိုင်ငံအတွက် ကောင်းမွန်သောအလားအလာကောင်းများပင် ဖြစ်သည်။ အလားအလာကောင်းများမှာ ရှိနေရုံသာရှိနေသေးပြီး လက်တွေ့အကောင်အထည်ဖော်ရန် လိုအပ်နေသေးသည်။ ဓွဲ၊ လုံ့လ၊ ဝီရိယများရှိကြရမည် ဖြစ်သည်။

အဓိကကျသည့်အခြေခံလိုအပ်ချက်မှာ ပြည်သူပြည်သားများအနေဖြင့် အမှိုက်ပစ်သည်မှအစ အရာရာတွင် စည်းကမ်းလိုက်နာတတ်သည့် အလေ့အထကောင်းများ မွေးမြူကြရန်ဖြစ်သည်။ မည်သည့်အလုပ်ကို လုပ်သည်ဖြစ်စေ ငါ့နိုင်ငံတော်၊ ငါ့နိုင်ငံသား၊ ငါ့မိသားစုဘဝများအားလုံး ပိုပြီးသာယာလုံခြုံသော ဘဝတစ်ခုဖြစ်စေရေးအတွက် စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် လက်တွဲပူးပေါင်းလုပ်ကိုင်ကြမည်ဆိုသည့် စိတ်ထားများ ပွားများမွေးမြူ ကျင့်ကြံအားထုတ်ကြရမည် ဖြစ်ပါကြောင်း။ ။

## ၂၀၂၀ ပြည့်နှစ်၊ (၇၂) နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်များ

၁။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းရင်းသားအားလုံး "စုပေါင်းအင်အား"ဖြင့် ကာကွယ်စောင့်ရှောက်ရေး၊
၂။ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသောလုပ်ငန်းစဉ်ဖြစ်သည့် တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတမှုကဏ္ဍ ပြုပြင်ပြောင်းလဲရေးတို့ကို ဦးစားပေးလုပ်ဆောင်ရေး၊
၃။ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး တည်ဆောက်ရေးအတွက် အခြေခံအုတ်မြစ်ဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးကို ဦးတည်ကြိုးပမ်းဆောင်ရွက်ရေး၊
၄။ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရာတွင် နိုင်ငံသူ၊ နိုင်ငံသားများ၏ တာဝန်သိစိတ်နှင့်အရည်အသွေး မြင့်မားလာစေမည့် ပတ်ဝန်းကျင်ကောင်းများ ဖန်တီးတည်ဆောက်ရေး၊
၅။ မြန်မာနိုင်ငံ၏ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းဖြင့် ငြိမ်းချမ်း၍ သာယာဝပြောသော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု ဖြစ်ပေါ်လာရေး၊

# ဒီဇင်ဘာခရစ္စမတ်ရုံးပိတ်ရက်တွင် ပုဂံဒေသရှိ ဘုရားစေတီပုထိုးများ၌ ပြည်တွင်း ပြည်ပဘုရားဖူးများဖြင့် စည်ကားများပြား

**ညောင်ဦး ဒီဇင်ဘာ ၂၆**

ဒီဇင်ဘာခရစ္စမတ်ရုံးပိတ်ရက်တွင် ကမ္ဘာ့ရှေးဟောင်းအမွေအနှစ်စာရင်းဝင် ပုဂံညောင်ဦးရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ သမိုင်းဝင်တန်ခိုးကြီးဘုရားများ၊ ရှေးဟောင်းသာသနိက အဆောက်အအုံများနှင့် နေရာအနှံ့ရှိ ဘုရားစေတီပုထိုးများ၌ ဘုရားဖူးလာရောက်လည်ပတ်ကြသည့် ပြည်တွင်း ပြည်ပဘုရားဖူးဧည့်သည်များဖြင့် အထူးစည်ကားလျက်ရှိကြောင်း ပုဂံမြို့ဟောင်းသွားလမ်းဘေးအနီး မြင်းကပါကျေးရွာဒေသခံ ဦးဝင်းမင်းထွန်းထံမှ သိရသည်။



### လာရောက်လည်ပတ်ကြ

"ပုဂံခေတ် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များစွာတည်ရှိနေတဲ့ ကျွန်တော်တို့ ပုဂံညောင်ဦးရှေးဟောင်းယဉ်ကျေးမှုဒေသကို ပြည်တွင်း ပြည်ပဘုရားဖူးဧည့်သည်တွေ ရာသီမရွေးဆိုသလို အများအပြားလာရောက်ဖူးမြော်လျက်ရှိပါတယ်။ ပုဂံဒေသကို လာရောက်လည်ပတ်ကြတဲ့ နိုင်ငံခြားသားခရီးသွားဧည့်သည်တွေဟာ ခရီးသွားရာသီချိန်တွေမှာ ပိုပြီးလာရောက်သူဦးရေများပြီး ပြည်တွင်းဘုရားဖူးဧည့်သည်တွေကတော့ ယခုလိုအားလပ်ရက်တွေဖြစ်တဲ့ ခရစ္စမတ်ရုံးပိတ်ရက်၊ တန်ဆောင်တိုင်ရုံးပိတ်ရက်၊ နှစ်သစ်ကူးရုံးပိတ်ရက်တွေနဲ့ နေ့ထူးနေ့မြတ် အခါကြီးရက်ကြီးတွေမှာ လာရောက်တဲ့ဦးရေပိုများပါတယ်"ဟု ဦးဝင်းမင်းထွန်းက ပြောသည်။

### စည်ကားများပြား

ခရစ္စမတ်ရုံးပိတ်ရက်ဖြစ်၍ ပုဂံညောင်ဦးရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ ဘုရားစေတီပုထိုးများတွင် အမြို့မြို့အနယ်နယ်မှ ဌာနဆိုင်ရာရုံးဝန်ထမ်းများ၊ ပုဂ္ဂလိကရုံးဝန်ထမ်းများနှင့် မိသားစုအလိုက် လာရောက်ဖူးမြော်ကြသူများဖြင့် နေရာစုံအနှံ့ဘုရားစေတီပုထိုးများတွင် စည်ကားများပြားလျက်ရှိကာ ဘုရားဖူးဧည့်သည်များ ယာဉ်အန္တရာယ်ကင်းဝေးစေရေးအတွက် ဘုရားများရှိ ဂေါပကအဖွဲ့များနှင့် မြို့နယ်ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များက ယာဉ်ကြောရှင်းလင်းရေးလုပ်ငန်းများ ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် ဘုရားစေတီပုထိုးများတွင် ဒေသထွက်အမှတ်တရ လက်ဆောင်ပစ္စည်း လာရောက်ရောင်းချသည့် ဈေးသည်များမှာလည်း ဈေးရောင်းကောင်းပြီး စီးပွားရေးအဆင်ပြေလျက်ရှိကြောင်း သိရသည်။

ရဲဝင်းနိုင်(ညောင်ဦး)



ပြင်ဦးလွင်မြို့ အမျိုးသားကန်တော်ကြီး ဥယျာဉ်တွင် ကျင်းပလျက်ရှိသော ပန်းပွဲတော်သို့ အနယ်နယ်အရပ်ရပ်မှ ပြည်သူများ တပျော်တပါး ပါဝင်ဆင်နွဲလျက်ရှိရာတွင် စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်သူအချို့ကြောင့် ပွဲတော်၏အလှအား အကျည်းတန်စေမှုများ ဖြစ်ပေါ်လျက်ရှိသည်ကို ဒီဇင်ဘာ ၂၆ ရက် မွန်းလွဲပိုင်းက တွေ့ရှိရစဉ်။

အောင်ဖြိုးရှိန်

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

သင့်စီးပွားရေး အောင်မြင်ဖို့
ကြေးမုံသတင်းစာတွင် ကြော်ငြာစို့

ကြေးမုံ
စာတည်းမှူးချုပ် - ဦးဝင်းရွှေ
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း
သတင်းထောက်မှူး - ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဦးကိုမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဒေါ်စန်းယဉ်ဦး၊ ဒေါ်ခင်စုစုလှိုင်၊ ဒေါ်နေဇာဇာထွန်း၊ ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁



## ပြည်ထောင်စုဆိုတာ တိုင်းရင်းသားလူမျိုးပေါင်းစုံနဲ့ ဖွဲ့စည်းထားတဲ့ နိုင်ငံဖြစ်

**ကျွန်မတို့နိုင်ငံဟာ ပြည်ထောင်စုပါ။ ပြည်ထောင်စုဆိုတာ တိုင်းရင်းသားလူမျိုးပေါင်းစုံနဲ့ဖွဲ့စည်းထားတဲ့ နိုင်ငံတစ်နိုင်ငံ ဖြစ်ပါတယ်။ ကျွန်မတို့ ဘာလုပ်ငန်းလုပ်လုပ် ပြည်ထောင်စုကြီး အကျိုးအတွက် ဘယ်တော့မှ မမေ့ဘဲနဲ့ လုပ်စေချင်ပါတယ်။ ကျွန်မတို့ ပြည်ထောင်စုသူ၊ ပြည်ထောင်စုသားအားလုံးအတွက် အကျိုးရှိအောင် စဉ်းစားပြီး လုပ်စေချင်ပါတယ်။ ပြီးတော့ ပြည်ထောင်စုသူ၊ ပြည်ထောင်စုသားအားလုံး ပိုမိုပြီးတော့ နီးစပ်လာအောင်၊ ညီညွတ်လာအောင်၊ ပိုမိုပြီးတော့ စည်းလုံးလာအောင် လုပ်ပေးမယ့်ပုံစံမျိုးလည်း ဖြစ်စေချင်ပါတယ်။**

*[နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ၃-၈-၂၀၁၈ ရက်နေ့တွင် အမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီ(၁/၂၀၁၈) အစည်းအဝေးတွင် ပြောကြားသည့် အဖွင့်အမှာစကားမှ ကောက်နုတ်ချက်]*





နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မင်းဓမ္မပညာ့ရိပ်သာ ဆရာများအိမ်ရာ၊ လှိုင်ပညာ့ရိပ်သာ ဝန်ထမ်းအိမ်ရာနှင့် သိပ္ပံပစ္စည်းစက်ရုံသစ် ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

* ရှေ့ဖုံးမှ

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က အမှာစကား ပြောကြားရာတွင် "ဒီကနေ့ ကျင်းပတဲ့ မင်းဓမ္မ ပညာ့ရိပ်သာ ဆရာများအိမ်ရာ၊ လှိုင်ပညာ့ ရိပ်သာဝန်ထမ်းအိမ်ရာနဲ့ သိပ္ပံပစ္စည်းစက်ရုံသစ် ဖွင့်ပွဲအခမ်းအနားကို တက်ရောက်လာတဲ့ ဧည့်သည်တော်အားလုံးကို ကြိုဆိုနှုတ်ခွန်း ဆက်ပါတယ်။

### မျှော်လင့်

ကျွန်မတို့ ဒီကိုလာရတာ အင်မတန်မှ အားရပါတယ်။ အခုနပြသွားတဲ့ ပုံတွေအရ ဆိုရင် အင်မတန်မှကောင်းတဲ့ ဝန်ထမ်းအိမ်ရာ တစ်ခုဖြစ်ပါတယ်။ ဒီလိုဝန်ထမ်းအိမ်ရာတစ်ခု နဲ့ ထိုက်တန်တဲ့ဝန်ထမ်းတွေ ပေါက်ဖွားလာ မယ်လို့ မျှော်လင့်ပါတယ်။

ကျွန်မတို့အစိုးရရဲ့ ရည်မှန်းချက်ကတော့ နိုင်ငံရဲ့ငြိမ်းချမ်းရေး၊ ရေရှည်တည်တံ့ခိုင်မြဲရေး နဲ့ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဆောင်ကြဉ်းပေးနိုင်မယ့် ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုတစ်ခု တည်ဆောက်နိုင်ဖို့ပဲဖြစ်ပါ တယ်။ ဒီလိုတည်ဆောက်ရာမှာ လူသား စွမ်းရည်သာမက၊ စိတ်ပိုင်းဆိုင်ရာသာမက ရုပ်ပိုင်းဆိုင်ရာ အခြေခံအဆောက်အဦတွေ လည်း လိုအပ်ပါတယ်။ ဒါတွေကိုလည်း အဆင့်မြှင့်ပေးဖို့လည်း လိုအပ်ပါတယ်။

ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံဖြစ်တဲ့ မြန်မာနိုင်ငံ အနေနဲ့ ကျွန်မတို့ပြည်သူတွေအတွက် စိန်ခေါ် မှုတွေ၊ အခက်အခဲတွေကို တွေ့ကြုံရင်ဆိုင်နေ ရတာ အားလုံးအသိပဲဖြစ်ပါတယ်။ စိန်ခေါ်မှု တွေ၊ အခက်အခဲတွေကြားကပဲ အခွင့်အလမ်း တိုးတက်မှုတွေကို ရယူနိုင်ဖို့ ကျွန်မတို့အားလုံး ကြိုးစားအားထုတ်ကြဖို့လည်း လိုပါတယ်။

အဲဒီမှာဆိုရင် ကျွန်မတို့ရဲ့ ဝန်ထမ်းများ အထူးသဖြင့် ဆရာ ဆရာမများဟာ အင်မတန် မှ အရေးကြီးပါတယ်။ ကျွန်မတို့ လူငယ်များရဲ့ စိတ်ဓာတ်မြင့်မားလာအောင်၊ ခိုင်မာလာအောင် လုပ်ပေးနိုင်တာကတော့ မိဘ ဆရာပါ။ ကျွန်မ တို့ငယ်ငယ်ကဆို မိဘဆရာမဟုတ်ဘဲ ဆရာ မိဘလို့တောင် ပြောပါတယ်။ သွန်သင်ဆုံးမတဲ့ နေရာမှာ ဆရာတွေက ရှေ့တန်းကပဲဆိုပြီး သတ်မှတ်ထားခြင်းပဲဖြစ်ပါတယ်။

ဒီကနေ့ခေတ် ကမ္ဘာကြီးမှာ ခေတ်မီ နည်းပညာတွေ အချိန်နဲ့အမျှ တိုးတက် ပြောင်းလဲနေတာဖြစ်ပါတယ်။ ကျွန်မတို့ ပြည်သူတွေအနေနဲ့လည်း ခေတ်မီနည်းပညာ တွေ၊ ခေတ်မီတွေးခေါ် ဆန်းသစ်မှုတွေကို တီထွင်ဖန်တီးကြဲဆ အားထုတ်ကြရာမှာ တစ်ဖက်ကလည်း သင့်တင့်မျှတတဲ့ ဖြည့်ဆည်းမှုတွေ အထိုက်အလျောက်ရရှိနိုင်ဖို့ လိုပါတယ်။ နိုင်ငံတော်ရဲ့ ခနအင်အားနဲ့ ဘဏ္ဍာ ငွေရရှိနိုင်မှု အခြေအနေပေါ်မူတည်ပြီး တတ်နိုင်သမျှ ဖြည့်ဆည်းဆောင်ရွက်ပေးနေ ရတဲ့အချိန်မှာ ဒီကနေ့ဖွင့်တဲ့ ဆရာများအိမ်ရာ၊ ဝန်ထမ်းအိမ်ရာနဲ့ သိပ္ပံပစ္စည်းစက်ရုံတွေအနေနဲ့ တစ်ဖက်တစ်လမ်းကနေပြီး ကောင်းမွန်တဲ့ အထောက်အကူကောင်းတွေဖြစ်လာဖို့ ကျွန်မ တို့အနေနဲ့ အထူးမျှော်လင့်ပါတယ်။ ကျွန်မတို့ အနေနဲ့ အထူးပဲ ဝမ်းသာရပါတယ်။ ဒီလို မြင်လိုက်ရတော့လည်း ပိုပြီးအားရပါတယ်။

### ဉာဏထုတ်ကုန်

ခေတ်မီပြီး အဆင့်အတန်းမြင့်မားတဲ့ အခြေခံအဆောက်အဦတွေဟာ လူတွေရဲ့ ကြိုးစားအားထုတ်မှုနဲ့ တီထွင်ဖန်တီးနိုင်မှု စွမ်းရည်တွေကို ပိုမိုပြီး မြှင့်တင်ပေးစေပါတယ်။ နိုင်ငံတွေရဲ့ တိုးတက်မှုဖြစ်စဉ်တွေကို လေ့လာ ကြည့်ရင် လူ့စွမ်းအားအရင်းအမြစ်တွေကို အခြေခံတဲ့ ဉာဏထုတ်ကုန်တွေသာလျှင် ရေရှည်တည်တံ့တဲ့ ခေတ်မီဖွံ့ဖြိုးတိုးတက်မှုကို ထိန်းသိမ်းသွားနိုင်မှာကို တွေ့မြင်ရပါလိမ့်မယ်။

ကျွန်မတို့ ပြည်သူ ပြည်သားများရဲ့ အရည် အချင်းတွေကို မြှင့်တင်ပေးဖို့ ကျန်တဲ့ပံ့ပိုးမှု တွေကို လုပ်နေတာပါ။ ကျန်တဲ့နည်းတွေနဲ့ ဘယ်လိုပဲ ရုပ်ပိုင်းဆိုင်ရာ ပံ့ပိုးပေးပေး ကျွန်မ တို့ပြည်သူ ပြည်သားတွေရဲ့ အရည်အချင်းတွေ မတက်လာဘူးဆိုရင် ဒီပံ့ပိုးမှုတွေဟာ ခဏပါ ပဲ။ ရေရှည်ခိုင်မြဲတဲ့ ဖွံ့ဖြိုးတိုးတက်မှုကို ဖြစ်စေမှာ မဟုတ်ပါဘူး။

ထူးချွန်ထက်မြက်တဲ့ လူ့စွမ်းအားအရင်း အမြစ်ကို ထူထောင်နိုင်ဖို့ဆိုရင် ကျွန်မတို့ရဲ့ ပညာရေးကဏ္ဍဟာ အဓိကအခြေခံအုတ်မြစ် တစ်ခုပဲ ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်မတို့အစိုးရ အဖွဲ့အနေနဲ့ ပညာရေးကဏ္ဍ ပြုပြင်ပြောင်းလဲ ရေးအတွက် သင်ရိုးညွှန်းတမ်းတွေ၊ သင်ကြား ရေးစနစ်တွေ၊ သင်ထောက်ကူပစ္စည်းတွေ ခေတ်မီစေဖို့၊ ကျောင်းပရဝဏ်သာယာလှပရေး၊ ဆရာ ဆရာမတွေနဲ့ ပညာရေးဝန်ထမ်းတွေရဲ့ လူမှုဘဝမြင့်မားလာစေဖို့ အထူးအလေးထား ပြီး ဆောင်ရွက်ပေးလျက်ရှိပါတယ်။

အရည်အသွေးမြင့်မားပြီး ထူးချွန် ထက်မြက်တဲ့ ဆရာကောင်း၊ ဆရာမွန်တွေ ထွက်ပေါ်လာရေးဟာ ပညာရေးစနစ်နည်းတူ အရေးကြီးလှပါတယ်။ ပညာရေးနယ်ပယ် တိုးတက်မြင့်မားရေးကို အာရုံစိုက်ပြီး ဆောင်ရွက်နိုင်ဖို့အတွက် ဆရာ ဆရာမတွေ အတွက် နေချင်စဖွယ် ပတ်ဝန်းကျင်၊ အိမ်ရာ၊ လူနေမှုဘဝအခြေအနေတွေ တိုးတက်ကောင်း မွန်လာဖို့ ကျွန်မတို့အမြဲပဲအလေးအနက်ထား နည်းလမ်းတွေ ရှာနေပါတယ်။

စာမျက်နှာ ၄ သို့ *



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မင်းဓမ္မပညာ့ရိပ်သာ ဆရာများအိမ်ရာ၊ လှိုင်ပညာ့ရိပ်သာ ဝန်ထမ်းအိမ်ရာနှင့် သိပ္ပံပစ္စည်းစက်ရုံသစ် ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

✱ စာမျက်နှာ ၃ မှ

ဆရာ ဆရာမတွေအနေနဲ့လည်း ဆရာ ဆရာမဆိုတဲ့ဝေါဟာရကို လေးလေးနက်နက် စဉ်းစားစေချင်ပါတယ်။ ကျွန်မတို့က ငယ်ငယ်ကတည်းက ဆရာ ဆရာမလို့ ခေါ်လိုက်တဲ့အခါ ကျရင် လေးစားယုံကြည်မှု အပြည့်အဝ၊ မေတ္တာ အပြည့်အဝနဲ့ ဒီဝေါဟာရတွေကို သုံးတာပါ။ ဒီလိုလူငယ်များ၊ ကလေးများက လူကြီးဖြစ်လာတဲ့အတိုင်း ငယ်ငယ်တုန်းက ငယ်ဆရာတွေကို ဆရာ ဆရာမအနေနဲ့ လေးလေးစားစား ချစ်ချစ်ခင်ခင်ရှိကြတဲ့အတိုင်းပဲ ဆရာ ဆရာမတွေကလည်း ဒီလိုလေးစားချစ်ခင်မှုနဲ့ သင့်တော်အောင်နေဖို့ အင်မတန်မှအရေးကြီးပါတယ်။ ကျွန်မတို့ ဆရာ ဆရာမတွေဟာ ကိုယ်တစ်ယောက်တည်းအတွက် မဟုတ်ဘဲနဲ့ မျိုးဆက်တွေများစွာအတွက် အလုပ်လုပ်နေကြတဲ့ ပုဂ္ဂိုလ်များဖြစ်လို့ အစိုးရက ဘယ်လိုပဲ ပံ့ပိုးပံ့ပိုး နောက်ဆုံးကျတော့ ဆရာ ဆရာမတွေရဲ့ အတွင်းစိတ်က အင်အားသာလျှင် ကျွန်မတို့နိုင်ငံကို တကယ်အကျိုးပြုနိုင်မှာပါလို့ ကျွန်မ သတိပေးချင်ပါတယ်။

**ခေတ်မီ အဆောက်အဦတွေဖြစ်**

ဒီကနေ့ဖွင့်လှစ်တဲ့ မင်းဓမ္မပညာ့ရိပ်သာမှာ ဆရာ ဆရာမတွေအတွက် စတုရန်း ပေ ၁၂၀၀ ရှိတဲ့ အိမ်ခန်း ၇၉၈ ခန်း၊ စတုရန်းပေ ၈၀၀ ရှိတဲ့ အိမ်ခန်း ၁၁၂ ခန်း စုစုပေါင်း အိမ်ခန်း ၉၁၀ ပါတဲ့ ၁၂ ထပ်တိုက် ကိုးလုံး၊ ရှစ်ထပ်တိုက် နှစ်လုံး၊ ကားပါကင် အဆောက်အဦတွေ၊ ရေကူးကန်နဲ့ အားကစားခန်းမတွေ၊ Community Center တွေ ပါဝင်တဲ့အပြင် ဈေးအဆောက်အဦ နှစ်လုံး ပါဝင်နေတာကိုလည်း တွေ့ရှိရပါတယ်။ အဆောက်အဦတွေဟာလည်း အဆင့်မြင့်တဲ့ ခေတ်မီ အဆောက်အဦတွေ ဖြစ်ကြပါတယ်။

လှိုင်ပညာ့ရိပ်သာ ဝန်ထမ်းအိမ်ရာမှာတော့ ဆရာ ဆရာမတွေ နေထိုင်ဖို့အတွက် ဧရိယာ အကျယ်အဝန်း စတုရန်းပေ ၁၈၀၀၊ စတုရန်းပေ ၉၀၀၊ စတုရန်းပေ ၆၀၀ အသီးသီးရှိတဲ့ အိမ်ခန်းပေါင်း ၅၂၀ ပါဝင်တဲ့ ရှစ်ထပ်တိုက် ခုနစ်လုံးအနက်မှ လက်စသတ် ဆောက်လုပ်ပြီးစီးခဲ့ပြီးဖြစ်တဲ့ ရှစ်ထပ်တိုက် သုံးလုံးမှ အိမ်ခန်းပေါင်း ၁၈၄ ခန်း၊ လေးထပ် Community Center တစ်လုံးနဲ့ မြေအောက်ထပ်ပါ ပါရှိတဲ့ သုံးထပ်သိပ္ပံပစ္စည်းစက်ရုံတို့ကို ဖွင့်လှစ်တာလည်း ဖြစ်ပါတယ်။

ပါရမီပညာ့ရိပ်သာ(၁)မှာတော့ စတုရန်းပေ ၃၆၀၀ ရှိတဲ့ အိမ်ခန်း ၁၀ ခန်းပါဝင်တဲ့ နှစ်ခန်းတွဲ ငါးထပ်တိုက် တစ်လုံးနဲ့ သင်တန်းကျောင်းများအဖြစ်အသုံးပြုဖို့ နှစ်ထပ်ခွဲ အဆောက်အဦ နှစ်လုံးဟာလည်း ပြီးစီးခဲ့ပြီး ဖြစ်ပါတယ်။

**ပြေးမှတော်ရုံကျ**

ဒီကနေ့မှာ ဆရာ ဆရာမတွေနဲ့ ပညာရေးဝန်ထမ်းတွေအတွက် နိုင်ငံတကာ အဆင့်မီ အိမ်ခန်းပေါင်း ၁၁၀၄ ခန်းနဲ့ အများသုံး အထောက်အကူပြု အဆောက်အဦတွေ ပါဝင်တဲ့ အိမ်ရာဝင်းများကို တည်ဆောက်ပြီးစီးလို့ ဖွင့်လှစ်ခဲ့တာလည်း ဖြစ်ပါတယ်။ ကျွန်မတို့ အတွက် အများကြီးလိုအပ်မှုတွေလည်း ရှိနေပါသေးတယ်။ ကြည့်လိုက်ရင်တော့ သိပ်များသလိုပဲ။ ကျွန်မတို့နိုင်ငံဟာ ဖွံ့ဖြိုးမှုမှာ နောက်ကျနေခဲ့တဲ့ နိုင်ငံဆိုတော့ ဆက်ပြီးတော့လုပ်စရာတွေ အများကြီးရှိပါတယ်။ စစ်ပြီးခေတ်တုန်းက ဖေဖေတို့ ပြောခဲ့တဲ့စကားက အခုထိမှန်နေတယ်။ တစ်နည်းအားဖြင့်ပြောရရင် ဝမ်းနည်းစရာ ကောင်းပါတယ်။ တခြားနိုင်ငံတွေ လမ်းလျှောက်နေတဲ့အချိန်မှာ ကျွန်မတို့နိုင်ငံက ပြေးမှအတော်ရယ်တဲ့။ အခုလည်း ဒီအတိုင်းပဲ ဖြစ်နေတာ။ တစ်ကမ္ဘာလုံးမှာတင်မကဘူး။ ကျွန်မတို့ရဲ့ဒေသမှာ အရှေ့တောင်အာရှမှာတောင် တခြားနိုင်ငံတွေ လမ်းလျှောက်နေတဲ့ အချိန်မှာ ကျွန်မတို့ ပြေးမှတော်ရုံကျမှာပါ။

ဆက်လက်ပြီးတော့ ကျန်ရှိနေသေးတဲ့ ရှစ်ထပ်တိုက် လေးလုံး၊ ၁၂ ထပ်တိုက် ၁၁ လုံးမှ အိမ်ခန်းပေါင်း ၁၂၈၆ ခန်းကိုလည်း သတ်မှတ်ထားတဲ့အတိုင်း ၂၀၂၀ ပြည့်နှစ်နဲ့ ၂၀၂၁ ခုနှစ်တွေမှာ အပ်နှံနိုင်ရေးအတွက် သက်ဆိုင်ရာ အစိုးရဌာနတွေနဲ့ Myanmar Imperial Vega



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ထံ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်က မင်းဓမ္မပညာ့ရိပ်သာအပ်နှံမှုအထိမ်းအမှတ် မှတ်တမ်းဓာတ်ပုံကို ပေးအပ်စဉ်။ သတင်းစဉ်

- **ကျွန်မတို့ ဝန်ထမ်းတွေ ဆရာ ဆရာမတွေရဲ့ နှလုံးသားထဲမှာ စွန့်စားချင်တဲ့ စိတ်ဓာတ်၊ ပေးဆပ်ချင်တဲ့ စိတ်ဓာတ်တွေနဲ့ ပြည့်ဝစေချင်တယ်။**
- **အဲဒီလို အေးအေးဆေးဆေး လုံလုံခြုံခြုံ လွယ်လွယ်ကူကူ မနေနိုင်တဲ့နေရာတွေမှာ စွန့်စားပြီးတော့ ငါတို့ရဲ့ ကလေးတွေ ငါတို့ရဲ့ ကျောင်းသားလေးတွေကို ဖွံ့ဖြိုးတိုးတက်အောင်လို့ သင်ပေးချင်တယ်ဆိုတဲ့ စိတ်ဓာတ်တွေကိုလည်း မွေးစေချင်ပါတယ်။**

ကုမ္ပဏီတို့က အချိန်မီပြီးစီးအောင် ကြိုးစားဆောင်ရွက်ပေးကြ စေချင်ပါတယ်။

**စိတ်အေးချမ်းသာစွာ နေထိုင်နိုင်**

ယနေ့ဖွင့်လှစ်တဲ့ ဆရာ ဆရာမတွေ အိမ်ရာ၊ ပညာရေးဝန်ထမ်းတွေ အိမ်ရာနဲ့ သင်ထောက်ကူပစ္စည်းထုတ်လုပ်တဲ့ စက်ရုံသစ်တို့ဟာ အဆင့်အတန်းမြင့်မားတဲ့ အိမ်ရာ အဆောက်အဦများဖြစ်တာကြောင့် ဆရာ ဆရာမတွေနဲ့ ပညာရေးဝန်ထမ်းတွေအနေနဲ့ နေရေး၊ ထိုင်ရေး အဆင်ပြေရုံသာမကဘဲ လူနေမှုအဆင့်အတန်း မြင့်မြင့်မားမားနဲ့ သိက္ခာရှိရှိ နေထိုင်နိုင်ကြတော့မှာ ဖြစ်ပါတယ်။ နေရေး၊ထိုင်ရေးနဲ့ပတ်သက်ပြီး တောင့်တစရာ၊ ကြောင့်ကြစရာ၊ စိုးရိမ်ပူပန်စရာတွေ မလိုတော့တဲ့အပြင် အဆင့်မြင့်အိမ်ရာဝင်းစနစ်လည်း ဖြစ်တာကြောင့် လုံခြုံရေးကအစ စိတ်ချလက်ချ၊ စိတ်အေးချမ်းသာစွာ နေထိုင်နိုင်ကြရမှာ ဖြစ်ပါတယ်။

ခေတ်မီ၊ သန့်ရှင်း၊ ကောင်းမွန်၊လုံခြုံတဲ့ အခုလိုအိမ်ရာမှာ နေထိုင်ကြမယ့် ကျွန်မတို့ ဆရာ ဆရာမတွေ၊ ပညာရေးဝန်ထမ်းတွေ အနေနဲ့လည်း မိမိတို့နေထိုင်ရာ၊ မိမိတို့ရဲ့ အဆင့်မြင့်အိမ်ရာ အစဉ်အမြဲသန့်ရှင်းသာယာ လှပစေဖို့အတွက် စည်းကမ်းရှိရှိ၊ ဂုဏ်သိက္ခာ ရှိရှိ အဆင့်အတန်းမြင့်မြင့် နေထိုင်ထိန်းသိမ်းသွားကြဖို့ တိုက်တွန်းပြောကြားလိုပါတယ်။

ကျွန်မတို့နိုင်ငံမှာ ဆရာ ဆရာမ ဝန်ထမ်းကောင်းတွေ လိုနေပါတယ်။ ကျွန်မတို့ ဝန်ထမ်းတွေ ဆရာ ဆရာမတွေရဲ့ နှလုံးသားထဲမှာ စွန့်စားချင်တဲ့ စိတ်ဓာတ်၊ ပေးဆပ်ချင်တဲ့ စိတ်ဓာတ်တွေနဲ့ ပြည့်ဝစေချင်တယ်။ ဒီလို ရန်ကုန်က အိမ်ရာတွေက ကောင်းတယ်။ ရန်ကုန်မှာဆိုရင် ကောင်းကောင်းမွန်မွန် နေနိုင်တယ်။ အေးအေးဆေးဆေး နေနိုင်တယ်။ လုံလုံခြုံခြုံနေနိုင်တယ်ဆိုလို့ကို အဲဒီလို အေးအေးဆေးဆေး လုံလုံခြုံခြုံ လွယ်လွယ်ကူကူ မနေနိုင်တဲ့နေရာတွေမှာ စွန့်စားပြီးတော့ ငါတို့ရဲ့ ကလေးတွေ ငါတို့ရဲ့ကျောင်းသားလေးတွေကို ဖွံ့ဖြိုးတိုးတက်အောင်လို့ သင်ပေးချင်တယ်ဆိုတဲ့ စိတ်ဓာတ်တွေကိုလည်း မွေးစေချင်ပါတယ်။ အဲဒီအတွက် စိတ်ပူတယ်။ သိပ်ပြီး အားလုံးကောင်းနေရင် ရန်ကုန်ချည်းပဲ လာချင်တယ် ဖြစ်နေမှာစိုးလို့။ တကယ်တော့ နယ်က ပြည်သူ ပြည်သားများဟာ ဆရာ ဆရာမများကို အင်မတန်မှ လေးစားပါတယ်။ ချစ်ခင်ပါတယ်။ အဲဒီမှာနေပြီး အဲဒီက ပြည်သူတွေ လေးစားချစ်ခင်မှုကို ခံစားပြီးရင် ဒီဟာတွေနဲ့ ဘယ်တိုက်တာမှ ယှဉ်လို့မရဘူးဆိုတာ နားလည်ကြလိမ့်မယ်လို့ ကျွန်မတို့ ယုံကြည်ပါတယ်။

**တတ်နိုင်သမျှ ကြိုးစားလုပ်နေ**

တစ်ချိန်က ကျွန်မတို့လိုပဲ ဖွံ့ဖြိုးဆဲနိုင်ငံ အဖြစ် ရုန်းကန်ခဲ့ရတဲ့ နိုင်ငံတွေရဲ့ အောင်မြင်မှု ဖြစ်စဉ်တွေကို လေ့လာကြည့်ရင် "တဲပေါ်ကနေ တိုက်ပေါ်သို့" အဆင့်မြှင့်တင်ပေးနိုင်ခဲ့တာတွေလည်း ပါဝင်နေတာ တွေ့ရှိရပါတယ်။ ပြည်သူတွေရဲ့ လူနေမှုဘဝကို မြှင့်တင်ပေးနိုင်ခြင်းအားဖြင့် စိတ်ဓာတ်၊ စည်းကမ်း၊ အရည်အချင်းတွေကို တစ်ဖက်တစ်လမ်းက မြှင့်တင်ပေးရာ ရောက်ပါတယ်။ ဒါ့ကြောင့်လည်းပဲ ကျွန်မတို့ အစိုးရလက်ထက်မှာ ဦးစားပေးလုပ်ငန်းစဉ်တစ်ရပ်အနေနဲ့ နိုင်ငံအနှံ့အပြားမှာ ဝန်ထမ်းအိမ်ရာတွေ တိုးချဲ့တည်ဆောက်ပေးနေတာ ဖြစ်ပါတယ်။ အလားတူ လုပ်သက်ပြည့်လို့ အသက်ပြည့်လို့ ပင်စင်ယူ၊ အငြိမ်းစားယူသွားရတော့မယ့် ကျွန်မတို့ရဲ့ ဝန်ထမ်းတွေ မပူမပင်၊ မကြောင့်မကြဘဲ နေထိုင်နိုင်စေဖို့ ရည်မှန်းပြီး ပင်စင်စားအိမ်ရာတွေလည်း တိုးချဲ့တည်ဆောက်ပေးလျက်ရှိပါတယ်။ အားလုံး ပြည့်စုံပြီလားမေးရင် အလုံးစုံပြီးပြည့်စုံခြင်းတော့ မရှိသေးပါဘူး။ ကျွန်မတို့ တတ်နိုင်သမျှ ကြိုးစားလုပ်နေတာ ဖြစ်ပါတယ်။

ကျန်းမာရေးဘက်က ဆိုရင်လည်း ဒေါက်တာမြင့်ထွေးနဲ့ ခဏခဏ တိုင်ပင်ပါတယ်။ ကျွန်မတို့ နယ်မှာသွားပြီး အလုပ်လုပ်တဲ့ ဆရာဝန်လေးတွေအတွက် လိုအပ်တာက အိမ်ရာပါပဲ။ ကောင်းကောင်းမွန်မွန် အိမ်ရာလေးတွေနဲ့ နေချင်တယ်။ တစ်နေ့လုံး ပင်ပင်ပန်းပန်း အလုပ်လုပ်ပြီးတဲ့အခါကျရင် လုံခြုံတဲ့ အိမ်လေးကို ပြန်ချင်တယ်။ အဲဒီအိမ်လေးမှာ အပန်းဖြေချင်တယ်။ ဒီလိုစိတ်ဓာတ်တွေက အင်မတန်မှ သဘာဝကျပါတယ်။ ဒါကြောင့် ဝန်ထမ်းအိမ်ရာတွေဆိုတာ၊ ဝန်ထမ်းဆိုတာ ဆရာ ဆရာမတွေရော၊ ဌာနအသီးသီးက ဝန်ထမ်းတွေရော၊ ဆရာဝန်တွေ၊ ကျန်းမာရေး ဝန်ထမ်းတွေရော အားလုံး ကောင်းကောင်းမွန်မွန်နဲ့ လုံလုံခြုံခြုံနေနိုင်ဖို့ ကြိုးစားပါတယ်။ ကြိုးစားတဲ့အလျောက်လည်း တစ်နေ့ထက်တစ်နေ့ ပိုတိုးတက်လာပါတယ်။ ဒီကြားထဲမှာတော့ အားလုံးက စိတ်ဓာတ်ကိုရှေ့တန်းတင်ပြီးတော့ အခက်အခဲတွေ ရင်ဆိုင်ကျော်လွှားသွားဖို့ကိုတော့ ကျွန်မအနေနဲ့ အသိပေးချင်ပါတယ်။

**တိုးချဲ့တည်ဆောက်ပေးလျက်ရှိ**

တစ်ချိန်တည်းမှာပဲ တိုင်းဒေသကြီးများနဲ့ ပြည်နယ်အသီးသီးမှာရှိတဲ့ စာသင်ကျောင်းတွေ၊ တက္ကသိုလ်တွေမှာ တာဝန်ထမ်းဆောင်နေကြတဲ့ ဆရာ ဆရာမတွေ၊ ပညာရေးဝန်ထမ်းတွေရဲ့ နေထိုင်ရေး လိုအပ်ချက်တွေကိုလည်း ကျွန်မတို့အစိုးရအနေနဲ့ နည်းလမ်းအမျိုးမျိုး ရှာဖွေပြီး တစ်ဆင့်ပြီးတစ်ဆင့် မြင့်တက်လာအောင် ကြိုးပမ်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ နိုင်ငံတော်ရဲ့ ဘဏ္ဍာငွေကြေး အနေအထားအရ တစ်နိုင်ငံလုံး လွှမ်းခြုံပြီး တစ်ပြိုင်နက်တည်း ဆောင်ရွက်ပေးနိုင်မှာတော့ မဟုတ်သေးပါဘူး။ ဒါပေမယ့် ခေတ်မီအဆင့်မြင့် ဝန်ထမ်းအိမ်ရာစနစ်တွေကို ပုဂ္ဂလိကကဏ္ဍရဲ့ ပူးပေါင်းပါဝင်မှု၊ ပြည်တွင်း ပြည်ပ ရင်းနှီးမြှုပ်နှံမှုတွေနဲ့ တဖြည်းဖြည်းချင်း တိုးချဲ့တည်ဆောက်ပေးလျက်ရှိပါကြောင်း အသိပေး ပြောကြားချင်ပါတယ်။

ကျွန်မတို့ အစိုးရနဲ့အတူတူ ပူးပေါင်းဆောင်ရွက်ပြီးတော့ ကျွန်မတို့နိုင်ငံ တိုးတက်ရေးအတွက် လုပ်ပေးနေတဲ့ ပုဂ္ဂလိကလုပ်ငန်းရှင်တွေအားလုံးကိုလည်း ကျေးဇူးတင်ပါတယ်။ ကျွန်မစီးပွားရေးလုပ်ငန်းရှင်တွေကို ချမ်းသာစေချင်ပါတယ်။ အောင်မြင်စေချင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ တစ်နည်းအားဖြင့်ပြောရရင် ဟိုးရှေးရှေးတုန်းကတော့ နိုင်ငံဝမ်းဗိုက်ဆိုတဲ့ စီးပွားရေးလုပ်ငန်းရှင်တွေဆိုတာ တစ်နည်းအားဖြင့် ခုခေတ်မှာလည်း နိုင်ငံဝမ်းဗိုက်ပါပဲ။ ဒါကြောင့်မို့ စီးပွားရေးလုပ်ငန်းရှင်များ အောင်မြင်တာကို ကျွန်မတို့က မုဒိတာပွားပါတယ်။ အောင်မြင်စေချင်တယ်။ ချမ်းသာစေချင်တယ်။ တိုးတက်စေချင်တယ်။ အဲ့ဒီ အောင်မြင်မှုတွေ၊ ချမ်းသာမှုတွေ၊ တိုးတက်မှုတွေကိုလည်း နိုင်ငံအတွက်လည်း အသုံးပြုစေချင်တယ်။ ပရဟိတ၊ အတ္တဟိတ ကိုယ့်အတွက်ကိုယ်သုံးတာကို အပြစ်မရှာပါဘူး။ ကိုယ့်ချွေးနဲစာနဲ့ မှန်မှန်ကန်ကန်လုပ်ပြီး ရလာတဲ့ ကိုယ့်ချမ်းသာမှုကို ကိုယ့်အနေနဲ့ သုံးစွဲချင်တာ ဒါဟာ အမှားမဟုတ်ပါဘူး။ သို့သော်ငြားလည်း ကျွန်မတို့နိုင်ငံမှာ မျှဝေပြီးတော့ ခံစားတဲ့ စိတ်ဓာတ်လေး ရှိစေချင်တယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မတို့ရဲ့ အခြေခံ အားသာချက် ဖြစ်ပါတယ်။ အများလည်း သိပြီးသားဖြစ်မှာပါ။ ကျွန်မတို့နိုင်ငံက ပြည်သူပြည်သားများဟာ ကမ္ဘာပေါ်မှာ အရက်ရောဆုံး ပြည်သူ ပြည်သားတွေဆိုပြီး သတ်မှတ်ခြင်းခံရပါတယ်။ ဒါပေမယ့် ကျွန်မတို့နိုင်ငံက ကမ္ဘာပေါ်မှာ မဖွံ့ဖြိုးဆုံးနိုင်ငံတွေထဲက တစ်ခုပါပဲ။ ဒီလိုဖွံ့ဖြိုးမှုနည်းပါးပြီးတော့ ရုပ်ပိုင်းဆိုင်ရာ ချမ်းသာကြွယ်ဝမှုနည်းပါးသော်လည်း ကျွန်မတို့ရဲ့ စိတ်ဓာတ်ပိုင်းဆိုင်ရာ ချမ်းသာကြွယ်ဝမှုကြောင့် ဒီလို အရက်ရောဆုံးနိုင်ငံ၊ အရက်ရောဆုံး ပြည်သူ ပြည်သားတွေဆိုတဲ့ အဆင့်ကို ကျွန်မတို့ကို အားလုံးက အသိအမှတ်ပြုရပါတယ်။

**သေချာဆုပ်ကိုင်ထား**

ကျွန်မတို့ ချမ်းသာကြွယ်ဝလာတာနဲ့အမျှ ရုပ်ပိုင်းဆိုင်ရာတိုးတက်ပြီးတော့ အင်အားကောင်းလာတာနဲ့အမျှ ဒီအခွင့်ကောင်းတွေနဲ့ စိတ်ဓာတ်ရေးရာ အချက်အလက်လေးတွေကို မမေ့ပါနဲ့။ အဲဒါတွေကို မစွန့်လွှတ်ပါနဲ့။ ဒါတွေကို ကျွန်မတို့ သေချာဆုပ်ကိုင်ထားပါ။ ကိုယ်ပိုပြီးတော့ ချမ်းသာကြွယ်ဝလာတာနဲ့အမျှ ကိုယ့်ရဲ့ ရက်ရောတဲ့စိတ်ဓာတ်၊ ကိုယ့်ရဲ့ မျှဝေချင်တဲ့စိတ်ဓာတ်၊ ကိုယ့်ရဲ့ကရုဏာမေတ္တာထားတတ်တဲ့စိတ်ဓာတ်ဟာလည်း ပိုပြီးတော့ အင်အားရှိလာအောင် လုပ်စေချင်ပါတယ်။ အဲ့ဒီလိုသာ လုပ်မယ်ဆိုရင် ကျွန်မတို့နိုင်ငံဟာ ကမ္ဘာကြီးမှာ တခြားနိုင်ငံတွေနဲ့မတူဘဲ ထူးထူးခြားခြား လူတွေအတွက် စိတ်လုံခြုံရာ တိုင်းပြည်တစ်ခု ဖြစ်လာမှာပါ။ ဒါကြောင့် ကျွန်မတို့ ကြိုးစားစေချင်တယ်။ ကျွန်မတို့ ဘယ်လိုပဲ စိန်ခေါ်မှုတွေ ရင်ဆိုင်ရ ရင်ဆိုင်ရ အခက်အခဲတွေ ဘယ်လိုပဲ ရင်ဆိုင်ရ ရင်ဆိုင်ရ ကျွန်မတို့ရဲ့စိတ်ဓာတ်ရေးရာ ပိုမိုမြင့်မားလာအောင်လို့ လေ့ကျင့်ပေးတာပဲဆိုပြီး ခံယူပြီးတော့ စိတ်ဓာတ်မကျဘဲ ပိုမိုပြီးကြိုးစားကြပါလို့ ကျွန်မအနေနဲ့ တိုက်တွန်းချင်ပါတယ်။

နိဂုံးချုပ်အနေနဲ့ မြန်မာ့ပညာရေးကဏ္ဍမှာ အဘက်ဘက်က စနစ်တကျနဲ့ ဖွံ့ဖြိုးတိုးတက်လာစေဖို့နဲ့ ဆရာ ဆရာမတွေ၊ ပညာရေးဝန်ထမ်းတွေရဲ့ လူမှုဘဝတွေ အဆင့်မြင့်မားလာစေဖို့အတွက် ကျွန်မတို့အစိုးရက နည်းမျိုးစုံနဲ့ ကြိုးပမ်းအားထုတ်နေပါတယ်။ ကျွန်မတို့ရဲ့ ဆရာ ဆရာမတွေ၊ ပညာရေးဝန်ထမ်းတွေကလည်း ကျွန်မတို့နိုင်ငံရဲ့ ပညာရေးအဆင့်အတန်း မြင့်မားလာစေဖို့ အစွမ်းရှိသမျှ ကြိုးစားအားထုတ်စေချင်ပါတယ်။ ခေတ်မီနိုင်ငံ၊ ဖွံ့ဖြိုးတဲ့နိုင်ငံ ဖြစ်ထွန်းပေါ်ပေါက်လာအောင် ကျွန်မတို့အားလုံး အတူတကွ ကြိုးပမ်းအားထုတ်နေတယ်ဆိုတာ အားလုံးသိပြီးသား ဖြစ်ပါတယ်။ တိုးတက်ဖို့အတွက် အားလုံးဝိုင်းပြီး ကူညီပေးကြပါ။ ရုပ်ပိုင်းဆိုင်ရာရော၊ စိတ်ပိုင်းဆိုင်ရာရော ကျွန်မတို့နိုင်ငံက၊ ကျွန်မတို့ပြည်သူတွေက ရည်မှန်းချက်ကြီးဖို့လိုပါတယ်။ ကျွန်မတို့နိုင်ငံက တခြားနိုင်ငံတွေနဲ့မတူတဲ့ ပုံစံမျိုးနဲ့ တိုးတက်နိုင်မယ်ဆိုတဲ့ ယုံကြည်ချက်ရှိရမယ်။ ယုံကြည်ချက်တစ်ခုတည်းရှိလို့မရဘူး။ ဒီယုံကြည်ချက်အပေါ်မှာ အခြေခံပြီးတော့ ဝါယမစိုက်ထုတ်ရမယ်။ ကြိုးစားရမယ်။ အားထုတ်ရမယ်။ အပင်ပန်းခံရမယ်။ အပင်ပန်းခံရတာကို မကြောက်ပါနဲ့။ ကိုယ့်ကျန်းမာရေးကောင်းဖို့အတွက်ရော၊ ကိုယ့်နိုင်ငံကောင်းဖို့အတွက်ရော အလုပ်လုပ်ကြပါလို့ ကျွန်မတိုက်တွန်းရင်း နိဂုံးချုပ်ပါတယ်။ ကျေးဇူးတင်ပါတယ်"ဟု ပြောကြားသည်။

**စာမျက်နှာ ၆ သို့ »»**

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဟေမန္တပန်းချီပြပွဲ တက်ရောက်ကြည့်ရှုအားပေး


နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဟေမန္တပန်းချီပြပွဲဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၂၆**
နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့ နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ ကမ်းနားလမ်းရှိ Strand Hotel ၌ ကျင်းပသည့် ဟေမန္တပန်းချီပြပွဲသို့ တက်ရောက်ကြည့်ရှုအားပေးပြီး အမှာစကားပြောကြားသည်။

ဟေမန္တပန်းချီပြပွဲသို့ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အတူ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသူနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ကြည့်ရှုအားပေး**

ရှေးဦးစွာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ပြခန်းအတွင်း ခင်းကျင်းပြသထားသည့် ပန်းချီကားများကို လှည့်လည်ကြည့်ရှုအားပေးရာ ပန်းချီပညာရှင်ကြီးများ၊ ပန်းချီဆရာ ဆရာမများက ၎င်းတို့၏ ပန်းချီကားများနှင့်အတူ မိတ်ဆက်ရှင်းလင်းပြသကြသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က အမှာစကားပြောကြားရာတွင် "ကျွန်မ ဒီမှာလာပြီး စကားပြောဖို့ လုံးဝ မစဉ်းစားခဲ့ပါဘူး။ ဒီလိုပန်းချီပြပွဲ တစ်ခုလာတယ်ဆိုတာ ပန်းချီတွေကို ကြည့်ဖို့ပါပဲ။ ကျွန်မတို့က ပန်းချီကားတွေကို ကြည့်ပြီးတော့ ခံစားရတဲ့သူ အနေနဲ့ ဟိုဟာပြော၊ ဒီဟာပြောဆိုရင် မသင့်တော်ဘူးလို့ ထင်ပါတယ်။ ဒါပေမယ့် ကျွန်မစိတ်ထဲမှာ ဖြစ်လာတာလေးကို ပြောချင်ပါတယ်။

**အတော်ဆုံးလို့မြင်**

ပထမ ကျွန်မလည်း နည်းနည်း ပါးပါး မျက်နှာလိုက်တဲ့ သဘောရှိလား၊ ဓမ္မဓိဋ္ဌာန်ကျကျမြင်တာ ဟုတ်မှ ဟုတ်ရဲ့လားပေါ့နော်။ ကျွန်မတို့ရဲ့နိုင်ငံက ပန်းချီဆရာတွေဟာ အရှေ့တောင်အာရှမှာ အတော်ဆုံးလို့ မြင်ပါတယ်။ ကျွန်မမျက်စိထဲမှာ အရှေ့တောင်အာရှ ပန်းချီဆရာတွေထဲမှာ ကျွန်မတို့ ပန်းချီဆရာတွေ ရေးဆွဲတဲ့ပန်းချီကားတွေက ပိုပြီးအဓိပ္ပာယ်ရှိတယ်။ လှလည်း လှတယ်ပေါ့နော်။ လှတယ်ဆိုတာကို ကျွန်မပြောချင်ပါတယ်။ တချို့တွေက အနုပညာနဲ့ပတ်သက်ပြီး လှဖို့မလိုဘူးလို့ ပြောတဲ့သူတွေလည်း ရှိပါတယ်။ အဲဒါကို ကျွန်မ သဘောမတူပါဘူး။ အနုပညာဆိုတာ လှဖို့လုပ်တာ၊ လှတာ အပြစ်မဟုတ်ဘူး။ မလှတာလည်း အပြစ်မဟုတ်ဘူး။ သူ့ရဲ့အဓိပ္ပာယ်နဲ့ သူရှိပါတယ်။ ဒါပေမယ့် ကျွန်မတို့ တချို့ပန်းချီကားတွေ ကြည့်လိုက်တဲ့ အခါ လှလိုက်တာဆိုပြီး ခံစားရတာကိုက အင်မတန်မှ တန်ဖိုးရှိပါတယ်။ စိတ်ထဲမှာ အေးတယ်ပေါ့။ အလှကို လူတွေက ကြိုက်ကြတယ်။ ဘာဖြစ်လို့ အလှကို ကြိုက်သလဲဆိုတော့ စိတ်ကို အေးချမ်းတဲ့အပြင် တည်ငြိမ်စေပါတယ်။

ဒါပေမယ့် ကျွန်မတို့ ကမ္ဘာကြီး အပေါ်မှာ ယုံကြည်မှု ရှိစေချင်ပါတယ်။ ဒီကမ္ဘာကြီးကြောင့် ဒီလိုအလှအပတွေ ရှိတာပါ။ ဒီလိုအလှအပတွေရှိတဲ့ ကမ္ဘာကြီးဆိုတာ စိတ်ပျက်စရာ၊ မျှော်လင့်ချက်ကုန်စရာ ကမ္ဘာကြီး မဟုတ်ဘူးဆိုတဲ့ အတွေးအခေါ်တွေ ဖြစ်စေပါတယ်။ ဒါကြောင့်မို့ လှတယ်လို့ပြောတာပါ။ တချို့အနုပညာရှင်တွေက လှတယ်လို့ပြောရင် မကြိုက်ဘူးပေါ့နော်။ လှတယ်ဆိုတာ နည်းနည်း အဆင့်နိမ့်တဲ့ အမြင်နဲ့ မြင်တယ်ပေါ့။ ဒါပေမယ့် ကျွန်မကတော့ ပြောရမှာပဲ။ တချို့ပန်းချီတွေက အင်မတန်လှတာ ကြည့်လိုက်တာနဲ့ ကျွန်မ စိတ်အေးတယ်။ ဆက်ပြီးတော့ ကြည့်ချင်တယ်။


နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ခင်းကျင်းပြသထားသည့် ပန်းချီကားများကို လှည့်လည်ကြည့်ရှုစဉ်။

**အနုပညာရဲ့စွမ်းအား**

ဥပမာ ပထမဦးဆုံး ကျွန်မဖြစ်ပျက်ခဲ့တဲ့ အတွေ့အကြုံကို ပြောရမယ်ဆိုရင် အနုပညာနဲ့ပတ်သက်ပြီး ပထမဦးဆုံး ဂီတပညာရှင်ကြီးတစ်ဦးရဲ့ တေးသွားလေးတစ်ခုကို ကြားဖူးတာပါ။ ကျွန်မ အိမ်အပြင်ထွက်တော့မယ့်အချိန်၊ အဲဒီအချိန်မှာ ရေဒီယိုကနေပြီး အဲဒီတေးသွားလေးက လာတယ်။ လာတဲ့အခါကျတော့ ကျွန်မ ထွက်လို့မရတော့ဘူး။ အဲဒီသီချင်း မပြီးမချင်း ထွက်လို့မရဘူးဆိုတဲ့စိတ် ဖြစ်လာပါတယ်။ အဲဒါ ပထမဦးဆုံး ကျွန်မ တေးသွားတစ်ခုနဲ့ပတ်သက်လို့ ဖြစ်ဖူးတာပါ။ ဒီဟာကို မပြီးမချင်း ကျွန်မ ဘယ်လိုမှ သွားလို့မရပါဘူး။ ဟိုဘက်မှာ နောက်ကျရင် နောက်ကျပါစေ၊ နောက်မှပြေးမယ်၊ ပြီးအောင် နားထောင်မှာပဲဆိုပြီး ဆက်ပြီး ပြီးအောင်နားထောင်ပါတယ်။ အဲဒါ အနုပညာရဲ့ စွမ်းအားပဲလို့ ကျွန်မ မြင်ပါတယ်။

**စာမျက်နှာ ၆ သို့ ○**



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပန်းချီပညာရှင်ကြီးများ၊ ပန်းချီဆရာ ဆရာမများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

○ စာမျက်နှာ ၅ မှ

ပန်းချီလည်း ဒီလိုပါပဲ။ အချိန်မရှိတော့ဘူး၊ မြန်မြန်လုပ်၊ မြန်မြန်လုပ်၊ မြန်မြန်လုပ်ဆိုပြီး တစ်ချိန်လုံး နောက်က ပြောပါတယ်။ ဒါပေမယ့် တချို့ပန်းချီတွေက ဒီလိုပဲ ကြည့်ပြီး ထွက်သွားလို့ ရတာမျိုး မဟုတ်ပါဘူး။ ဒါကိုက အနုပညာရဲ့ အင်အားပါ။ ကျွန်မ ပန်းချီဆွဲတာ ဝါသနာပါတယ်။ ဆွဲတာဝါသနာပါတာက ပါရမီရှိလို့လည်း မဟုတ်ဘူး။ တော်လို့လည်း မဟုတ်ဘူး။ ဒါပေမယ့် ဝါသနာပါလို့ပါ။ နောက်ပြီး ကျွန်မ ရေဆေးပန်းချီကို ဆွဲတာဝါသနာပါတယ်။ ရေဆေးပန်းချီဆွဲပြီဆိုရင် ကျွန်မစိတ်ထဲမှာ ခံစားရတာက တရားမှတ်သလိုပါပဲ။ စိတ်ငြိမ်နေတယ်။ တခြား ဘာမှမစဉ်းစားနိုင်ဘူး။ ရေဆေးပန်းချီကိုဆွဲရာကနေ ရပ်လိုက်တဲ့အခါမှာ တခြားဘာကိုမှ မတွေးမိပါလား ဆိုတာကို ကျွန်မသဘောပေါက်တယ်။ ဘာဆိုဘာမှ တခြားဟာကို မတွေးဖြစ်ဘူး။ ဒီ ရေဆေးပန်းချီဆွဲနေတဲ့ဟာကို စုတ်တံလေးရဲ့ လှုပ်ရှားမှု တစ်ခုချင်း၊ တစ်ခုချင်းဆေးထဲကို၊ ရေထဲကို စုတ်တံလေးကို ထည့်လိုက် ပန်းချီကို ဆွဲလိုက်၊ အဲဒီဟာကလွဲလို့ ခေါင်းထဲမှာ ဘာမှမရှိဘူး။ အဲဒီလောက်ငြိမ်သက်မှုကို တရားမှတ်တဲ့အခါမှာပဲ ရဖူးပါတယ်။ တရားမှတ်တာက နည်းနည်းလေး ပိုခက်ပါတယ်။ အဲဒီအဆင့်ထိ ရောက်ဖို့ ပိုပြီးခက်ပါတယ်။ ဒါပေမယ့် ရေဆေးပန်းချီဆွဲပြီဆိုရင် တစ်ခါတည်း စိတ်က လုံးဝ အဲဒီထဲကိုပဲ ရောက်သွားပါတယ်။ ပန်းချီကားတွေကို ကြည့်လိုက်လို့ရှိရင် ဒီလိုပါပဲ။ တချို့ပန်းချီကားတွေဆိုရင် ကျွန်မ အသေးစိတ်ရပ်ပြီး ကြည့်ချင်ပါတယ်။ နောက်က ဂျီကျနေတော့ ရပ်ပြီး ကြည့်ချိန်မရပါဘူး။

ကျွန်မအနေနဲ့ ပန်းချီအနုပညာရှင်တွေနဲ့ ပန်းချီ ဆရာ ဆရာမတွေကို ကျေးဇူးတင်ပါတယ်လို့ ပြောချင်ပါတယ်။ ကျေးဇူးတင်တယ်ဆိုတာ ကျွန်မတို့ နိုင်ငံရဲ့ အလှတွေကို ဖန်တီးပေးတာကို ကျေးဇူးတင်တာပါ။ ကျွန်မတို့ နိုင်ငံရဲ့အလှအပတွေကိုထုတ်ဖော်ပြပေးတာကို ကျေးဇူးတင်ပါတယ်။ ဒါထက်ပိုပြီး အရေးကြီးတာက ကျွန်မတို့နိုင်ငံရဲ့ အလှအပတွေကို လူတိုင်းခံစားလို့ရအောင် မမြင်ဘဲနဲ့လည်း ဖော်ပြလို့မရပါဘူး။ မမြင်ဘဲနဲ့လည်း အများခံစားရအောင် လုပ်ယူလို့မရပါဘူး။

**ယုံကြည်မှုပိုရှိလာ**

ကျွန်မတို့နိုင်ငံမှာ စိန်ခေါ်ရတဲ့ ကိစ္စတွေများလေ ကျွန်မက နိုင်ငံပေါ်မှာ ပိုပြီး ယုံကြည်မှုရှိလေပါပဲ။ တချို့က ပြောင်းပြန်မြင်တယ်ပေါ့နော်။ ပြဿနာတွေ ရှိတယ်။ ပြဿနာတွေများလာလို့ရှိရင် အယုံအကြည်ကျတယ်။ ကျွန်မတို့က ဒီပြဿနာတွေများလာရင်၊ အခက်အခဲတွေများလာရင် ဒီနိုင်ငံပေါ်မှာ ယုံကြည်မှုပိုရှိလာပါတယ်။ ကျွန်မတို့ ပြည်သူ ပြည်သားတွေက ဒီပြဿနာရဲ့ စိန်ခေါ်မှုတွေကို ကျော်လွှားနိုင်တဲ့ အရည်အချင်းရှိတယ်ဆိုတာကို ကျွန်မ ပိုပြီး ယုံကြည်ပါတယ်။

ဘာဖြစ်လို့လဲဆိုရင် တကယ့် အရေးရယ်၊ အကြောင်းရယ်ဆိုရင် အားလုံးက ဝန်းရံကြပါတယ်။ တကယ့်ကို လိုအပ်တဲ့အချိန်မှာဆိုရင် မထွက်လာတာ မရှိပါဘူး။ ဒါကြောင့်မို့ ကျွန်မတို့ရဲ့ အနုပညာရှင်တွေနဲ့ ပန်းချီဆရာ ဆရာမတွေဟာလည်း ဒီလိုပါပဲ။ ကျွန်မတို့ နိုင်ငံရဲ့ စိန်ခေါ်မှုတွေကို ဘယ်လိုကျော်လွှားရမလဲဆိုတာကို သူတို့နည်း၊ သူတို့ဟန်နဲ့ ရှာနေတာပါ။ နောက်ဆုံးဒါကို ကျွန်မအမြင်မှာ ဒီလောကကြီးကို ရောက်လာတဲ့သူ တစ်ယောက်ချင်း တစ်ယောက်ချင်း၊ ဒီလောကကြီးမှာ ရင်ဆိုင်ရမယ့် စိန်ခေါ်မှုတွေကို ဘယ်လိုကျော်လွှားရမလဲဆိုတာကို နိစ္စဓူဝ ပူပန်စဉ်းစားပြီး အဖြေရှာနေရတာပါပဲ။ လူတိုင်း တွေ့မြင်နေရသလိုပါပဲ။ နိုင်ငံရေးသမားကလည်း နိုင်ငံရေးနေရာကနေ၊ အနုပညာရှင်ကလည်း အနုပညာရှင်နေရာကနေ ဒီလိုမစဉ်းစားရင်တောင်မှ နောက်ဆုံး ဒီလောကကြီးရဲ့ နိစ္စဓူဝ မနက်နိုးလာကတည်းက ညအိပ်တဲ့အထိ၊ မွေးကတည်းက သေတဲ့အထိ ရင်ဆိုင်ရတဲ့ စိန်ခေါ်မှုတွေကို ဘယ်လိုနည်းနဲ့ တို့အကောင်းဆုံးကျော်လွှားရမလဲ။ ဘယ်လိုနည်းနဲ့ ငါတို့ရဲ့ ဘဝတွေကို အဓိပ္ပာယ်ရှိအောင် နေသွားမလဲဆိုတာကို လူတိုင်းရဲ့ မသိစိတ်မှာရှိလိမ့်မယ်လို့ ကျွန်မ ယုံကြည်ပါတယ်။

**တန်ဖိုးရှိတဲ့အနုပညာရှင်တွေ**

အဲဒီတော့ အနုပညာရှင်တွေ၊ ပန်းချီဆရာ ဆရာမတွေကလည်း တခြားသူတွေထက် စာရင် ပိုပြီးတော့တောင် စဉ်းစားရတဲ့ အတွေးအခေါ်တွေ ပိုပြီးဖြစ်မယ်လို့ ယုံကြည်ပါတယ်။ ဒါကြောင့်မို့ ကျွန်မတို့ရဲ့နိုင်ငံအတွက် အင်မတန်မှ အရေးကြီးပြီး တန်ဖိုးရှိတဲ့ အနုပညာရှင်တွေနဲ့ အခုလိုတွေ့ရတဲ့အတွက်လည်း ဝမ်းသာပါတယ်။ ကျွန်မတို့ နိုင်ငံတော်အတွက် ဒီလို တန်ဖိုးရှိတဲ့အလုပ်တွေကို လုပ်ပေးတဲ့အတွက်လည်း ကျေးဇူးတင်ပါတယ်လို့ ကျွန်မပြောရင်းနဲ့ နိဂုံးချုပ်ပါတယ်"ဟု ပြောကြားသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ထံ ပန်းချီပညာရှင်ကြီးများ၊ ပန်းချီဆရာ ဆရာမများက ၎င်းတို့ရေးဆွဲထားသည့် ပန်းချီကားများကို လက်ဆောင်ပေးအပ်ကြသည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ပန်းချီပညာရှင်ကြီးများ၊ ပန်းချီဆရာ ဆရာမများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

အဆိုပါ ဟေမန္တပန်းချီပြပွဲ၌ ပန်းချီပညာရှင်ကြီးများနှင့် ပန်းချီဆရာ ဆရာမ ၅၆ ဦးတို့၏ ပန်းချီကားပေါင်း ၁၁၆ ကားကို ဒီဇင်ဘာ ၂၇ ရက်အထိ Strand Hotel ၌ ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ထံ ပန်းချီပညာရှင်တစ်ဦးက ပန်းချီကားလက်ဆောင်ပေးအပ်စဉ်။

»» စာမျက်နှာ ၄ မှ

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ထံ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်က မင်းဓမ္မပညာ့ရိပ်သာ အပ်နှံမှုအထိမ်းအမှတ် မှတ်တမ်းဓာတ်ပုံကို ပေးအပ်သည်။

ဆက်လက်၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်က ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးထံ မင်းဓမ္မပညာ့ရိပ်သာ အပ်နှံမှုအထိမ်းအမှတ် မှတ်တမ်းဓာတ်ပုံကို ပေးအပ်သည်။

**ပေးအပ်**

ထို့နောက် Sae Paing Development Limited ဥက္ကဋ္ဌ ဦးဝိတ်က ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသိန်းဝင်းထံသို့ အိမ်ရာထိန်းသိမ်းရေး မတည်ရန်ပုံငွေ ကျပ်သိန်းနှစ်ထောင်ကို ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် မင်းဓမ္မပညာ့ရိပ်သာ ဆရာများအိမ်ရာ မုခ်ဦးရှေ့တွင် စိုက်ထူထားသည့် ကမ္ပည်းကျောက်စာတိုင်အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး မင်းဓမ္မပညာ့ရိပ်သာဆရာများ အိမ်ရာ၊ လှိုင်ပညာ့ရိပ်သာဝန်ထမ်းအိမ်ရာနှင့် သိပ္ပံပစ္စည်းစက်ရုံသစ် ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

**ရင်းရင်းနှီးနှီးနှုတ်ဆက်**

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာသူများနှင့် မှတ်တမ်းတင်ဓာတ်ပုံရိုက်ပြီး မင်းဓမ္မပညာ့ရိပ်သာ အိမ်ရာဝင်းအတွင်း လှည့်လည်ကြည့်ရှုကာ အိမ်ရာတွင်နေထိုင်ကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

အဆိုပါစီမံကိန်းကို နိုင်ငံတော်၏ မြို့ရွာများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံသားများ၏ လူမှုဘဝများ မြင့်မားလာစေရေးကို အထောက်အကူပြုစေရန် ရည်ရွယ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ပညာရေးဝန်ကြီးဌာနမှ လုပ်ငန်းအပ်နှံသူအဖြစ်၊ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ လုပ်ငန်းကြီးကြပ်စီမံခန့်ခွဲသူအဖြစ်နှင့် Sae Paing Development ၏ ကုမ္ပဏီခွဲတစ်ခုဖြစ်သည့် Myanmar Imperial Vega Company တို့ PPP အကျိုးတူ ပူးပေါင်းဆောင်ရွက်ခဲ့သည့် စီမံကိန်းဖြစ်ကာ အဆိုပါစီမံကိန်းတစ်ခုလုံးတွင် နိုင်ငံ့ဝန်ထမ်းများအတွက် အဆင့်မြင့်အိမ်ခန်းပေါင်း ၂၄၀၀ ခန်း ပါဝင်ပြီး ကားပါကင်အဆောက်အဦများ၊ Community Center များ၊ ရေကူးကန်၊ GYM စသည်တို့ကို ကုမ္ပဏီ၏ ရင်းနှီးငွေဖြင့် ဆောက်လုပ်ကာ ပညာရေးဝန်ကြီးဌာနသို့ ပေးအပ်ခဲ့ခြင်းဖြစ်သည်။

နိုင်ငံ့ဝန်ထမ်း အဆင့်မြင့်အိမ်ခန်းများကို ရန်ကုန်မြို့ပြ၏ လှပသောပုံရိပ်တစ်ခု ဖြစ်ပေါ်လာစေရေးအတွက် ဗိသုကာပညာရှင်များ၊ အင်ဂျင်နီယာများ၊ ဌာနအသီးသီးမှပညာရှင်များစုစည်းလျက် ကုမ္ပဏီမှ အင်ဂျင်နီယာနှင့် ဝန်ထမ်းများဖြင့် နေ့၊ ညမပြတ် ကြိုးစားအကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် စီမံကိန်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ ကျေးလက်ရေရရှိရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဒီဇင်ဘာ ၂၆**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူသည် ယနေ့ နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး နွားထိုးကြီးမြို့နယ် စိန်ပန်းကန်အုပ်စု ဖက်ခူးကျေးရွာတွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် လူထုဗဟိုပြုစီမံကိန်းလုပ်ငန်းများအား ကြည့်ရှုစစ်ဆေးပြီး စီမံကိန်းအထောက်အကူပြုကော်မတီဝင်များ၊ ကျေးရွာရပ်မိရပ်ဖများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးဆိုင်ရာများဆွေးနွေးပြောကြားသည်။

**ရှင်းလင်းတင်ပြ**

တွေ့ဆုံပွဲတွင် တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိုးသန်းက ၂၀၁၇ ခုနှစ်မှစတင်၍ ၂၀၁၉ ခုနှစ် ဇူလိုင်လအထိ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ငါန်းဇွန်၊ ညောင်ဦး၊ ရမည်းသင်း၊ ပျော်ဘွယ်၊ နွားထိုးကြီးမြို့နယ်များတွင် လူထုဗဟိုပြုစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ခဲ့မှုနှင့် စီမံကိန်းလုပ်ငန်းခွဲများအလိုက် ပြီးစီးအောင်မြင်မှုအခြေအနေများ၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်မည့် မြို့နယ်၊ ကျေးရွာများအလိုက် ထောက်ပံ့ငွေရရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဖက်ခူးကျေးရွာ လူထုဗဟိုပြုစီမံကိန်းအထောက်အကူပြုကော်မတီဥက္ကဋ္ဌနှင့် ကျေးရွာရပ်မိရပ်ဖများက ဒေသဖွံ့ဖြိုးရေးလိုအပ်ချက်များနှင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးတက်လုပ်ကိုင်နိုင်ရေး လိုအပ်ချက်များကို တင်ပြကြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက စီမံကိန်းကျေးရွာများအနေဖြင့် လမ်း၊ တံတား၊ လျှပ်စစ်မီး၊ သောက်သုံးရေ စသည်ဖြင့် ဒေသဖွံ့ဖြိုးရေးအခြေခံကောင်းများ ဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်ရာ ဆက်လက်ဆောင်ရွက်ရမည့် အရေးကြီးလုပ်ငန်းမှာ ဒေသနေပြည်သူများ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်၊ အလုပ်အကိုင်ကောင်းများ ပေါ်ထွန်းလာရန်၊ တန်ဖိုးမြင့်ထွက်ကုန်များ ထုတ်လုပ်နိုင်ရန် ကြိုးပမ်းကြရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း တစ်ဦးကောင်း တစ်ယောက်ကောင်း ဆောင်ရွက်ခြင်းထက် ပူးပေါင်းဆောင်ရွက်သည့်အလေ့အထကို ဖော်ဆောင်သင့်ကြောင်း၊ မိမိတို့ဝန်ကြီးဌာနအနေဖြင့်လည်း အရည်အသွေးကောင်းသည့် ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်မျိုးဖြစ်ရန် အားပေးဆောင်ရွက်လျက်ရှိကြောင်း၊ လုပ်ငန်းတူရာ ပေါင်းစပ်လုပ်ကိုင်ပြီး ကုန်ထုတ်လုပ်ငန်းအသင်း၊ စိုက်ပျိုးမွေးမြူရေး သမဝါယမအသင်း စသည်ဖြင့် အသင်းအဖွဲ့ဖြင့် ဆောင်ရွက်ပါက အရင်းအနှီး ချေးငွေများရရှိနိုင်မှုအပြင် အခွင့်အလမ်းကောင်းများစွာ ရရှိနိုင်ပါကြောင်း၊ ထုတ်လုပ်မှုကြီးမားလာသည်နှင့်အမျှ လက်ကားဈေးကွက်သို့ တိုက်ရိုက်ဝင်ရောက်နိုင်သဖြင့် ဈေးကွက်အကျိုးအမြတ်ကိုပါ ခံစားကြရမည်ဖြစ်သည့်အတွက် ကျေးရွာသူ ကျေးရွာသားများ စုစည်းညီညွတ်စွာဆောင်ရွက်ကြစေလိုကြောင်း၊ လိုအပ်သည့် နည်းပညာနှင့် အကူအညီများကို ဝန်ကြီးဌာနအောက်ရှိ သက်ဆိုင်ရာဦးစီးဌာနများက အားပေးကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကျေးရွာသောက်သုံးရေ စက်ရေတွင်း၏ ရေအရည်အသွေးစစ်တမ်းအားကြည့်ရှုစစ်ဆေးရာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခန့်ဇော်နှင့် စီမံကိန်းတာဝန်ခံတို့က ရှင်းလင်းတင်ပြကြသည်။

**စံနမူနာပြကြိုးပမ်း**

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နွားထိုးကြီးမြို့နယ် ထန်းဝွတောင်ကျေးရွာတွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော လူထုဗဟိုပြုစီမံကိန်းနှင့် မြန်မာဆယ်မားအူးလ်အွန်ဒုန်စီမံကိန်းလုပ်ငန်းများအား ကြည့်ရှုစစ်ဆေးအားပေးပြီး ကိုယ့်အားကိုယ်ကိုးခြင်း၊ လုံ့လ ဝီရိယရှိခြင်း၊ စုပေါင်းဆောင်ရွက်တတ်ခြင်း စသည့် ဆယ်မားအူးလ်အွန်ဒုန် စိတ်ဓာတ်များကို မိမိတို့ကျေးရွာသူကျေးရွာသားများ ရေရှည်ထိန်းသိမ်းကျင့်သုံးသွားရန် လိုအပ်သကဲ့သို့ အခြားကျေးရွာများသို့ ပြန့်ပွားကူးစက်သွားစေရန် စံနမူနာပြ ကြိုးပမ်းကြစေလိုကြောင်း၊ ဝင်ငွေတိုးလုပ်ငန်းများနှင့် စုပေါင်းထည့်ဝင်ငွေများကိုအခြေခံသည့် မိမိကျေးရွာရန်ပုံငွေဖြင့် မိမိကျေးရွာထွက်ကုန်သီးနှံများကို ဈေးကောင်းရချိန်အထိ သိုလှောင်ရောင်းချနိုင်မည့် သိုလှောင်ရုံများ တည်ဆောက်အသုံးပြုနိုင်ရေး၊ သီးနှံကြိုတင်ငွေပုံစံဖြင့် အတိုးသက်သာသည့် ချေးငွေထုတ်ချေးပေးနိုင်ရေးဆောင်ရွက်ခြင်းတို့ကို တိုးချဲ့ဆောင်ရွက်ပြီး လက်ရှိဖွံ့ဖြိုးမှုအခြေအနေထက် သာလွန်သည့် ကျေးရွာကြီးဖြစ်ပေါ်လာရေး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း ဆွေးနွေးပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်ထားရှိမှုများအား လှည့်လည်ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ရဲဘော်သုံးကျိပ်မိသားစု သာရေးနာရေးအဖွဲ့ (၃၂)ကြိမ်မြောက် မိသားစုမိတ်ဆုံစားပွဲသို့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်ချီးမြှင့်




နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မိတ်ဆုံစားပွဲသို့တက်ရောက်လာကြသည့် ရဲဘော်သုံးကျိပ်ဝင်မိသားစုများနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

**ရန်ကုန် ဒီဇင်ဘာ ၂၆**

ရဲဘော်သုံးကျိပ်မိသားစု သာရေးနာရေးအဖွဲ့ (၃၂)ကြိမ်မြောက် မိသားစုမိတ်ဆုံစားပွဲကို ယနေ့ညပိုင်းက ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ်ရှိ Grand Mercure Yangon Golden Empire Hotel ၌ ကျင်းပရာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်ချီးမြှင့်သည်။

ရှေးဦးစွာ ရဲဘော်သုံးကျိပ်ဝင် ဗိုလ်လကျ်ာ၏ သမီးဖြစ်သူ ဒေါက်တာခင်လကျ်ာက အဖွင့်နှုတ်ခွန်းဆက် အမှာစကားပြောကြားသည်။

**စစ်မှန်တဲ့ ရဲဘော်ရဲဘက်**

ထို့နောက် မိတ်ဆုံစားပွဲသို့ တက်ရောက်လာသည့် ရဲဘော်သုံးကျိပ်သားသမီးများကိုယ်စား ရဲဘော်သုံးကျိပ်ဝင် ဗိုလ်တေဇ၏သမီး နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က "ကျွန်မတို့ဖခင်များရဲ့ ရဲဘော်ရဲဘက်စိတ်တွေနဲ့ပတ်သက်လို့ အမှတ်တရစကားပြောချင်ပါတယ်။ ကျွန်မခဏခဏပြောပါတယ်။ ရဲဘော်ရဲဘက်ဆိုတာထက် ပိုပြီးတော့အရေးကြီးတဲ့ ဆက်သွယ်မှုမရှိဘူး။ ရဲဘော်ရဲဘက်ဆိုတာ သွေးရင်းသားရင်းထက်ပိုပြီးတော့ နီးစပ်တယ်။ ဘာဖြစ်လို့လဲဆိုတော့ ရဲဘော်ရဲဘက်ဆိုတာ ယုံကြည်မှုတစ်ခုအပေါ်မှာ အခြေခံပြီး၊ တူညီတဲ့ယုံကြည်မှုအပေါ်မှာအခြေခံပြီးတော့ အန္တရာယ်တွေကို အတူတကွ ရင်ဆိုင်ခဲ့ကြတယ်၊ အေးအတူပူအမျှဆိုတဲ့စိတ်ဓာတ်နဲ့ ဘဝကိုဖြတ်သန်းခဲ့ကြတယ်။ အဲဒီလိုဖြတ်သန်းခဲ့ကြတဲ့လူတွေသာ တကယ့်စစ်မှန်တဲ့ ရဲဘော်ရဲဘက်လို့ ဆိုနိုင်ပါတယ်။

ကျွန်မတို့ဖခင်များဆိုရင် လူတိုင်းက အခုထက်ထိ ရဲဘော်သုံးကျိပ်လို့ပဲ ခေါ်ကြပါတယ်။ ရာထူးတွေ ဘယ်လောက်ကြီးသွားသည်ဖြစ်စေ ရာထူးအရ မခေါ်ဘဲနဲ့ ရဲဘော်သုံးကျိပ်လို့ပဲ ပြည်သူတွေက သိတာဖြစ်ပါတယ်။ ရဲဘော်သုံးကျိပ်ဝင်တွေကြားထဲမှာဆိုရင် အခုထက်ထိ တစ်ယောက်နဲ့တစ်ယောက် အကြောင်းပြောတဲ့အခါကျတော့ ဗိုလ်ပဲတပ်ပြီးပြောပါတယ်။ ဒီလိုပြောတာဟာ တချို့တွေက နောင်ရတဲ့ရာထူးတွေကို မလေးစားတာလား။ ဒါတွေကို တမင်ဖယ်ရှားထားချင်တာလား။ မေ့ထားချင်တာလားဆိုတော့ မဟုတ်ပါဘူး။ လူတစ်ယောက်နဲ့တစ်ယောက် ဗိုလ်လို့ခေါ်တာက ရင်းနှီးမှုကို ဖော်ပြတာပါ။ အတူဖြတ်သန်းလာခဲ့တဲ့ဘဝမှာ ဘယ်လောက် ရဲဘော်ရဲဘက်စိတ်ပြည့်ဝလဲဆိုတာ ပြောတာပါ။ ခုပြောသွားတဲ့အထဲမှာဆိုရင် ဗိုလ်လကျ်ာဆိုတာ နောက်ဆုံးမှာ ဗိုလ်မဟုတ်ပါဘူး။ ရာထူးက ကြီးသွားပါပြီ။ သို့သော်ငြားလည်း ဗိုလ်လကျ်ာလို့ပဲ အချင်းချင်းခေါ်ကြတာပါ။ ဒါဟာ ရင်းနှီးမှုနဲ့ တကယ့်တန်ဖိုးကို နားလည်တဲ့အဓိပ္ပာယ်ပါ။ တကယ့်တန်ဖိုးကတော့ မိတ်ဖြစ်ဆွေဖြစ်နဲ့ စိတ်တွေနီးကပ်ခြင်းပဲဖြစ်ပါတယ်။ အဲဒါကြောင့် ကျွန်မတို့ဟာ ကျွန်မတို့ရဲ့ဖခင်တွေကို သတိရတယ်ဆိုရင် ရဲဘော်ရဲဘက်စိတ်ကိုသတိရဖို့က အင်မတန်မှ လိုအပ်ပါတယ်။

**ရဲဘော်ရဲဘက်စိတ်က အင်မတန်မှအရေးကြီး**

ရဲဘော်ရဲဘက် ၃၀ ကနေစပြီး မြန်မာနိုင်ငံရဲ့တပ်မတော်ကြီး ပေါက်ဖွားလာတာပါ။ အခုဆိုရင် သိန်းနဲ့ချီပြီး အင်အားရှိနေပါပြီ။ နောက်ဆုံးကျတော့ ဘယ်အဖွဲ့အစည်းမဆို အဓိကအင်အားက စိတ်ဓာတ်အင်အားပါပဲ။ စိတ်ဓာတ်အင်အားနဲ့ တခြားဘာနဲ့မှယှဉ်လို့မရပါဘူး။ ဘယ်လိုပဲ တခြားရုပ်ပိုင်းဆိုင်ရာအင်အားတွေ ကြီးမားကြီးမား၊ စိတ်ဓာတ်အင်အားမရှိလို့ကတော့ အဖွဲ့အစည်းတစ်ခုဟာ အောင်မြင်မယ်ဆိုတာ မဖြစ်နိုင်ပါဘူး။ အထူးသဖြင့် နိုင်ငံ့အကျိုးထမ်းဆောင်တဲ့နေရာမှာဆိုရင် အောင်မြင်မှုဆိုတာဟာ ရဲဘော်ရဲဘက်စိတ်က အင်မတန်မှအရေးကြီးပါတယ်။ ရဲဘော်ရဲဘက်စိတ်ဆိုတာ နောက်ဆုံးကျတော့ ကိုယ့်အုပ်စုအဖွဲ့ထဲကနေစပြီးတော့ တစ်နိုင်ငံလုံးကိုပြန့်ရတာပါ။ တစ်နိုင်ငံလုံးအပေါ်မှာ ရဲဘော်ရဲဘက်စိတ်ရှိရမယ်။ ကိုယ့်နိုင်ငံသူ နိုင်ငံသားတွေအားလုံးကို ကိုယ့်ရဲ့ရဲဘော်ရဲဘက် အရင်းအခြာတွေလို စိတ်ထဲမှာထားနိုင်ရမယ်။ ကိုယ့်ရဲ့သွေးရင်းသားရင်းတွေထက်တောင်မှ ပိုပြီးတော့တန်ဖိုးထားရမယ်။ ဒီနိုင်ငံသူနိုင်ငံသားတွေအတွက် တာဝန်ထမ်းဆောင်ဖို့ ရဲဘော်သုံးကျိပ်ဟာ ပေါ်ပေါက်လာတယ်ဆိုတဲ့အသိနဲ့ ကျွန်မတို့ရဲ့မိသားစုတွေကလည်း စုစည်းပြီး ဆက်ပြီးနေနိုင်မယ်လို့ ကျွန်မမျှော်လင့်ပါတယ်။

ပြန်စဉ်းစားမယ်ဆိုရင် ရဲဘော်သုံးကျိပ်စပြီးထူထောင်တဲ့အခါ၊ စပြီးဖွဲ့စည်းတဲ့အခါတုန်းကဆိုရင် ဘယ်နှစ်ယောက်က ယုံကြည်မှာလဲ။ ဒီရဲဘော်သုံးကျိပ်၊ ဒီလူငယ်လေး ၃၀ ကနေပြီးတော့ ဘယ်လောက်အထိ နိုင်ငံတစ်နိုင်ငံရဲ့သမိုင်းမှာ အရေးပါသွားမလဲဆိုတာကို ယုံကြည်မယ့်သူက အင်မတန်နည်းမှာဖြစ်ပါတယ်။ တချို့ကလည်း ဒီကလေးတွေ လူငယ်တွေပီပီ မိုက်မိုက်ကန်းကန်းနဲ့ လုပ်နေတယ်လို့ထင်တဲ့သူတွေလည်းရှိချင်ရှိမှာပါ။ တချို့ကလည်း ဘယ်လိုပဲစိတ်ထားရှိရှိ၊ အခြေအနေက ပေးမှာမဟုတ်ဘူးဆိုပြီးတော့ စစ်မထွက်ခင် မြားကုန်တဲ့စိတ်ဓာတ်နဲ့နေတဲ့သူတွေလည်း ရှိမှာပါပဲ။ ဒါပေမယ့်လည်း ဘာအလုပ်ပဲမဆို ကျွန်မတို့ တစ်နေရာကနေတော့ စရမှာပါ။ ပထမခြေလှမ်းလှမ်းပြီးမှ ကျွန်မတို့လိုချင်တဲ့ပန်းတိုင်ကို ရောက်မှာဖြစ်ပါတယ်။

ကျွန်မတို့နိုင်ငံမှာဆိုရင် လုပ်စရာတွေက အများကြီးကျန်ပါသေးတယ်။ ကျွန်မတို့နိုင်ငံဟာ ဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတစ်ခုလို့ ပြောလို့မရပါဘူး။ ဒီလိုပြောလို့မရလို့ကို ကျွန်မတို့အားလုံးမှာ တာဝန်ရှိတယ်လို့ သတ်မှတ်ပါတယ်။ ကျွန်မတို့မိဘတွေရဲ့အမွေဆက်ခံမယ်ဆိုရင် တာဝန်တွေကိုပါ ဆက်ခံရမှာဖြစ်ပါတယ်။ အဓိကကတော့ ရဲဘော်သုံးကျိပ်က စပြီးလုပ်လိုက်တဲ့လုပ်ငန်းကြီးက ဘာအတွက်လဲ။ မြန်မာနိုင်ငံလွတ်လပ်ရေးအတွက်၊ ဘာဖြစ်လို့ နိုင်ငံကို လွတ်လပ်စေချင်တာလဲ၊ ကိုယ့်နိုင်ငံလွတ်လပ်မှ တကယ့်တိုးတက်မှုရနိုင်မယ်။ ကိုယ့်နိုင်ငံလွတ်လပ်မှ ကိုယ့်နိုင်ငံသူနိုင်ငံသားများ ရသင့်ရထိုက်တဲ့အခွင့်အရေးတွေ ပြည့်ပြည့်စုံစုံရနိုင်တယ်ဆိုတာ ယုံကြည်လို့ လွတ်လပ်ရေးအတွက် တိုက်တာပဲဖြစ်ပါတယ်။

**နိုင်ငံက အင်အားရှိဖို့လို**

လွတ်လပ်ရေးဆိုတဲ့အဓိပ္ပာယ်ကိုလည်း အားလုံးက ညီညီညွတ်ညွတ်နဲ့စဉ်းစားမှသာလျှင် ဘာဖြစ်လို့ ရဲဘော်သုံးကျိပ်က ထွက်ပေါ်လာသလဲ။ ရဲဘော်သုံးကျိပ်က ဘာဖြစ်လို့ အောင်မြင်သလဲ။ ဘာဖြစ်လို့အောင်မြင်သလဲဆိုတော့ ပြည်သူပြည်သားတွေကလည်း လွတ်လပ်ရေးလိုချင်လို့ပဲ။ ကျွန်မတို့နိုင်ငံက ပြည်သူ ပြည်သားတွေက လွတ်လပ်ရေးလိုချင်ပြီးတော့ လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်နေတဲ့ ရဲဘော်တွေကို ထောက်ခံလို့သာ ကျွန်မတို့လွတ်လပ်ရေးရခဲ့တာပါ။ နိုင်ငံသူနိုင်ငံသားတွေရဲ့ ထောက်ခံမှုမရဘဲနဲ့တော့ ဘာမှအောင်မြင်မှာ မဟုတ်ပါဘူး။ အဲဒါကြောင့် ကျွန်မတို့ အမှတ်တရပြောတယ်ဆိုရင်၊ အမှတ်တရဆုံစည်းကြတယ်ဆိုရင် ကျွန်မတို့ဖခင်တွေရဲ့ယုံကြည်ချက်ဖြစ်တဲ့ ဒီနိုင်ငံဟာ ကမ္ဘာ့အလယ်မှာ တခြားနိုင်ငံတွေနဲ့ တန်းတူရပ်တည်နိုင်ရမယ်။ ကိုယ့်ရဲ့ကံကြမ္မာကို ကိုယ်ဖန်တီးနိုင်တဲ့ နိုင်ငံတစ်ခုဖြစ်ရမယ်။ ကိုယ့်ရဲ့ကံကြမ္မာကို ကိုယ်တိုင်ဖန်တီးနိုင်တဲ့နိုင်ငံတစ်ခု ဖြစ်ဖို့ဆိုတာ လွတ်လပ်ရေးရရုံနဲ့ မလုံလောက်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ အခုခေတ်မှာဆိုရင် ကိုယ့်ကံကြမ္မာကို ကိုယ်တိုင်ထိထိမိမိဆုပ်ကိုင်ပြီးတော့ အကောင်အထည်ဖော်ဖို့ဆိုရင် ကိုယ့်ရဲ့နိုင်ငံက အင်အားရှိဖို့လိုတယ်။ အင်အားဆိုတာ ကျွန်မက ရုပ်ပိုင်းဆိုင်ရာအင်အားကို ပြောနေတာမဟုတ်ပါဘူး။ ကျွန်မတို့ရဲ့စိတ်ဓာတ်ပိုင်းဆိုင်ရာအင်အားနဲ့ ကျွန်မတို့က တည်ဆောက်ယူရမှာပါ။

ရုပ်ပိုင်းဆိုင်ရာအင်အားဆိုတာ စိတ်ဓာတ်ရှိရင် ဘယ်တော့မဆို ဖြစ်လာနိုင်တယ်။ ရုပ်ပိုင်းဆိုင်ရာအင်အားရှိပြီးတော့ စိတ်ဓာတ်ပိုင်းဆိုင်ရာအင်အား ညံ့ဖျင်းရင် ရုပ်ပိုင်းဆိုင်ရာအင်အားတွေက ပျက်စီးသွားရုံတင်မက တစ်ခါတလေ ကိုယ့်ကိုယ်ကိုယ်တောင် ပြန်ပြီးတော့ အန္တရာယ်ဖြစ်တတ်ပါတယ်။ ဒါကြောင့်မို့ အမှတ်တရ ကျွန်မတို့ရဲ့ဖခင်များကို သတိရတဲ့အခါမှာ ဟိုတုန်းကရည်ရွယ်ချက်တွေ ဘယ်လောက်အထိ အောင်မြင်ခဲ့ပြီလဲဆိုတာကို ကျွန်မတို့ပြန်စဉ်းစားဖို့ အရေးကြီးတယ်လို့ ထင်ပါတယ်။

အဲဒီတုန်းက ရဲဘော်သုံးကျိပ်က ဘယ်လိုရည်ရွယ်ချက်နဲ့ စပြီးဖွဲ့စည်းပြီးတော့ ဘယ်လိုရည်ရွယ်ချက်နဲ့ လွတ်လပ်ရေးပန်းတိုင်ကိုရအောင်ချီတက်မယ်ဆိုပြီး စခဲ့သလဲ။ အဲဒီရည်ရွယ်ချက်တွေဟာ ဘယ်လောက်အထိ အောင်မြင်နေပြီလဲ။ မအောင်မြင်သေးဘူးဆိုရင် ဖြည့်ဆည်းပေးဖို့ ဘာတွေလိုသေးသလဲ။ ဖြည့်ဆည်းပေးဖို့လိုတယ်ဆိုရင် ကျွန်မတို့ တစ်ဦးချင်း၊ တစ်ဦးချင်းဟာ ဘယ်နေရာကနေ ဘယ်လောက်အတိုင်းအတာအထိ ဖြည့်ဆည်းပေးနိုင်မလဲဆိုတာကို စဉ်းစားစေချင်ပါတယ်။

**နိုင်ငံရေးဆိုတာ လူတိုင်းနဲ့ဆိုင်**

ကျွန်မကတော့ နိုင်ငံရေးလောကထဲမှာပဲ နေနေတာကြာပြီဆိုတော့ နိုင်ငံရေးအမြင်နဲ့ပဲမြင်တယ်လို့ ပြောရင်လည်း ငြင်းလို့မရပါဘူး။ သို့သော်ငြားလည်း နိုင်ငံရေးဆိုတာ လူတိုင်းနဲ့ဆိုင်ပါတယ်။ ဒီနိုင်ငံမှာနေတဲ့လူတွေအားလုံးနဲ့ နိုင်ငံရေးက ဆိုင်ပါတယ်။ ဒါကြောင့်မို့ နိုင်ငံရေးအမြင်ဆိုတာ နိုင်ငံရေးသမားတွေနဲ့ပဲဆိုင်တယ်လို့ ပြောမယ်ဆိုရင်လည်း နိုင်ငံသူနိုင်ငံသား တစ်ယောက်ချင်း၊ တစ်ယောက်ချင်းကလည်း တကယ်တော့ နိုင်ငံရေးသမားတွေပါပဲ။ နိုင်ငံ့အရေးနဲ့ပတ်သက်နေတဲ့သူတွေမို့လို့ နိုင်ငံရေးသမားတွေပဲ ဖြစ်ပါတယ်။ နိုင်ငံရေးအမြင်ရှုထောင့်ကနေပဲပြောပြော၊ ပြည်သူလူထုရှုထောင့်ကပဲပြောပြော၊ လူမှုရေးရှုထောင့်ကပဲပြောပြော ကျွန်မတို့အရင်တုန်းကရှိခဲ့တဲ့ သံယောဇဉ်ရှုထောင့်ကပဲပြောပြော ကျွန်မတို့ဖခင်များကို အမှတ်တရရှိနေတယ်ဆိုရင် ကျွန်မတို့ဖခင်များရဲ့ရည်ရွယ်ချက်တွေ၊ ကျွန်မတို့ဖခင်များရဲ့ မျှော်လင့်ချက်တွေ ဖြည့်ဆည်းပေးနိုင်ဖို့ အားလုံးဝိုင်းဝန်းပြီး လုပ်နိုင်ကြပါစေလို့ ကျွန်မအနေနဲ့ ဆုတောင်းမေတ္တာပို့ပါတယ်" ဟု ပြောကြားသည်။

ယင်းနောက် ရဲဘော်သုံးကျိပ်ဝင် ဗိုလ်ရန်နိုင်၏ သမီး ဒေါ်ရဲမာမော်နိုင်၊ ရဲဘော်သုံးကျိပ်ဝင် ဗိုလ်နေဝင်း၏သမီး ဒေါ်ခင်စန္ဒာဝင်း၊ ရဲဘော်သုံးကျိပ်ဝင် ဗိုလ်ရဲထွဋ်၏သား ဦးကျော်ကျော်နှင့် ရဲဘော်သုံးကျိပ်ဝင် ဗိုလ်ရန်အောင်၏သား ဦးမောင်မောင်ကြီးတို့က ကျေးဇူးတင်စကားပြောကြားကြသည်။

ထို့နောက် ရဲဘော်သုံးကျိပ်မိသားစုသာရေးနာရေးအဖွဲ့က ပေးအပ်ချီးမြှင့်သည့် ပညာရည်ချွန်ဆုများကို နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ရဲဘော်သုံးကျိပ်ဝင်များ၏သားသမီးများက ဆုရရဲဘော်သုံးကျိပ်ဝင်များ၏မြစ်များအား ဆုများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် မိတ်ဆုံစားပွဲသို့တက်ရောက်လာကြသည့် ရဲဘော်သုံးကျိပ်ဝင်မိသားစုများနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ပြီး မိတ်ဆုံစားပွဲကို အတူတကွသုံးဆောင်ကြသည်။

ရဲဘော်သုံးကျိပ်မိသားစုသာရေးနာရေးအဖွဲ့ကို ရဲဘော်သုံးကျိပ်ဝင် ကိုးဦးက ဦးဆောင်၍ ၁၉၈၃ ခုနှစ် ဒီဇင်ဘာ ၂၆ ရက်တွင် စတင်ဖွဲ့စည်းခဲ့ပြီး အဖွဲ့တွင် အသက် ၉၄ နှစ်ရှိပြီဖြစ်သော ရဲဘော်သုံးကျိပ်ဝင် ဗိုလ်မြင့်ဆွေ၏ဇနီး ဒေါ်ကြည်ကြည်ဝင်း တစ်ဦးတည်းသာ သက်ရှိထင်ရှား ကျန်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး မြန်မာနိုင်ငံလုံးဆိုင်ရာ ဗုဒ္ဓတက္ကသိုလ်များအတွက် နဝကမ္မအလှူတော်ငွေများနှင့် သီတဂူရေအလှူတော်အလှူငွေများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် ဒီဇင်ဘာ ၂၆**

မြန်မာနိုင်ငံလုံးဆိုင်ရာ ဗုဒ္ဓတက္ကသိုလ်များအတွက် တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများ၏ နဝကမ္မ အလှူတော်ငွေများနှင့်သီတဂူရေအလှူတော် အလှူငွေများ ဆက်ကပ်လှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မြောက်ဒဂုံမြို့နယ်ရှိ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်၌ ကျင်းပသည်။



**ချီးမြှင့်တော်မူ**

အခမ်းအနားသို့ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များနှင့် သီတဂူဆေးရုံတော်များ၏ အဓိပတိ၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ၊ မဟာဓမ္မကထိက၊ ဗဟုဇနဟိတဓရ၊ တွဲဖက်ရွှေကျင်သာသနာပိုင်၊ သီတဂူဆရာတော် ဒေါက်တာ ဘဒ္ဒန္တ ဉာဏိဿရနှင့် ဆရာတော်၊ သံဃာတော်များ တက်ရောက် ချီးမြှင့်တော်မူကြသည်။

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှနှင့် အခမ်းအနားတက်ရောက်လာကြသူများက သီတဂူဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများ၏ မြန်မာနိုင်ငံလုံးဆိုင်ရာ ဗုဒ္ဓတက္ကသိုလ်များအတွက် နဝကမ္မအလှူတော်ငွေများနှင့် သီတဂူရေအလှူတော် အလှူငွေများ ဆက်ကပ်လှူဒါန်းရခြင်းနှင့် ပတ်သက်၍ လျှောက်ထားသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က သီတဂူဆရာတော်ထံ တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများက လှူဒါန်းသော လှူဖွယ်ပစ္စည်းများ၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ဗုဒ္ဓတက္ကသိုလ်များအတွက် နဝကမ္မ အလှူတော်ငွေကျပ်သိန်း ၅၀၀ နှင့် သီတဂူရေအလှူတော် အလှူတော် ငွေကျပ် ၂၄၆ သိန်းတို့ကို ဆက်ကပ်လှူဒါန်းရာ ဆရာတော်က ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်နှင့် တက်ရောက်လာကြသည့် အရာရှိကြီးများက သီတဂူဆရာတော်နှင့် ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြရာ သီတဂူဆရာတော်က ဓမ္မလက်ဆောင်များ ပြန်လည်ပေးအပ်သည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် တက်ရောက်လာကြသူများသည် သီတဂူဆရာတော်ထံမှ အနုမောဒနာတရားနာယူ၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းလောင်း အမျှပေးဝေခဲ့ကြကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**

○ **ကျောဖုံးမှ**

ဆက်လက်၍ နံနက် ၇ နာရီတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့်ဇနီး၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှမော်ဦးနှင့် တာဝန်ရှိသူများသည် သံဃာတော် အရှင်သူမြတ်များအား သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး အရုဏ်ဆွမ်း ဆက်ကပ်သည်။

ထို့နောက် ကရင်လူမျိုးသက်ကြီးဘိုးဘွား (၁၀၀) တို့အား ပူဇော်ကန်တော့ကြသည်။

ယင်းနောက် ကရင်ဒုံးယိမ်းအကများဖြင့် ဖျော်ဖြေတင်ဆက်ကြပြီး ကရင်နှစ်သစ်ကူးပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**

## The Global New Light of Myanmar

## လစ်လပ်နေရာအတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ The Global New Light of Myanmar သတင်းစာတိုက် စာတည်းမှူးချုပ်နေရာအတွက် ၁၅-၁-၂၀၂၀ ရက်နေ့အထိ နောက်ဆုံးထား၍ လျှောက်ထားနိုင်ပါသည် -

(က) ပညာအရည်အချင်းအားဖြင့် အသိအမှတ်ပြုတက္ကသိုလ်တစ်ခုခုမှ ဘွဲ့တစ်ခုခုရရှိပြီး အင်္ဂလိပ်စာ 4 Skills ကျွမ်းကျင်ရမည်။ အထူးသဖြင့် အင်္ဂလိပ်ဘာသာဖြင့် သတင်းစာအရေးအသားကျွမ်းကျင်ပြီး စစ်ဆေးတည်းဖြတ်ပေးနိုင်စွမ်းရှိသူ။

(ခ) သတင်းစာအတွေ့အကြုံရှိ၍ အယ်ဒီတာလုပ်သက် အနည်းဆုံး (၅) နှစ်ရှိပြီး စာတည်းဌာနကို ကောင်းမွန်စွာ စီမံခန့်ခွဲနိုင်သူ။

(ဂ) ကွန်ပျူတာနှင့် အင်တာနက်ကို ကောင်းမွန်စွာ အသုံးပြုနိုင်သူ။

(ဃ) ကျန်းမာရေးကောင်းပြီး ညပိုင်းတာဝန် ထမ်းဆောင်နိုင်သူ။

(င) အသက် ၄၀ နှစ်မှ ၆၅ နှစ်ကြားရှိသူ။

(စ) လစာညှိနှိုင်းသတ်မှတ်ပါမည်။

၂။ အသေးစိတ်သိရှိလိုပါက The Global New Light of Myanmar Co.,Ltd ၊ အမှတ် (၁၅၀) ငါးထပ်ကြီးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ အထွေထွေမန်နေဂျာ ဦးဝင်းဇော်ဌေး - ဖုန်း ၀၉ ၂၅၀၂၀၄၆၅၃၊ ခေတ္တစာတည်းမှူးချုပ် ဦးအေးမင်းစိုး - ဖုန်း ၀၉ ၄၂၈၁၂၀၀၈၆ တို့သို့ ဆက်သွယ်နိုင်ပါရန်နှင့် လျှောက်လွှာများကို ကိုယ်ရေးအကျဉ်း၊ လိုင်စင်ဓာတ်ပုံကပ်လျက် အချိန်မီ ပေးပို့ပါရန်။

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

**နေပြည်တော် ဒီဇင်ဘာ ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်သည်။

**မိုး/ဇလ**

❖ **မြန်မာအမျိုးသမီးအသင်းမှ**

နောက်တစ်ဆင့်တက်ရောက်ခွင့်ရရန် အခွင့်အရေးရှိလာခဲ့သည်။ အုပ်စု(က) တွင် တောင်ကိုရီးယား၊ ဗီယက်နမ်နှင့် မြန်မာအသင်းတို့ သုံးသင်းသာ ကျန်ရှိတော့ပြီး အုပ်စု (ခ)တွင်မူ မူလအတိုင်း သြစတြေးလျ၊ တရုတ်၊ ထိုင်းနှင့် တရုတ်(တိုင်ပေ)အသင်းတို့ ပါဝင်နေသည်။ မြန်မာအသင်းသည် အုပ်စုပွဲစဉ်များအဖြစ် ဖေဖော်ဝါရီ ၃ ရက်တွင် တောင်ကိုရီးယားအသင်း၊ ဖေဖော်ဝါရီ ၆ ရက်တွင် ဗီယက်နမ်အသင်းတို့နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ အုပ်စုတစ်ခုစီမှ ထိပ်ဆုံးနှစ်သင်းစီမှာ ခြေစစ်ပွဲနောက်ဆုံးအဆင့်သို့ တက်ရောက်ခွင့်ရမည်ဖြစ်ရာ မြန်မာအသင်းအနေဖြင့် နောက်တစ်ဆင့်တက်ခွင့် တစ်နေရာအတွက် အာဆီယံဒေသတွင်း ပြိုင်ဘက်ဗီယက်နမ်နှင့် အပြိုင်လုရဖွယ်ရှိနေသည်။ မြန်မာအမျိုးသမီးအသင်းသည် အိုလံပစ်ခြေစစ်ပွဲအတွက် ဒီဇင်ဘာ ၂၃ ရက်တွင် စတင်လေ့ကျင့်ခဲ့ရာ ပြင်ဆင်ချိန်တစ်လကျော်ရရှိမည်ဖြစ်ပြီး ပြည်တွင်း ပြည်ပ ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းကို ပဏာမကစားသမား ၂၆ ဦးဖြင့် ဖွဲ့စည်းခဲ့သော်လည်း ကစားသမားအချို့မှာ အခြားကိစ္စရပ်များကြောင့် နုတ်ထွက်မှုများရှိခဲ့သလို မရောက်ရှိလာသေးသည့် ကစားသမားများလည်းရှိနေသောကြောင့် ၂၁ ဦးသာ ရောက်ရှိလာသေးသည်။ ထို့ကြောင့် နည်းပြချုပ် ဦးဝင်းသူမိုးသည် ပဏာမလူစာရင်းကို အင်အားတိုးမြှင့်ခဲ့ပြီး ဂိုးသမားသန္တာဦးနှင့် နောက်ခံလူ နန်းဖူးဖူးထက်တို့ကို အားဖြည့်ရွေးချယ်ခဲ့ရာ ၂၃ ဦးဖြင့် ဆက်လက်လေ့ကျင့်လျက်ရှိသည်။

**သတင်း-ရှိုင်းထက်ဇော်**
**ဓာတ်ပုံ-စိုးညွန့်**




✻ **မြန်မာနိုင်ငံမှ**

ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်သင့်ပါသည်။ ယနေ့အချိန်တွင် မြန်မာနိုင်ငံမှာ အာရှတိုက်၏ အလားအလာအရှိဆုံးသော ဈေးကွက်များအနက် တစ်ခုဖြစ်သည်။

အိန္ဒိယနှင့် မြန်မာတို့မှာ နှစ်ပေါင်းများစွာ ထိတွေ့ပတ်သက်မှုရှိခဲ့သော်လည်း ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုတွင် ပူးပေါင်းဆောင်ရွက်မှုအရ သိသာထင်ရှားသော ရလဒ်များမရှိသေးပေ။ မြန်မာနိုင်ငံ၌ အိန္ဒိယနိုင်ငံ၏ ပမာဏအများဆုံးရင်းနှီးမြှုပ်နှံမှုမှာ ကျောက်မီးသွေး၊ ရေနံနှင့် ဓာတ်ငွေ့ကဏ္ဍတွင်ဖြစ်ပြီး စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု၏ ခြောက်ရာခိုင်နှုန်းအထိရှိသည်။

မြန်မာနိုင်ငံမှာ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (WTO) ၏ ပို့ကုန်များအပေါ် သုညစည်းကြပ်ခွန်အပြင် ဥရောပသမဂ္ဂ၏ အခွန်ကင်းလွတ်ခွင့်ကိုလည်း ရရှိထားသည်။ အိန္ဒိယရင်းနှီးမြှုပ်နှံသူများအနေဖြင့် အာဆီယံမိတ်ဖက်များနှင့် ထိတွေ့မှုများမှလွဲ၍ အခြားနိုင်ငံများ၌ အခွင့်အလမ်းကောင်းများ လေ့လာဖော်ထုတ်ရန် မြန်မာနိုင်ငံ၌ အခြေစိုက်စခန်းတစ်ခု တည်ဆောက်ကာ ထိုအချက်ကို အသုံးချနိုင်သည်။

လူဦးရေ၏ ၅၀ ရာခိုင်နှုန်းသာ လျှပ်စစ်မီးရရှိသေးသည့် မြန်မာနိုင်ငံ၌ အိန္ဒိယဆိုလာထုတ်လုပ်သူများနှင့် ဓာတ်အားထုတ်လုပ်သူများအနေဖြင့် အလားအလာကောင်းများရှိသော ထိုဈေးကွက်ကို လေ့လာဖော်ထုတ်နိုင်သည်။

ပညာရေးကဏ္ဍကိုလည်း မြန်မာအစိုးရက အလေးထားဆောင်ရွက်နေပြီး စုစုပေါင်းအသုံးစရိတ်၏ ၈ ဒသမ ၅ ရာခိုင်နှုန်း ခွဲဝေသတ်မှတ်ထားသည်။ မြန်မာ့ခရီးသွားလုပ်ငန်းမှာလည်း အိန္ဒိယနိုင်ငံက အခွင့်အလမ်းကောင်းများ လေ့လာဖော်ထုတ်နိုင်သည့် နယ်ပယ်တစ်ခုဖြစ်သည်။ ၂၀၃၀ ပြည့်နှစ်မရောက်မီ ခန့်မှန်းခြေအားဖြင့် မြန်မာပြည်သူ သန်း ၃၀ မှာ လူလတ်တန်းစားများဖြစ်လာမည်ဖြစ်ရာ စားသောက်ကုန်ဈေးကွက်အတွက် အခွင့်အလမ်းကောင်းများဖြစ်သည်။

၂၀၁၈ ခုနှစ်အတွင်း မြန်မာနိုင်ငံရှိ လက်လီကဏ္ဍ၏တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၀ ဘီလီယံမှ ၁၂ ဘီလီယံအထိရှိခဲ့ရာ ပြည်ပမှ နာမည်ရ အမှတ်တံဆိပ်ရှိ ကုမ္ပဏီများ ဝင်ရောက်လာခဲ့သည်။ အိန္ဒိယစားသောက်ကုန်လုပ်ငန်းများမှာ တန်ဖိုးသင့်ထုတ်ကုန်များဖြင့် မြန်မာဈေးကွက်အတွင်း ထိုးဖောက်သင့်သည်။

နှစ်နိုင်ငံအစိုးရများအနေဖြင့် စုပေါင်းညှိနှိုင်းဆောင်ရွက်မှုအကျိုးရလဒ်ကို စီးပွားရေးလုပ်ငန်းများအဖြစ် ပြောင်းလဲပစ်နိုင်မည့် အခက်အခဲများကို ဖယ်ရှားရာတွင် လက်တွဲဆောင်ရွက်သင့်သည်။ အိန္ဒိယရင်းနှီးမြှုပ်နှံသူများက မြန်မာနိုင်ငံ၏ ရှိရင်းစွဲ စည်းကြပ်ခွန်မက်လုံးများနှင့် အကျိုးအမြတ်များကို ပို၍လေ့လာသင့်သည်။ အိန္ဒိယနှင့် မြန်မာနိုင်ငံတို့သည် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်လုပ်ဆောင်ရန် လက်တွဲဆောင်ရွက်ရမည်ဖြစ်သည်။

**ကျော်ထိုက်စိုး**
**ကိုးကား-The Hindu Business Line**

# မြန်မာ-ဂျပန် နည်းပညာဖွံ့ဖြိုးရေးဌာန အဆောက်အဦလွှဲပြောင်းပေးအပ်ပွဲ ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂၆**

မြန်မာ-ဂျပန် နည်းပညာဖွံ့ဖြိုးရေးဌာန အဆောက်အဦ (Myanmar-Japan Technological Development Centre 1 and 2)လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်နည်းပညာတက္ကသိုလ် ပင်မစာသင်ဆောင်(၁) စုဝေးခန်းမ၌ ကျင်းပသည်။



**သုတေသနများမြှင့်တင်**

ရှေးဦးစွာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက Myanmar-Japan Technological Development Centre 1 and 2 တို့ကို ကူညီထောက်ပံ့ပေးသည့် ဂျပန်နိုင်ငံမှ တာဝန်ရှိသူများ၊ JICA မှ တာဝန်ရှိသူများနှင့် ပူးပေါင်းပါဝင်ပေးသည့်သူများအားလုံးတို့ကို ပညာရေးဝန်ကြီးဌာနကိုယ်စား အထူးကျေးဇူးတင်မှတ်တမ်းတင်ရှိအပ်ပါကြောင်း၊ တက္ကသိုလ်များအနေဖြင့် KG+12 နှင့် လိုက်လျောညီထွေဖြစ်သည့် သင်ရိုးညွှန်းတမ်း ပြုပြင်ပြောင်းလဲမှုများ၊ သင်ကြားသင်ယူရေးနည်းစနစ်များ၊ သုတေသနများမြှင့်တင်ရန်အတွက် စီစဉ်ဆောင်ရွက်ရန် အလွန်အရေးကြီးပါကြောင်း၊ ကျောင်းသား ကျောင်းသူများ၏ စွမ်းဆောင်ရည်ပိုမိုကောင်းမွန်ရန်အတွက် အင်ဂျင်နီယာနည်းပညာများကို လက်တွေ့သင်ခန်းစာများ ပိုမိုဆောင်ရွက်ရန် အားပေးပါကြောင်း။

ရန်ကုန်နည်းပညာတက္ကသိုလ် မြှင့်တင်ရေးလုပ်ငန်းများကို Master Plan ချမှတ်၍ဆောင်ရွက်လျက်ရှိရာ ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ JICA အင်ဂျင်နီယာပညာရေးအဆင့်မြှင့်တင်ခြင်း စီမံကိန်းအား ၂၀၁၃ ခုနှစ်တွင် ဆွေးနွေးမှုမှတ်တမ်း(Record of Discussion)လက်မှတ်ရေးထိုးပြီး သင်ရိုးညွှန်းတမ်းနှင့် သုတေသနအရည်အသွေးပြည့်မီရေးတို့အတွက် အနီးကပ်ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ရန်ကုန်နည်းပညာတက္ကသိုလ်(YTU)တွင် MJTDC 1 နှင့် 2 တို့ကိုအသုံးပြု၍ သင်ကြားသင်ယူလေ့ကျင့်ရေးနှင့် သုတေသနအခြေပြု အဆင့်မြင့်နည်းပညာတက္ကသိုလ်အဖြစ် အောင်မြင်စွာ ရပ်တည်နိုင်မည်ဟု ယုံကြည်ပါကြောင်း။

**ဆက်လက်အရှိန်အဟုန်မြှင့်**

ရန်ကုန်နည်းပညာတက္ကသိုလ်အနေဖြင့်လည်း ဒေသအကျိုးပြုနှင့် နိုင်ငံအကျိုးပြုသုတေသနနှင့် လူ့စွမ်းအားအရင်းမြစ်ဖွံ့ဖြိုးမှုလုပ်ငန်းများ ဆက်လက်အရှိန်အဟုန်မြှင့်ဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားလိုပါကြောင်း၊ ပုဂ္ဂလိက၊ လူမှုအဖွဲ့အစည်းများနှင့်လည်း ပူးပေါင်းဆောင်ရွက်ကြပြီး အထူးပြုသုတေသနနယ်ပယ်များ၊ ဘွဲ့သင်တန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ပေးကြရန် ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး မစ္စတာ အိချီရော့မာရုယာမနှင့် ဂျပန်-မြန်မာ Association မှ Secretary General Mr.Yuichi Watanabe တို့က အမှာစကားပြောကြားသည်။

ဆက်လက်၍ ရန်ကုန်နည်းပညာတက္ကသိုလ် ပါမောက္ခချုပ်က သုတေသနစင်တာ နှစ်ခုတွင် တပ်ဆင်ထားသော စက်ပစ္စည်းများနှင့် အသုံးပြုမည့်အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် JACA Myanmar Office မှ Masayuki Karasawa က အမှာစကားပြောကြားသည်။

ယင်းနောက် Myanmar-Japan Technological Development Center နှစ်ခုကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး သုတေသနလက်တွေ့ပစ္စည်းများကို ကြည့်ရှုကြသည်။

**တပ်ဆင်ထား**

ယခုဖွင့်လှစ်လိုက်သော မြန်မာ-ဂျပန် နည်းပညာဖွံ့ဖြိုးရေးဌာန အဆောက်အဦနှစ်ခု(Myanmar-Japan Technological Development Centre 1 and 2)တွင် အဆင့်မြင့်သုတေသနများ ဆောင်ရွက်နိုင်သည့် စက်ပစ္စည်းများကို သုတေသနဓာတ်ခွဲခန်း(Research Laboratory) များ ၂၅ ခုခွဲ၍ တပ်ဆင်ထားပြီး စက်ပစ္စည်းများကို မြို့ပြအင်ဂျင်နီယာဘာသာ၊ စက်မှုအင်ဂျင်နီယာဘာသာ၊ အီလက်ထရွန်နစ်အင်ဂျင်နီယာဘာသာ၊ လျှပ်စစ်စွမ်းအားအင်ဂျင်နီယာဘာသာ၊ မက္ကာထရောနစ်အင်ဂျင်နီယာဘာသာ၊ ဓာတုအင်ဂျင်နီယာဘာသာ၊ သတ္တုဗေဒအင်ဂျင်နီယာနှင့် ဒြပ်ပစ္စည်းသိပ္ပံဘာသာ၊ ဇီဝနည်းပညာဘာသာဆိုင်ရာ ဘွဲ့ကြိုကျောင်းသား ကျောင်းသူများနှင့် ဘွဲ့လွန်ကျောင်းသား ကျောင်းသူများအတွက် သင်ကြားသင်ယူ လုပ်ငန်းစဉ်များနှင့် သုတေသနလုပ်ငန်းများအတွက် လက်တွေ့အသုံးချဆောင်ရွက်နိုင်ရန်အတွက် စက်ပစ္စည်းများကို တန်ဖိုးအားဖြင့် ဂျပန်ယန်း ၂၅၈၂ သန်းသုံးစွဲ တပ်ဆင်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင် ကရင်အမျိုးသားနှစ်သစ်ကူးနေ့အခမ်းအနား တက်ရောက်

**နေပြည်တော် ဒီဇင်ဘာ ၂၆**

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်သည် ယနေ့နံနက် ၇ နာရီတွင် ကရင်ပြည်နယ် ဘားအံမြို့ သီရိကွင်း၌ ကျင်းပသည့် ကရင်သက္ကရာဇ်၂၇၅၉ ခုနှစ် ကရင်အမျိုးသားနှစ်သစ်ကူးနေ့ အခမ်းအနားသို့ တက်ရောက်သည်။





အခမ်းအနားသို့ ကရင်ပြည်နယ်ဝန်ကြီးချုပ် နန်းခင်ထွေးမြင့်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစောချစ်ခင်၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ကရင်တိုင်းရင်းသားလူမျိုးများနှင့် ဒေသခံတိုင်းရင်းသားတိုင်းရင်းသူများ တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားမတိုင်မီ နံနက် ၆ နာရီတွင် ကရင်အမျိုးသားအလံတင်အခမ်းအနားကိုကျင်းပရာ ကရင်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစောချစ်ခင်က ကရင်အမျိုးသားအလံကိုလွှင့်တင်ပေးပြီး တက်ရောက်လာကြသူများက ကရင်အမျိုးသားအလံကို အလေးပြုကြသည်။ ထို့နောက် ကရင်အမျိုးသားအလံတော်သမိုင်းကြောင်းကို ဖတ်ကြားပြီး ကရင်အမျိုးသားသီချင်းဖြင့် သီဆိုဂုဏ်ပြု၍ အလံတင်အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**ဆက်လက်ကျင်းပ**

ထို့နောက် နံနက် ၇ နာရီတွင် ကရင်အမျိုးသားနှစ်သစ်ကူးနေ့ အခမ်းအနားကို ဆက်လက်ကျင်းပရာ အခမ်းအနားတက်ရောက်လာကြသူများက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံနှင့် ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများနှင့် ရဲဘော်အပေါင်းတို့အား အလေးပြုကြသည်။

ယင်းနောက် အခမ်းအနားသဘာပတိ ကရင်ပြည်နယ်ဝန်ကြီးချုပ် နန်းခင်ထွေးမြင့်က ကရင်အမျိုးသားနှစ်သစ်ကူးနှုတ်ခွန်းဆက်အမှာစကားပြောကြားသည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ထံမှ ကရင်အမျိုးသားနှစ်သစ်ကူးနေ့အတွက် ပေးပို့လာသော သဝဏ်လွှာကို တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်က ဖတ်ကြားသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းထံမှ ပေးပို့လာသော သဝဏ်လွှာကို ကရင်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစောချစ်ခင်က ဖတ်ကြားသည်။

ဆက်လက်၍ ကရင်အမျိုးသားနှစ်သစ်ကူးနေ့ဖြစ်ပေါ်လာပုံအကျဉ်းကို တက္ကသိုလ်ကျောင်းသား ကျောင်းသူများက မြန်မာဘာသာ၊ ပိုးကရင်ဘာသာ၊ စကောကရင်ဘာသာတို့ဖြင့် ဖတ်ကြားတင်ပြပြီး ကရင်ပြည်နယ်ရှိ ဂုဏ်ပြုခံ အထင်ကရသက်ကြီးကရင်အဘိုးအဘွားများ၏ ကိုယ်ရေးအကျဉ်းကို ဖတ်ကြားကာ ဂုဏ်ပြုခံ အထင်ကရသက်ကြီးကရင်အဘိုးအဘွားများအား ဂုဏ်ပြုလက်ဆောင်ပေးအပ်ကြသည်။

ယင်းနောက် ကရင်အမျိုးသားနှစ်သစ်ကူးနေ့အခမ်းအနားကို စည်းလုံးခြင်းသည်အင်အား တေးသီချင်းသီဆို၍ ရုပ်သိမ်းလိုက်သည်။

**ကြည့်ရှုစစ်ဆေး**

ယင်းနောက် ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်သည် နံနက် ၁၁ နာရီခွဲတွင် ကရင်ပြည်နယ် ဘားအံမြို့ အမှတ်(၄)ရပ်ကွက် သီရိလမ်းရှိ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ကရင်ပြည်နယ်ညွှန်ကြားရေးမှူးရုံးအား သွားရောက် ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် မွန်းလွဲ ၁ နာရီတွင် မီးဘေးသင့်ပြည်သူများအား စောင့်ရှောက်ထားရှိသည့် မွန်ပြည်နယ် ကျိုက်မရောမြို့ လက်ပန်ကျေးရွာရှိ အခြေခံပညာအလယ်တန်းကျောင်းခွဲသို့ သွားရောက်ပြီး မီးဘေးသင့်ပြည်သူများအား တွေ့ဆုံအားပေးစကားပြောကြားပြီး ထောက်ပံ့ငွေနှင့် ထောက်ပံ့ပစ္စည်းများပေးအပ်သည်။

ယင်းနောက် မွန်ပြည်နယ်မှ ပအိုဝ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး နန်းစံဝင့်ခိုင်နှင့် ရှင်စောပု မွန်အမျိုးသမီးစွမ်းဆောင်ရှင်များအသင်းဥက္ကဋ္ဌ မိကျင်သန်းတို့က ထောက်ပံ့ရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက မီးဘေးသင့်အိမ်ခြေ ၁၅ လုံးအတွက် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၏ ထောက်ပံ့ငွေများ၊ စားနပ်ရိက္ခာနှင့် အသုံးအဆောင်ပစ္စည်းများကို ပေးအပ်ကြပြီး မီးဘေးသင့်ပြည်သူများကိုယ်စား ကျိုက်မရောမြို့နယ်အုပ်ချုပ်ရေးမှူးက ကျေးဇူးတင်စကားပြောကြားသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက မီးလောင်ကျွမ်းခဲ့သည့်နေရာသို့ သွားရောက်ကြည့်ရှုသည်။

**ပေးအပ်ထောက်ပံ့**

လက်ပန်ကျေးရွာ မီးဘေးသင့်အိမ်ထောင်စုများအား ဒီဇင်ဘာ ၂၂ ရက်၌ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနက မီးလောင်ကျွမ်းခဲ့သည့် နှစ်ထပ်ပျဉ်ထောင်အိမ် ၁၄ လုံးအတွက် ထောက်ပံ့ငွေကျပ် ၂၈ သိန်းနှင့် တဲအိမ်တစ်လုံးအတွက် ထောက်ပံ့ငွေကျပ် တစ်သိန်း စုစုပေါင်း ၂၉ သိန်း၊ ခြင်ထောင်၊ စောင်၊ မီးဖိုချောင်သုံးပစ္စည်း ခုနစ်မျိုး၊ မီးဘေးသင့်သူ ၅၈ ဦးအတွက် ဆန်ရိက္ခာ တန်ဖိုးငွေကျပ် ၁၂၁၈၀၀၀ နှင့် ကယ်ဆယ်ရေးပစ္စည်း ၁၆ မျိုး၊ ယနေ့တွင် အိမ်ထောင်စု ၁၅ စုအတွက် ထောက်ပံ့ပစ္စည်း ခန့်မှန်းတန်ဖိုး ငွေကျပ် ခုနစ်သိန်း၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနနှင့် ရှင်စောပုမွန်အမျိုးသမီးစွမ်းဆောင်ရှင်များအသင်းမှထောက်ပံ့ငွေ၊ ဆန်၊ ဆီ၊ ခေါက်ဆွဲခြောက် စုစုပေါင်း ငွေကျပ် ၂၅ သိန်းခန့် တန်ဖိုးရှိပစ္စည်းများ ပေးအပ်ထောက်ပံ့ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မန္တလေး၌ (၈၂) ကြိမ်မြောက် ကရင်အမျိုးသားနှစ်သစ်ကူးအခမ်းအနား ကျင်းပ

**မန္တလေး ဒီဇင်ဘာ ၂၆**

(၈၂)ကြိမ်မြောက် ကရင်အမျိုးသားနှစ်သစ်ကူး အခမ်းအနားကို ယနေ့နံနက် ၇ နာရီက ချမ်းမြသာစည်မြို့နယ်ရှိ သာသနာ ၂၅၀၀ ဗိမာန်တော်တွင် ကျင်းပသည်။

ကရင်အမျိုးသားသီချင်းကို အခမ်းအနားတွင် တက်ရောက်လာသူများက သံပြိုင်သီဆိုဖွင့်လှစ်ပြီး ကရင်နှစ်သစ်ကူး ကျင်းပရေးကော်မတီနာယက ဆရာတော်က ကရင်နှစ်သစ်မင်္ဂလာ အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ကရင်နှစ်သစ်ကူး ကျင်းပရေးဗဟိုကော်မတီ(မဟာရန်ကုန်)မှပေးပို့လာသော နှစ်သစ်မင်္ဂလာသဝဏ်လွှာ၊ နှစ်သစ်ကူးနေ့ဖြစ်ပေါ်လာပုံအကြောင်း၊ နှစ်သစ်မင်္ဂလာကျေးဇူးတင်ဝမ်းမြောက် ကြောင်းတို့ကို ကရင်နှစ်သစ်ကူးကျင်းပရေးကော်မတီမှ တာဝန်ရှိသူများက အသီးသီးပြောကြားခဲ့သည်။

**ဆုများချီးမြှင့်**

အခမ်းအနားတွင် ကရင်တိုင်းရင်းသူတိုင်းရင်းသားလေးများက အရှေ့ပိုးကရင်ဘာသာ၊ အနောက်ပိုးကရင်ဘာသာ၊ စကောကရင်ဘာသာ၊ မြန်မာဘာသာတို့ဖြင့် အသီးသီးနှုတ်ခွန်းဆက်စကားများပြောကြားပြီး ၂၀၁၈-၂၀၁၉ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းအောင် ထူးချွန်ကျောင်းသား ကျောင်းသူများကို ကရင်နှစ်သစ်ကူးကျင်းပရေးကော်မတီမှ တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

(၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့အကြိုဂုဏ်ပြုဆောင်းပါး

# လွတ်လပ်ပြီဆိုရုံမျှဖြင့် ကျေနပ်မနေသင့်ဘဲ လွတ်လပ်ရေးနှင့်ထိုက်တန်အောင် ကြိုးပမ်းအားထုတ်ကြပါစို့

အညတြ

ဆောင်းရာသီကာလလည်းဖြစ်၊ အေးချမ်းလှသည့် ဒီဇင်ဘာနံနက်ခင်းလည်းဖြစ်၍ နံနက်စောစော ဝေလီဝေလင်းအချိန်တွင် ကျွန်တော်၏ မိသားစုနှင့်အတူ မြို့ပတ်လမ်းလျှောက်ထွက်ဖြစ်သည်။ နံနက်စောစော ဝေလီဝေလင်းဖြစ်၍ လမ်းသွားလမ်းလာ လူသွားလူလာလည်းရှင်း၊ ယာဉ်သွားယာဉ်လာလည်း မများသေးသောအချိန်အခါဖြစ်၍ စိတ်ချမ်းမြေ့ဖွယ်ကောင်းသော နံနက်ခင်းလေးဟု ဆိုချင်ပါသည်။

**လွတ်လပ်ခြင်း၊ ပျော်ရွှင်ခြင်းအရသာ တဖြည်းဖြည်းဆိတ်သုဉ်း**

လွတ်လပ်ခြင်း၏အရသာကို ကျွန်တော်တို့မိသားစု အပြည့်အဝခံစားရင်း တစ်နံနက်ခင်းစာ ကျေနပ်ခြင်းများဖြင့် လမ်းလျှောက်ထွက်ကြသည်မှာ ကြာပြီဖြစ်သည်။

နေ့စဉ် နံနက် ၆ နာရီမှစ၍ အချိန်ကာလ တစ်နာရီစာမျှ ကျန်းမာရေးကိုဦးစားပေးပြီး မိသားစုလမ်းလျှောက်ထွက်ကြရာ၌ ရောင်နီသန်းလာသည်နှင့် လမ်းမများပေါ်တွင် ယာဉ်သွားယာဉ်လာများ၊ လူသွားလူလာများ တစ်စတစ်စနှင့် များပြားလာသည်။ လူသွားလူလာများလာသည်နှင့်အတူ ဈေးရောင်း၊ ဈေးဝယ်သူများလည်း တိုး၍တိုး၍ လာသည်။ ထိုအခါ အစောပိုင်း နံနက်ခင်း စိတ်ချမ်းမြေ့ဖွယ် အခင်းအကျင်းများ တစ်စတစ်စနှင့် နေလာနှင်းပျောက်သကဲ့သို့ ပျောက်ကွယ်သွားတော့သည်။ လွတ်လပ်ခြင်း၊ ပျော်ရွှင်ခြင်းအရသာသည်လည်း တဖြည်းဖြည်း ဆိတ်သုဉ်းသွားသည်။

**နေ့စဉ်လူမှုဘဝ သံသရာဖြစ်**

လမ်းလျှောက်ခြင်း အစီအစဉ်မှာလည်း ပြီးဆုံးလုပြီဖြစ်၍ လူတိုး၊ ကားရှောင်၊ ဈေးရောင်း ဈေးဝယ်တို့ကို ကျော်လွှားကာ နေအိမ်ဂေဟာဆီသို့ ခပ်သုတ်သုတ် ထွက်ခွာရတော့သည်။ မိမိတို့နေအိမ်ဂေဟာသည် လူစည်ကားသော မြို့လယ်နေရာတွင်ဖြစ်၍ ဈေးရောင်းသူတို့၏ ပလက်ဖောင်းပေါ်၊ လမ်းဥပစာပေါ်မှ နေရာယူထားမှုများ၊ ဈေးဝယ်သူ၏ တိုးဝှေ့ဝယ်ယူမှုများ၊ မော်တော်ယာဉ်လိုင်းအမျိုးမျိုးတို့၏ လုယက်မောင်းနှင်မှုများ၊ ကိုယ်ပိုင်ယာဉ် သူဖယ်ငါဦး နေရာဦးမှုများ၊ ခရီးသွားလာသူများ၏ ကသုတ်ကရက်သွားလာမှုများနှင့် နိစ္စဓူဝ ကြုံတွေ့နေကြရသည်မှာ အဆန်းတော့မဟုတ်ပေ။ ပြည်သူလူထု၏ နေ့စဉ်လူမှုဘဝ သံသရာ ဖြစ်သည်။

**လွတ်လပ်ခြင်းဟူသည့် အခွင့်အရေးများ**

သမုဒ္ဒရာ ဝမ်းတစ်ထွာအတွက် နံနက် မိုးလင်းသည်နှင့် ရှန်းကန်လှုပ်ရှားနေကြရသည်မှာ ပြည်သူလူထု၏ ဓမ္မတာဖြစ်၍ အားလုံးက ကိုယ်ချင်းစာနာနားလည်နိုင်ကြပါသည်။ မြန်မာပြည်သားတို့အနေဖြင့် လူမှုဘဝနယ်ပယ်တွင် ကျင်လည်လှုပ်ရှားကြရာ၌ ဆိုင်ရာဆိုင်ရာ ကိုယ်စီကိုယ်စီ လွတ်လပ်ခွင့်များ ရရှိနေကြပါသည်။ လွတ်လပ်သောမြန်မာပြည်သည် ဤသို့ပင် ဖြစ်ပါသည်။ များထိုလူတို့ မြို့တော်တစ်ခွင်တွင် ဤသို့ ဤပုံ လွတ်လွတ်လပ်လပ် ရှင်သန်လှုပ်ရှားခွင့်များ ရရှိနေကြသည်ကို နားလည်ကြသော်လည်း လွတ်လပ်ခြင်းဟူသည့် အခွင့်အရေးများ ပိုနေသည်ဟု ဆိုချင်ပါသည်။

**ဗိုလ်ချုပ် ရှင်းရှင်းလင်းလင်းပြောကြား**

အမျိုးသားခေါင်းဆောင်ကြီး လွတ်လပ်ရေးဗိသုကာကြီး ဗိုလ်ချုပ်အောင်ဆန်းက လွတ်လပ်ရေးမရမီ အကြိုကာလက ပြောကြားခဲ့သည့် လွတ်လပ်ပြီဆိုပြီး လမ်းပေါ်တက် ဆေးရိုးလှန်းသူများ ဥပမာကို ပြန်ပြောင်းသတိရမိပါသည်။ မလွတ်လပ်သေးသောကာလတွင် လွတ်လပ်ခြင်း၏ အဓိပ္ပာယ်၊ လွတ်လပ်ခြင်း၏ တန်ဖိုး၊ လွတ်လပ်သောနိုင်ငံသားတို့၏ လိုက်နာဆောင်ရွက်ရမည့် အချက်များကို ဗိုလ်ချုပ်က ရှင်းရှင်းလင်းလင်း ပြောကြားခဲ့ပြီးဖြစ်သည်။ လွတ်လပ်ပြီဆိုပြီး အများပြည်သူပိုင်သည့် လမ်းပေါ်တွင် လွတ်လွတ်လပ်လပ် လုပ်ချင်ရာလုပ်၍ မရနိုင်ပေ။ အများပြည်သူပိုင်သည့် နေရာဟူသည်မှာ အများပြည်သူတို့ လိုက်နာရမည့်စည်းကမ်းနှင့်အညီ နေထိုင်လုပ်ကိုင် သွားလာကြရမည်ဖြစ်သည်။ သို့မှသာ လွတ်လပ်သောနိုင်ငံ၊ လွတ်လပ်သောဂုဏ်ဒြပ်နှင့် ညီပေမည်။

**လွတ်လွတ်လပ်လပ် လုပ်ကိုင်ဆောင်ရွက်**

ဈေးရောင်းဈေးဝယ် ရောင်းဝယ်ဖောက်ကားရန်အတွက် သက်ဆိုင်ရာက ဈေးနေရာများ သတ်မှတ်ခွင့်ပြုပေးထားသည်။ ယာဉ်များသွားလာရန်အတွက် သတ်မှတ်လမ်းများပြဋ္ဌာန်းပေးထားသည်။ လူများသွားလာရန်အတွက် ပလက်ဖောင်းများ သတ်မှတ်ခင်းကျင်းပေးထားသည်။ ယာဉ်ထားရန်၊ ယာဉ်ရပ်ရန်အတွက် ယာဉ်ပါကင်များ၊ ခေတ္တရပ်နားရန်နေရာများ သတ်မှတ်ပေးထားသည်။ အမှိုက်ပစ်ရန်အတွက် အမှိုက်ပုံးများ၊ အမှိုက်သိမ်းသူများ၊ အမှိုက်သိမ်းယာဉ်များ စီစဉ်ပေးထားသည်။ သို့သော် အဆိုပါသတ်မှတ်ချက်များသည် သတ်မှတ်ချက်သာဖြစ်သည်။ သတ်မှတ်ချက်အတိုင်း လိုက်နာဆောင်ရွက်သည့် ပြည်သူများလည်းရှိသလို ဖောက်ဖျက်၍ မြို့တော်တစ်ခွင်တွင် ကိုယ့်နည်းကိုယ့်ဟန် သတ်မှတ်ချက်များဖြင့် လွတ်လွတ်လပ်လပ် လုပ်ကိုင်ဆောင်ရွက်ကြသူများလည်း ရှိသည်။ ယင်းတို့မှာ လွတ်လပ်ခြင်းဟု မဆိုကြောင်း သူတို့ မေ့လျော့နေကြသည်။

**မြို့တော်အင်္ဂါရပ်ကို မှေးမှိန်စေ**

စည်းကမ်းထိန်းသိမ်းသူနှင့် စည်းကမ်းလိုက်နာရမည့်သူများမှာ လိုက်တမ်းပြေးတမ်းဆော့သကဲ့သို့ ဖြစ်နေသည်မှာ ခေတ်အဆက်ဆက်ဖြစ်သည်။ ပြည်သူများ၏ စားဝတ် နေရေးကို ငဲ့ညှာရာမှ စည်းကမ်းထိန်းသိမ်းလိုက်၊



အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း ရန်ကုန်မြို့ မဟာဗန္ဓုလပန်းခြံတွင် လွတ်လပ်ရေးအတွက် လူထုကိုစည်းရုံးဟောပြောခဲ့စဉ်။

စည်းကမ်းဖောက်ဖျက်လိုက်ဖြင့် စည်းကမ်းရှိသော နိုင်ငံသားများ၊ စည်းကမ်းရှိသော မြို့တော်ဖြစ်ပေါ်လာရေးမှာ အလှမ်းဝေးနေသည်။ လွတ်လပ်ခြင်း၏အရသာကို မြို့တော်တစ်ခွင်မှ ပြည်သူတို့ ခံစားနေရသည်မှာ မွန်းကျပ်ခြင်းနှင့် ညစ်ထေးခြင်းသာဖြစ်သည်။ ဈေးရောင်းဈေးဝယ်ခြင်းနှင့် မော်တော်ယာဉ်ထူထပ်ခြင်းမှ နောက်ဆက်တွဲအကျိုးဆက်များသည် မြို့တော်အင်္ဂါရပ်ကို မှေးမှိန်စေသည်မှာ အမှန်ဖြစ်သည်။

**သတိပေးစကား ပြောကြား**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ဒီဇင်ဘာလ ၂၄ ရက်နေ့တွင် ဧရာဝတီတိုင်းဒေသကြီး လပွတ္တာ (ပင်လယ်လေး) တံတားဖွင့်ပွဲအခမ်းအနားသို့အသွား၌ လမ်းတွင် အမှိုက်ပစ်ခြင်းနှင့်ပတ်သက်၍ အသိပညာပေး သတိပေးစကား ပြောကြားခဲ့သည်။ အမှိုက်ပစ်ခြင်းကို မပြုလုပ်ကြရန်၊ ကိုယ့်နိုင်ငံကို တန်ဖိုးထားရန်၊ ကိုယ့်ပတ်ဝန်းကျင်ကို တန်ဖိုးထားရန်နှင့် ကိုယ့်ပြည်သူများ ကိုယ့်နိုင်ငံတွင် ကိုယ့်နိုင်ငံ ရှုပ်ထွေးအောင်လုပ်ခြင်းကို မကြိုက်ဆုံးဖြစ်ကြောင်း ပြောကြားခဲ့ပြီး လူတိုင်းလူတိုင်း ကိုယ့်နိုင်ငံသည် ကိုယ့်အိမ်၊ ကိုယ့်မိသားစုအိမ်ဖြစ်သည့်အတွက် ပို၍တန်ဖိုးရှိသည်ကို သဘောပေါက်ရန် အသိပေးခဲ့သည်။

**တိုက်တွန်းပြောကြား**

လွတ်လပ်သောနိုင်ငံ၊ လွတ်လပ်သည့်နိုင်ငံ၏ ဂုဏ်ဒြပ်နှင့်ကိုက်ညီအောင် အားလုံးသည် စည်းကမ်းလိုက်နာခြင်းဖြင့် သူ့နေရာနှင့်သူ နိုင်ငံကို အကျိုးပြုနိုင်ပေသည်။ နိုင်ငံသူ နိုင်ငံသား တစ်ဦးချင်း တစ်ဦးချင်းသည် နိုင်ငံကို အကျိုးပြုနိုင်သည်။ ဤကဲ့သို့ အမှိုက်ပစ်ခြင်းကို ရှောင်ကြဉ်ခြင်း၊ စည်းကမ်းလိုက်နာခြင်းမှအစ နိုင်ငံကို အကျိုးပြုနိုင်ပါသည်။ ကိုယ်၏အင်အားကို ကိုယ်နားလည်ရမည်။ ယုံကြည်ရမည်။ တန်ဖိုးထားရမည်။ သို့မှသာ ကိုယ့်အင်အားကိုလည်း ကိုယ်အလွဲသုံးစားမလုပ်သည့် အခြေအနေကို ရောက်သွားမည်။ ကိုယ်တန်ဖိုးထားသည့်ပစ္စည်းဆိုလျှင် အလွဲသုံးစားမလုပ်။ တန်ဖိုးထားရမှန်းသိလျှင် အလွဲသုံးစားမလုပ်။ ထို့ကြောင့် ကိုယ့်အင်အားများကို တန်ဖိုးထားပါ။ အလွဲသုံးစားမလုပ်ပါနှင့်။ နိုင်ငံအတွက် သုံးပါ။ အားလုံးအတွက်သုံးပါဟု နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က တိုက်တွန်းပြောကြားထားသည်။

**အားလုံးကိုယ်စီ အသိတရားများရ**

ကျွန်တော်တို့မိသားစု ဝေလီဝေလင်း နံနက်ခင်း လမ်းလျှောက်ခြင်းမှ ရရှိခဲ့သော လွတ်လပ်ခြင်း၏ အရသာသည် တဒင်္ဂမျှသာ ဖြစ်သည်။ လွတ်လပ်ခြင်းကိုအလွဲသုံးစားလုပ်သူအချို့ကြောင့် လွတ်လပ်ခြင်း၏အရသာသည် တခဏနှင့် ဆုံးရှုံးသွားခဲ့သည်။ လူသည် ကိုယ်ကျိုးစီးပွားအတွက် လုပ်ကိုင်ကြသည်မှန်သော်လည်း အများမထိခိုက်အောင်လုပ်ကိုင်မှ လွတ်လပ်သည့်နိုင်ငံ၏ ဂုဏ်ဒြပ်နှင့်ညီပေမည်။ အားလုံးကိုယ်စီ အသိတရားများ ရှိကြသည်ဖြစ်၍ မိမိကိုယ်ကိုယ်တန်ဖိုးထားပြီး အလွဲသုံးစားမလုပ်ဘဲ နိုင်ငံအတွက်၊ အားလုံးအတွက် အသုံးပြုစေချင်သည်။

**ဂုဏ်တင့်တယ်သော လွတ်လပ်သည့်နိုင်ငံ**

ကျွန်တော်တို့မိသားစုသာမက ကျွန်တော်တို့ပြည်သူအားလုံး လွတ်လပ်ခြင်း၏အရသာကို အပြည့်အဝ ရရှိခံစားနိုင်ရေးတွင် ကျွန်တော်တို့ဘိုးဘွားများ အရယူပေးခဲ့သည့် လွတ်လပ်ရေးကို လွတ်လပ်ပြီဆိုရုံမျှနှင့် ကျေနပ်မနေသင့်ဘဲ ရရှိပြီးသော လွတ်လပ်မှုကို အလွဲသုံးစားမပြုလုပ်မှသာ လွတ်လပ်ရေးနှင့် ထိုက်တန်သည့်၊ တန်ဖိုးရှိသော လွတ်လပ်ရေးဖြစ်သည့် ဂုဏ်တင့်တယ်သော လွတ်လပ်သည့်နိုင်ငံဖြစ်လာစေရန် စည်းကမ်းရှိခြင်းအလေ့အထကို ကြိုးပမ်းတည်ဆောက်ကြရဦးမည် ဖြစ်ပါသတည်း။ ။

လွတ်လပ်သောနိုင်ငံ၊ လွတ်လပ်သည့်နိုင်ငံ၏ ဂုဏ်ဒြပ်နှင့်ကိုက်ညီအောင် အားလုံးသည် စည်းကမ်းလိုက်နာခြင်းဖြင့် သူ့နေရာနှင့်သူ နိုင်ငံကို အကျိုးပြုနိုင်ပေသည်။ နိုင်ငံသူ နိုင်ငံသား တစ်ဦးချင်း တစ်ဦးချင်းသည် နိုင်ငံကို အကျိုးပြုနိုင်သည်။ ဤကဲ့သို့ အမှိုက်ပစ်ခြင်းကို ရှောင်ကြဉ်ခြင်း၊ စည်းကမ်းလိုက်နာခြင်းမှအစ နိုင်ငံကို အကျိုးပြုနိုင်ပါသည်။ ကိုယ်၏အင်အားကို ကိုယ်နားလည်ရမည်။ ယုံကြည်ရမည်။ တန်ဖိုးထားရမည်။ သို့မှသာ ကိုယ့်အင်အားကိုလည်း ကိုယ်အလွဲသုံးစားမလုပ်သည့် အခြေအနေကို ရောက်သွားမည်။ ကိုယ်တန်ဖိုးထားသည့် ပစ္စည်းဆိုလျှင် အလွဲသုံးစားမလုပ်။ တန်ဖိုးထားရမှန်းသိလျှင် အလွဲသုံးစားမလုပ်။ ထို့ကြောင့် ကိုယ့်အင်အားများကို တန်ဖိုးထားပါ။ အလွဲသုံးစားမလုပ်ပါနှင့်။ နိုင်ငံအတွက် သုံးပါ

# ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာမဟာဗျူဟာ ဆွေးနွေး




**လားရှိုး ဒီဇင်ဘာ ၂၆**

ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာနှင့်ပတ်သက်၍ ရှင်းလင်းခြင်းနှင့်ပူးပေါင်း အကောင်အထည် ဖော်နိုင်ရေးအတွက် ဆွေးနွေးခြင်းကို ယနေ့ မွန်းလွဲပိုင်းတွင် ရှမ်းပြည်နယ် လားရှိုးမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး တက်ရောက်သည်။

**တက်ရောက်**

အဆိုပါအခမ်းအနားသို့ ဒုတိယဝန်ကြီး ဦးစိုးအောင်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ယာယီခိုလှုံရာစခန်းများမှ တာဝန်ရှိသူများ၊ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့ ကိုယ်စားလှယ်များ၊ လူမှုအဖွဲ့အစည်းများ၊ UN၊ NGO၊ INGO အဖွဲ့ ကိုယ်စားလှယ်များ၊ ယာယီခိုလှုံရာစခန်းများမှ ပြည်သူများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာကို လာရောက်ရှင်းလင်းခြင်းဖြစ်သကဲ့သို့ ပူးပေါင်းဆောင်ရွက်ပေးကြရန် လာရောက်ဆွေးနွေးခြင်းဖြစ်ကြောင်း၊ အစိုးရအနေဖြင့် ပြည်သူများအားလုံး သာတူညီမျှခံစားရရှိရေးမှုကို ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ ဝန်ကြီးဌာနအသီးသီးက လိုအပ်သောမူဝါဒ၊ ဥပဒေ၊ နည်းဥပဒေ၊ မဟာဗျူဟာများကို ဖော်ဆောင်ပြီး အကောင်အထည်ဖော်လျက်ရှိကြောင်း၊ မိမိတို့ဝန်ကြီးဌာန အနေဖြင့် လူသားအရင်းအမြစ်များ၏ စွမ်းရည်မြင့်မားစေရေးအတွက် လူမှုဝန်ထမ်းဦးစီးဌာန၏ ရေရှည်လုပ်ငန်းအဖြစ် ရှေးဦးအရွယ် ကလေးသူငယ်ဘဝမှစ၍ ကြိုးပမ်းလျက်ရှိကြောင်း၊ လူသားတစ်ဦးချင်းစီ၏ ရပ်တည်မှုနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ လူ့အခွင့်အရေးများရရှိရေးအတွက်လည်း ဆောင်ရွက်လျက်ရှိကြောင်း၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုများနှင့်ပတ်သက်၍ သဘာဝဘေးနှင့် လူကြောင့်ဖြစ်သော ဘေးများအတွက် လိုအပ်သောပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း။

**အကြီးမားဆုံးသော ဒုက္ခ**

ဘေးဒုက္ခများတွင် လက်နက်ကိုင်ပဋိပက္ခများကြောင့် တိုင်းရင်းသားပြည်သူများသည် မိမိတို့၏နေရပ်များကို စွန့်ခွာကြရပြီး ပညာရေး၊ ကျန်းမာရေး၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းနှင့် လူမှုရေးဒုက္ခများကို ခံစားရခြင်းသည် အကြီးမားဆုံးသော ဒုက္ခဖြစ်ကြောင်း၊ ထိုဒုက္ခများကင်းဝေးရန် ထိရောက်သော ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးရန် မိမိတို့တွင် တာဝန်ရှိကြောင်း၊ ယခု အမျိုးသားအဆင့် မဟာဗျူဟာကို ရေးဆွဲခြင်းဖြစ်ကြောင်း၊ ပြန်လည်နေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းစဉ်များသည် ချက်ချင်းဆောင်ရွက်၍ရသော လုပ်ငန်းမျိုးမဟုတ်ကြောင်း၊ အဘက်ဘက်က အခြေအနေပေးသော အချိန်တွင် အဆင်သင့်ဖြစ်ရန် စီစဉ်ဆောင်ရွက်ထားရခြင်းဖြစ်ကြောင်း၊ ရေရှည်တည်တံ့ခိုင်မြဲရေးကို ဦးတည်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ယခုမဟာဗျူဟာသည် မိမိတို့နိုင်ငံ၏ လိုအပ်ချက်များ၊ ဥပဒေများနှင့်ကိုက်ညီအောင် ရေးဆွဲထားသလို နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်အညီလည်း ဖြစ်ပါကြောင်း၊ ပြည်ထောင်စု ငြိမ်းချမ်းရေး ညီလာခံ–(၂၁)ရာစုပင်လုံ ဒုတိယအကြိမ်အစည်းအဝေး၏ ပြည်ထောင်စုသဘောတူစာချုပ်၊ လူမှုရေးကဏ္ဍ အခြေခံမူသဘောတူညီချက်များနှင့် အညီ ဆောင်ရွက်နိုင်စေရန် အထောက်အကူပြုမည် ဖြစ်ပါကြောင်း။

မဟာဗျူဟာသည် ပြည်တွင်းနေရပ်စွန့်ခွာသူများနှင့် ယာယီခိုလှုံရာစခန်းများ ဖွင့်လှစ်ထားသည့် ဒေသများအားလုံးအတွက် ခြုံငုံရေးဆွဲထားပါကြောင်း၊ သို့ရာတွင်လည်း ဒေသတစ်ခုနှင့်တစ်ခု မတူညီသည့်အတွက် မိမိတို့ဒေသနှင့်ကိုက်ညီသည့် လုပ်ငန်းစဉ်များကို သီးခြားစီရေးဆွဲ၍ ရေရှည်အကောင်အထည်ဖော်ကြရမည် ဖြစ်ကြောင်း၊ ပြည်တွင်းယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းနိုင်ရေးမှာ လုံခြုံရေး၊ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အပေါ်တွင် မူတည်ကြောင်း၊ မိမိတို့နိုင်ငံသည် ပြည်ထောင်စုနိုင်ငံဖြစ်သောကြောင့် ပြည်ထောင်စုနိုင်ငံသားတစ်ဦးချင်းစီက ငြိမ်းချမ်းလိုစိတ်ရှိပြီး ဘေးဒုက္ခခံစားရသော ပြည်သူများကို စာနာစိတ်ထားရှိရန် လိုအပ်ပါကြောင်း၊ နိုင်ငံတော်အနေဖြင့် နိုင်ငံသားအားလုံး သာတူညီမျှခံစားရရှိနိုင်သော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရန် အဘက်ဘက်က ကြိုးစားဆောင်ရွက်လျက်ရှိရာ ငြိမ်းချမ်းရေးကို အမှန်တကယ်လိုလားပြီး အားလုံးပူးပေါင်းဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ပြည်တွင်း နေရပ်စွန့်ခွာနေထိုင်ရခြင်းများကို အဆုံးသတ်နိုင်ရေး ဖြေရှင်းဆောင်ရွက်မှုနည်းလမ်းများကို ရှာဖွေသကဲ့သို့ လက်ရှိ နေရပ်စွန့်ခွာသူများအတွက် ဘေးကင်းလုံခြုံ၍ ဂုဏ်သိက္ခာရှိပြီး မှီခိုမှုကင်းသောဘဝများ ပြန်လည်တည်ဆောက်ရန် ရည်ရွယ်လျက် ရေရှည်အကျိုးကို မျှော်မှန်း၍ ဤမဟာဗျူဟာကို ရေးဆွဲထားခြင်းဖြစ်ပါကြောင်းနှင့် လက်တွေ့အကောင်အထည်ဖော်ရာတွင် ဒေသခံပြည်သူများ၊ လူမှုအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများအားလုံးက ပူးပေါင်းပါဝင်ပေးကြရန် တိုက်တွန်းပါကြောင်းပြောကြားသည်။

**အဓိကထားရည်ရွယ်**

ဆက်လက်၍ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာကိုကိုနိုင်က ပြည်တွင်း နေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာအမျိုးသားအဆင့် မဟာဗျူဟာနှင့်ပတ်သက်၍ ရှင်းလင်းရာ၌ မဟာဗျူဟာသည် ပြည်တွင်းနေရပ်စွန့်ခွာသူများအတွက် ဘေးကင်းလုံခြုံ၍ ဂုဏ်သိက္ခာရှိပြီး မှီခိုမှုကင်းသော ဘဝများ ပြန်လည်တည်ဆောက်ရန်အတွက် အဓိကထားရည်ရွယ်ပါကြောင်း၊ ပြည်တွင်းနေရပ်စွန့်ခွာသူများအား ပြန်လည်နေရာချထားပေးပြီးမှသာ စခန်းများကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်းနှင့် လူသားချင်းစာနာထောက်ထားမှု အကူအညီများကိုလည်း အချိန်အတိုင်းအတာတစ်ခုအထိ ပေးအပ်နိုင်ရန် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းကို ရှင်းလင်းစွာ အသိပေးလိုပါကြောင်းနှင့် မဟာဗျူဟာနှင့်ပတ်သက်၍ ဖြစ်ပေါ်လာပုံနှင့် ရှေ့ဆက်ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို တင်ပြသည်။

ထို့နောက် တက်ရောက်လာကြသော ယာယီခိုလှုံရာစခန်းများရှိ ကိုယ်စားလှယ် တိုင်းရင်းသားပြည်သူများက သိရှိလိုသည်များကို မေးမြန်းကြရာ ဒုတိယဝန်ကြီး ဦးစိုးအောင်နှင့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က ပြန်လည်ရှင်းလင်း ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့ ၁၀ ဖွဲ့အား ထောက်ပံ့ငွေကျပ် ၁၀ သိန်း ပေးအပ်ခဲ့ကြပြီး တက်ရောက်လာကြသူများနှင့် စုပေါင်းမှတ်တမ်းဓာတ်ပုံရိုက်သည်။ **သတင်းစဉ်**

# ခေတ်မီရထားလုပ်ငန်းများနှင့် စီမံခန့်ခွဲမှုလုပ်ငန်းများ သင်တန်းဆင်းပွဲ ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂၆**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားမှ အရာထမ်း၊ အမှုထမ်းများအား ခေတ်မီဖွံ့ဖြိုးတိုးတက်လျက်ရှိသော ရထားလုပ်ငန်းများနှင့် စီမံခန့်ခွဲမှုလုပ်ငန်းများအား သင်ကြားပေးခဲ့သည့် 2019 Seminar on Railway Planning and Construction in Myanmar သင်တန်းဆင်းပွဲကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ Horizon Lake View Hotel ၌ ကျင်းပသည်။



**ပြောကြား**

သင်တန်းဆင်းပွဲတွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးဝင်းခန့်နှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံး စီးပွားရေးရာ ကောင်စစ်ဝန် Mr.Tan Shufu တို့က သင်တန်းဆင်း ဂုဏ်ပြုအမှာစကားပြောကြားသည်။

အဆိုပါ သင်တန်းမှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန (MOFCOM) ၏ ထောက်ပံ့မှုဖြင့် CREEC မှ တာဝန်ယူကာ နေပြည်တော်ရှိ Horizon Lake View Resort Hotel ၌ နိုဝင်ဘာ၂၉ ရက်မှ ဒီဇင်ဘာ၂၆ ရက်အထိ လေးပတ်ကြာဖွင့်လှစ်သင်ကြားခဲ့သော 2019 Seminar on Railway Planning and Construction in Myanmar သင်တန်းဖြစ်ပြီး မြန်မာ့မီးရထားမှ အရာထမ်း၊ အမှုထမ်း ၄၀ တက်ရောက်သင်ကြားခဲ့သည်။

သင်တန်းကို တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ရထားပို့ဆောင်ရေးလုပ်ငန်းဆိုင်ရာ ကျွမ်းကျင်သူများ၊ နည်းပြများက မြန်မာနိုင်ငံသို့ လာရောက်၍ သင်တန်းများ ဖွင့်လှစ်သင်ကြားပေးခြင်းကြောင့် ယင်းနိုင်ငံသို့ စေလွှတ်တက်ရောက်ခွင့်ရသည့် သင်တန်းသားအင်အားထက် ပိုမိုတက်ရောက်စေနိုင်ခြင်း၊ မြန်မာ့မီးရထားမှ အရာထမ်း၊ အမှုထမ်း အရေအတွက်များများက ကုန်ကျစရိတ်သက်သာစွာဖြင့် တစ်ချိန်တည်း၊ တစ်ပြိုင်တည်း လေ့လာသင်ယူနိုင်ခြင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ခေတ်မီရထားလမ်း တည်ဆောက်ရေးဆိုင်ရာ နည်းပညာများအား လေ့လာသိရှိခွင့်ရရှိပြီး မိမိတို့၏ လုပ်ငန်းခွင်နှင့်ဆက်စပ်၍ အကျိုးရှိစွာ အသုံးချဆောင်ရွက်နိုင်မည့် အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



# ပြည်သူများ၏ဝင်ငွေတိုးမြှင့်ရေး ရုရှား၏နံပါတ်တစ်ရည်မှန်းချက်ဟု ပူတင်ပြောကြား



**မော်စကို ဒီဇင်ဘာ ၂၆**

ပြည်သူများ၏ဝင်ငွေတိုးမြှင့်ရေးသည် ရုရှားအစိုးရ၏နံပါတ်တစ်ရည်မှန်းချက်ပန်းတိုင်ဖြစ်ကြောင်း ရုရှားသမ္မတ ဗလာဒီမာပူတင်က ဒီဇင်ဘာ ၂၅ ရက်တွင် ပြောကြားသည်။

ပြည်သူများ၏ဝင်ငွေ၊ အထူးသဖြင့် ဝင်ငွေအနိမ့်ဆုံးအဆင့်တွင်ရှိနေသော ပြည်သူများ၏ ဝင်ငွေတိုးမြှင့်ပေးရေးသည် အစိုးရ၏ အဓိကတာဝန်ဝတ္တရားတစ်ရပ်ဖြစ်သည်ကို မိမိတို့အားလုံးသိရှိထားပြီးဖြစ်ကြောင်း ဗလာဒီမာပူတင်က ရုရှားအစိုးရအဖွဲ့နှင့် တွေ့ဆုံပွဲတစ်ရပ်တွင် ထည့်သွင်းပြောကြားခဲ့သည်။

**ပြောကြား**

ရုရှားပြည်သူများ၏ တစ်ဦးချင်းဝင်ငွေနှင့် လုပ်အားခသည် ယခုနှစ်၏ နောက်ဆုံး စတုတ္ထလေးလပတ်တွင် အနည်းငယ်တိုးတက်လာခဲ့ပြီးဖြစ်ရာ ယင်းဝင်ငွေနှင့်လုပ်အားခများ တိုးတက်လာမှုကို အစိုးရအနေဖြင့် ဆက်လက်ထိန်းသိမ်းထားပြီး အားကောင်းစေရန် လိုအပ်သည်ဟု ပူတင်က ထပ်မံပြောကြားခဲ့သည်။

ရုရှားနိုင်ငံ၏ စီးပွားရေးအခြေအနေနှင့်ပတ်သက်၍ ပူတင်က ထင်မြင်ချက်များပေးရာတွင် ရုရှားပြည်သူများ၏ ဝင်ငွေတိုးတက်လာမှုနှုန်းသည် ပြည့်စုံလုံလောက်ခြင်း မရှိသေးကြောင်း၊ သို့ဖြစ်ရာ နိုင်ငံတော်စီးပွားရေးတိုးတက်မှုနှုန်းကို တိုးမြှင့်ရန်အတွက် အတတ်နိုင်ဆုံးကြိုးပမ်းလုပ်ဆောင်သွားရန် လိုအပ်သလို နိုင်ငံတော်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတိုးမြှင့်ရန် လိုအပ်ကြောင်း ပူတင်က ဆက်လက်ပြောကြားသည်။

ရုရှားနိုင်ငံ၏ပြည်တွင်းအသားတင် ကုန်ထုတ်လုပ်မှုသည် ယခုနှစ်တွင် ၁ ဒသမ ၃ ရာခိုင်နှုန်းအထိ မြင့်တက်လာမည်ဟု ရုရှားဗဟိုဘဏ်က ခန့်မှန်းထားကြောင်း၊ ရုရှားအစိုးရသည် နိုင်ငံတော်စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကရည်မှန်းချက်ပန်းတိုင်မှာ ပြည်သူများ၏လူနေမှုအဆင့်အတန်း တိုးမြှင့်ရေးပင်ဖြစ်ကြောင်း ပူတင်က ထပ်လောင်းပြောကြားသည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-ဂျေတီ



# တရုတ်၊ တောင်ကိုရီးယား၊ ဂျပန်ထိပ်သီးအစည်းအဝေးမှာ အာရှဒေသအတွက်အလားအလာကောင်းဟု ကမ္ဘောဒီးယားပြောကြား

**ဖနွမ်းပင် ဒီဇင်ဘာ ၂၆**

တရုတ်၊ တောင်ကိုရီးယားနှင့် ဂျပန်နိုင်ငံတို့မှ ခေါင်းဆောင်များ၏ အစည်းအဝေးသည် အာရှဒေသအတွက် စီးပွားရေးဖွံ့ဖြိုးရန်နှင့် တည်ငြိမ်မှုရရှိရန် အလားအလာကောင်းကို ဦးတည်နေကြောင်း ကမ္ဘောဒီးယားဝန်ကြီးချုပ် ဆမ်ဒက်တက်ချိုဟွန်ဆင်က ပြောကြားခဲ့သည်။

တရုတ်၊ တောင်ကိုရီးယားနှင့် ဂျပန်နိုင်ငံခေါင်းဆောင်များ၏ (၈)ကြိမ်မြောက်အစည်းအဝေးကို တရုတ်နိုင်ငံအနောက်တောင်ပိုင်းဒေသ၏မြို့တော် ချန်ဒူးတွင် ကျင်းပခဲ့ပြီး အစည်းအဝေးတွင် သက်ဆိုင်ရာနိုင်ငံများမှ ခေါင်းဆောင်များက နိုင်ငံအချင်းချင်းပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ လွတ်လပ်စွာကုန်သွယ်ခွင့်နှင့် သက်ဆိုင်ရာနိုင်ငံများ၏ ဘုံအကျိုးစီးပွားကိုဆောင်ရွက်ရေးနှင့် ကိုရီးယားကျွန်းဆွယ်တွင် နျူကလီးယားကင်းစင်ရေးအတွက် ဆောင်ရွက်ရန်တို့ကို သဘောတူခဲ့ကြသည်။

ယခုကျင်းပသောအစည်းအဝေးသည် ဒေသတွင်းစီးပွားရေးအတွက် အပေါင်းလက္ခဏာဆောင်ကြောင်း၊ မိမိတို့၏ အာဆီယံဆွေးနွေးဖက်နိုင်ငံများဖြစ်သော တရုတ်၊ တောင်ကိုရီးယားနှင့် ဂျပန်တို့အနေဖြင့် ယခုကဲ့သို့ ဆွေးနွေးပွဲကျင်းပနိုင်ခြင်းမှာ ကောင်းမွန်သော ခြေလှမ်းတစ်ရပ်ဖြစ်ကြောင်း လွတ်လပ်စွာကုန်သွယ်ခွင့်နှင့် သက်ဆိုင်ရာနိုင်ငံများ၏ ဘုံအကျိုးစီးပွားကိုဆောင်ရွက်ရေးတို့အတွက် ယခုအစည်းအဝေးတွင် သဘောတူညီချက်များရရှိခဲ့သဖြင့် တရုတ်နှင့် အမေရိကန်တို့၏ ကုန်သွယ်ရေးဆိုင်ရာတင်းမာမှုကို လျှော့ချရန် အထောက်အကူပြုပြီး အမေရိကန်နှင့်အခြားနိုင်ငံများ၏ တင်းမာမှုများကိုလည်း လျှော့ချနိုင်မည်ဖြစ်ကြောင်း ဟွန်ဆန်က ပြောကြားသည်။

တရုတ်၊ တောင်ကိုရီးယားနှင့် ဂျပန်နိုင်ငံတို့၏ စီးပွားရေးလုပ်ငန်းပမာဏမှာ ကြီးမားသဖြင့် အပြန်အလှန်ဆက်ဆံရေးများ ကောင်းမွန်ပါက ၎င်းတို့ကိုသာမကဘဲ ဒေသတွင်းရှိ နိုင်ငံများကိုပါ အကျိုးရှိမည်ဟု ဟွန်ဆင်က ပြောကြားသည်။

ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ

# အမေရိကန်စစ်စခန်း ပြောင်းရွှေ့ရေး အမေရိကန်ဒေါ်လာ ၈ ဒသမ ၅ သန်း ကုန်ကျဖွယ်ရှိ

**တိုကျို ဒီဇင်ဘာ ၂၆**


ဖူတန်မာ အမေရိကန်မရိန်းလေတပ်စခန်း ပြောင်းရွှေ့ရန် စီစဉ်ထားမှုကို အလုံးစုံဆောက်လုပ်ပြီးစီးသည်အထိ အချိန် ၁၂ နှစ်ခန့် ကြာမြင့်မည်ဖြစ်ကြောင်းနှင့် ကနဦးမျှော်မှန်းထားသည်ထက် ငွေကြေးသုံးစွဲမှု ပိုမိုကုန်ကျမည်ဖြစ်ကြောင်း ဂျပန်ကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

အဆိုပါစခန်းကို နာဂိုမြို့ရှိ ဟီနိုကိုဒေသတွင် ပြောင်းရွှေ့နေရာချထားမည်ဖြစ်ပြီး အမေရိကန်ဒေါ်လာ ၈ ဒသမ ၅ ဘီလီယံ ကုန်ကျနိုင်ဖွယ်ရှိကြောင်း ဂျပန်ကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။ ယင်းမှာ ယခင်က ခန့်မှန်းထားသည့် ပမာဏထက် ၂ ဒသမ ၅ ဆပိုများနေကြောင်း သိရသည်။

၂၀၁၃ ခုနှစ်က စီစဉ်ထားခဲ့သည့် ပြောင်းရွှေ့ရေးအစီအစဉ်အရ ဂျပန်နှင့် အမေရိကန်တို့သည် အဆိုပါ စစ်စခန်းကို ၂၀၂၂ ဘဏ္ဍာနှစ်အစပိုင်းတွင် အိုကီနာဝါတွင် ပြန်လည်နေရာချထားရန် စီစဉ်ထားပြီး မြေပြန်လည်ပြုပြင်ရေးလုပ်ငန်းများပြီးစီးရန် ငါးနှစ်အချိန်ယူလုပ်ဆောင်မည်ဟုလည်း ပြောကြားခဲ့သည်။

ဒီဇင်ဘာ ၂၅ ရက်တွင် ကျင်းပခဲ့သည့် မြို့ပြအင်ဂျင်နီယာများနှင့် ဘူမိဗေဒကျွမ်းကျင်သူများ၏ အစည်းအဝေးတစ်ခုတွင် ဆောက်လုပ်ရန်ကာလနှင့် ကုန်ကျစရိတ်ကို အကြမ်းဖျင်း ပြင်ဆင်ခဲ့ကြောင်း ဂျပန်ကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။ စစ်စခန်းပြောင်းရွှေ့မှုသည် အနည်းဆုံး ၂၀၃၀ ပြည့်နှစ်အထိ နှောင့်နှေးကြန့်ကြာဖွယ်ရှိကြောင်းလည်း သိရသည်။

ကိုးကား-အင်န်အိတ်ချ်ကေ
ဘာသာပြန်-အလင်းသစ်



# တူရကီအရှေ့ပိုင်း၌ ရွှေ့ပြောင်းနေထိုင်သူများ တင်ဆောင်လာသည့် စက်လှေတိမ်းမှောက်၊ ခုနစ်ဦးသေ

**အစ္စတန်ဘူလ် ဒီဇင်ဘာ ၂၆**

တူရကီနိုင်ငံအရှေ့ပိုင်းရှိ အကြီးမားဆုံးကန်ကြီးဖြစ်သည့် Lake Van အတွင်း ရွှေ့ပြောင်းနေထိုင်သူများ တင်ဆောင်လာသည့် စက်လှေတစ်စင်း တိမ်းမှောက်ခဲ့ရာ လူခုနစ်ဦး သေဆုံးခဲ့ကြောင်း နိုင်ငံပိုင် အနာဒိုလူသတင်းဌာနက ယနေ့ရေးသားဖော်ပြခဲ့သည်။

Lake Van မြောက်ပိုင်း ဘက်လစ်ဒေသရှိ အဒီစီဗက်ဇ်ခရိုင်သို့ မောင်းနှင်နေစဉ် ရွှေ့ပြောင်းနေထိုင်သူများ သယ်ဆောင်လာသည့် အဆိုပါစက်လှေမှာ ဒေသစံတော်ချိန် နံနက် ၃ နာရီဝန်းကျင်တွင် တိမ်းမှောက်ခဲ့ခြင်းဖြစ်သည်။ လူငါးဦးမှာ စက်လှေတိမ်းမှောက်ရာနေရာ၌ သေဆုံးခဲ့ပြီး နှစ်ဦးမှာ ဆေးရုံ၌ သေဆုံးခဲ့ခြင်းဖြစ်သည်။ လူပေါင်း ၆၄ ဦးကို ကယ်တင်ခဲ့ပြီး ဆေးကုသရန် ဆေးရုံသို့ပို့ဆောင်ခဲ့ကြောင်း သတင်းက ဆိုသည်။ Lake Van မှာ ရွှေ့ပြောင်းနေထိုင်သူများက အနောက်ဘက်ရှိ ဥရောပတိုက်သို့ မသွားရောက်မီ တူရကီနိုင်ငံအတွင်း ဖြတ်ကျော်ဝင်ရောက်ကြရာ အီရန်နိုင်ငံနှင့်ထိစပ်နေသည့် နယ်နိမိတ်အနီး တူရကီနိုင်ငံအရှေ့ပိုင်း၌ တည်ရှိသည်။

စက်လှေတိမ်းမှောက်ရာ Lake Van အတွင်း ရှာဖွေရေးလုပ်ငန်းများ ဆောင်ရွက်နေဆဲဖြစ်ကြောင်း သိရသည်။

ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-ကျော်ထိုက်စိုး

# တရုတ်၊ ရုရှားနှင့် အီရန်တို့ သုံးနိုင်ငံ ပူးတွဲရေကြောင်းစစ်ရေးလေ့ကျင့်မှု ပြုလုပ်မည်

**ပေကျင်း ဒီဇင်ဘာ ၂၆**

တရုတ်၊ အီရန်နှင့် ရုရှားသုံးနိုင်ငံ ပူးတွဲရေကြောင်းစစ်ရေးလေ့ကျင့်မှုကို အိန္ဒိယသမုဒ္ဒရာ၏ အိုမန်ပင်လယ်ရေလမ်းကြောင်း၌ ဒီဇင်ဘာ ၂၇ ရက်တွင် စတင်ပြုလုပ်မည်ဖြစ်သည်။

**လေးရက်ကြာမြင့်**

တရုတ်ကာကွယ်ရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဝုကျန်းက အဆိုပါရေကြောင်း စစ်ရေးလေ့ကျင့်မှုနှင့်ပတ်သက်ပြီး မီဒီယာသို့ ပြောကြားခဲ့သည်။ ရေကြောင်းစစ်ရေးလေ့ကျင့်မှုသည် ဒီဇင်ဘာ ၂၇ ရက်မှ ၃၀ ရက်အထိ လေးရက်ကြာမြင့်မည်ဖြစ်ပြီး တရုတ်နိုင်ငံဘက်မှ ဒုံးကျည်ဖျက်လက်နက်များကိုပါ ထည့်သွင်းလေ့ကျင့်မည်ဖြစ်သည်ဟု ပြောရေးဆိုခွင့်ရှိသူ ဝုကျန်းက ဆက်လက်ပြောကြားခဲ့သည်။

အဆိုပါ ပူးတွဲစစ်ရေးလေ့ကျင့်မှုသည် သုံးနိုင်ငံရေကြောင်းတပ်ဖွဲ့များအကြား သတင်းအချက်အလက်များ အပြန်အလှန်ပေးပို့ခြင်းနှင့် ကမ္ဘာ့ငြိမ်းချမ်းရေးအပြင် ရေကြောင်းလုံခြုံစိတ်ချစေရေးအတွက် ရည်ရွယ်ပါကြောင်း ၎င်းက ဆိုသည်။

**တစ်ဖက်သတ်ဖိအားများပေးလျက်ရှိ**

သမ္မတဒေါ်နယ်ထရမ့် ဦးဆောင်သော အမေရိကန်အစိုးရက ဟော်မုဇ်ရေလက်ကြားတစ်လျှောက်တွင် ဖြတ်သန်းသွားလာသော သင်္ဘောများဘေးကင်းလုံခြုံရေးအတွက် ညွန့်ပေါင်းတစ်ရပ်ဖွဲ့စည်းကာ အီရန်နိုင်ငံအပေါ် တစ်ဖက်သတ်ဖိအားများ ပေးလျက်ရှိသည်။

ထို့ပြင် အီရန်ကုမ္ပဏီများနှင့် ထိပ်တန်းတာဝန်ရှိသူများကို အမေရိကန်အစိုးရက စီးပွားရေးပိတ်ဆို့မှုများ ချမှတ်ခဲ့သည်။

အီရန်နိုင်ငံအပေါ် အမေရိကန်ကချမှတ်ထားသည့် တစ်ဖက်သတ်စီးပွားရေးပိတ်ဆို့မှုများကို တရုတ်အစိုးရက ဆန့်ကျင်လျက်ရှိပြီး အမေရိကန်၏ လုပ်ဆောင်ချက်များကို မျက်ခြည်မပြတ်စောင့်ကြည့်နိုင်ရန် အီရန်နိုင်ငံနှင့် စစ်ရေးလေ့ကျင့်မှုများလုပ်ဆောင်ကာ ဆက်ဆံရေးပိုမိုကောင်းမွန်စေရန် ကြိုးပမ်းလျက်ရှိသည်ဟု နိုင်ငံရေးစောင့်ကြည့်လေ့လာသူများက ဆိုသည်။

အီရန်နိုင်ငံအနေဖြင့်လည်း တရုတ်၊ ရုရှားနိုင်ငံများနှင့် ကာကွယ်ရေးကဏ္ဍမြှင့်တင်မှုများလုပ်ဆောင်ကာ အထီးကျန်မှုကို ရှောင်ရှားရန် ကြိုးပမ်းလျက်ရှိသည်ဟု နိုင်ငံရေးစောင့်ကြည့်လေ့လာသူများက သုံးသပ်ပြောကြားသည်။

ကိုးကား-အင်န်အိတ်ချ်ကေ
ဘာသာပြန်-အောင်ကျော်ကျော်

# “မီးစက်ဝိုင်း” နေကြတ်မှုမြင်ကွင်းကို အာရှတစ်လွှားမှ ရင်သပ်ရှုမောဖွယ် တွေ့မြင်ခဲ့ရ

**စင်ကာပူ ဒီဇင်ဘာ ၂၆**

ဆော်ဒီအာရေဗျ၊ အိုမန်မှသည် အိန္ဒိယ၊ စင်ကာပူနိုင်ငံတို့အထိ ကောင်းကင်ကြည့်သူများသည် မြင်ရခဲလှသည့် “မီးစက်ဝိုင်း” နေကြတ်မှု မြင်ကွင်းကို ကြာသပတေးနေ့က မြင်တွေ့ခဲ့ကြသည်။ လသည် ကမ္ဘာမြေမှ မနီးမဝေးသည့် နေရာသို့ရောက်ရှိပြီး နေကို အပြည့်အဝကာဆီးသည့်အခါ နေကြတ်ခြင်း ဖြစ်ပေါ်ပြီး လူတို့မြင်တွေ့ရသည့် ပါးလွှာသည့်နေစက်ဝိုင်းဖြစ်ပေါ်စေသည်။

ဤကဲ့သို့ နေကြတ်ခြင်း အမျိုးအစားများသည် နှစ်စဉ် သို့မဟုတ် နှစ်နှစ်တစ်ခါ ဖြစ်ပေါ်သော်လည်း ထိုသို့ဖြစ်ပေါ်သည့် အချိန်တိုင်း ကမ္ဘာမြေပေါ်ရှိ နေရာအနည်းငယ်မှသာ မြင်တွေ့နိုင်သည်။ ၎င်းအပြင် ယင်းပုံစံ နေကြတ်ခြင်း ပြန်ဖြစ်ပေါ်ရန်မှာ ဆယ်စုနှစ်များစွာကြာနိုင်သည်။ ရာသီဥတုအခြေအနေများပေါ်တွင် မူတည်၍ ယခုနှစ် နက္ခတ္တဗေဒဖြစ်စဉ်ကို အရှေ့အလယ်ပိုင်းဒေသ၊ အိန္ဒိယတောင်ပိုင်းနှင့် အရှေ့တောင်အာရှဒေသတစ်လွှားမှ မြင်တွေ့ခွင့်ရရှိခဲ့ကြသည်။

များပြားလှသည့် အပျော်တမ်း နက္ခတ္တဗေဒပညာရှင်များ၊ ဓာတ်ပုံဆရာများသည် စင်ကာပူဆိပ်ကမ်းမှ ၎င်းတို့အဆိုအရ တစ်သက်တွင် တစ်ခါသာမြင်ရသည့် ဖြစ်ရပ်ကို ကြည့်ရှုလေ့လာခဲ့ကြသည်။ “ လာမယ့်နှစ် ၄၀ နီးပါးလောက်နေမှ ဒီလိုနေကြတ်တာ တစ်ခါ ဖြစ်မယ်လို့ ထင်ပါတယ်”ဟု နေကြတ်ခြင်းကို ဓာတ်ပုံရိုက်ရန်အတွက် အလုပ်မှ ခွင့်ယူခဲ့သည့် အသက် ၃၇ နှစ်အရွယ် ဂျေဆန်တန်က ပြောသည်။

ယခုတစ်ခါ နေကြတ်ခြင်းသည် နှစ်မိနစ်လောက်သာ ကြာမြင့်ကြောင်း၊ သို့သော်လည်း အထူးတလည် အံ့မခန်းဖြစ်သည့်အတွက် နောက်လအထိတိုင် မိသားစု၊ မိတ်ဆွေများနှင့် ယခုနေကြတ်သည့်အကြောင်းကို ပြောရမည်ဖြစ်ကြောင်း နေကြတ်သည့်မြင်ကွင်းနောက်ကိုလိုက်ရန် ကမ္ဘာပတ်၍ ခရီးသွားနေသည့် ဂျာမနီနိုင်ငံမှ အသက် ၄၅ နှစ်အရွယ် ဘူမိရူပဗေဒပညာရှင် အလက်ဇန္ဒားအယ်လင်က ပြောသည်။

အိန္ဒိယတောင်ပိုင်း တမီလ်နာဒူးပြည်နယ်မှ လူများသည် ပင်လယ်ကမ်းခြေတွင် စုဝေး၍ နေကြတ်သည့်မြင်ကွင်းကို ကြည့်ရှုခဲ့ကြသည်။ အိန္ဒိယအရှေ့ပိုင်းရှိ အိုဒစ်ရှားပြည်နယ်တွင် အစိုးရရုံးပိတ်ရက် သတ်မှတ်ကြေညာခဲ့ပြီး အစိုးရရုံးများအားလုံး၊ တရားရုံးများ၊ ကျောင်းများနှင့် ကောလိပ်များ ပိတ်ခဲ့သည်။

သို့သော်လည်း နယူးဒေလီမြို့တွင် တိမ်နှင့် လေထုညစ်ညမ်းမှုများက နေကြတ်သည့်မြင်ကွင်းကို ဖုံးကွယ်ခဲ့သဖြင့် ဝန်ကြီးချုပ်နရန္ဒြာမိုဒီက တွစ်တာတွင် ညည်းညူရေးသားခဲ့သည်။ “အခြားအိန္ဒိယနိုင်ငံသားတွေနည်းတူ ကျွန်တော်လည်း ၂၀၁၉ ခုနှစ် နေကြတ်တဲ့ မြင်ကွင်းကိုကြည့်ဖို့ စိတ်အားထက်သန်ခဲ့ပါတယ်၊ ကံမကောင်းချင်တော့ တိမ်တွေဖုံးနေလို့ နေကိုမမြင်ရဘူး၊ ဒါပေမယ့် ကိုဇီကိုဒီ လေဆိပ်မှာ နေကြတ်တာကို ရိုပ်ခနဲ မြင်လိုက်ရတယ်၊ ကျန်တဲ့အပိုင်းကိုတော့ တိုက်ရိုက်ထုတ်လွှင့်မှုတွေကနေ ကြည့်ခဲ့ရတယ်”ဟု ဝန်ကြီးချုပ်မိုဒီက ရေးသားခဲ့သည်။

အင်ဒိုနီးရှားနိုင်ငံတွင် လူများစွာသည် ဂျကာတာ နက္ခတ်တာရာပြခန်း အပြင်ဘက်တွင် စုဝေး၍ ပြခန်းမှပေးသည့် နေကာမှန်များဖြင့် နေကြတ်သည့်မြင်ကွင်းကို စောင့်ကြည့်ခဲ့ကြသည်။



၂၀၂၀ ပြည့်နှစ် ဇွန်လတွင် ဖြစ်ပေါ်မည့် နေကြတ်မှုကို အာဖရိကနှင့် အာရှမြောက်ပိုင်းနေရာ အနည်းငယ်မှ မြင်တွေ့ရမည်ဖြစ်သည်။ ၂၀၂၁ ခုနှစ် ဇွန်လတွင်ဖြစ်ပေါ်မည့် နောက်ထပ် နေကြတ်မှုမြင်ကွင်းကို အာတိတ်ဒေသနှင့် ကနေဒါ၊ ဂရင်းလန်းနှင့် ရုရှားအရှေ့ဖျားဒေသရှိ နေရာအချို့မှ တွေ့မြင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**ကိုးကား–အေအက်ဖ်ပီ**
**ဘာသာပြန်–အောင်ဇော်လင်း**

# ဖိလစ်ပိုင်နိုင်ငံ၌ တိုင်ဖွန်းမုန်တိုင်း တိုက်ခတ်မှုကြောင့် လူ ၁၆ ဦး သေဆုံး

**မနီလာ ဒီဇင်ဘာ ၂၆**

ဖိလစ်ပိုင်နိုင်ငံအလယ်ပိုင်း၌ တိုင်ဖွန်းမုန်တိုင်း “ဖန်ဖွန်း” တိုက်ခတ်မှုကြောင့် လူ ၁၆ ဦးထက်မနည်း သေဆုံးခဲ့သည်ဟု အာဏာပိုင်များက ပြောကြားသည်။ တိုင်ဖွန်းမုန်တိုင်း ဖန်ဖွန်းမှာ ယနေ့ဖိလစ်ပိုင်နိုင်ငံတစ်ဝန်း တစ်နာရီလျှင် လေတိုက်နှုန်း ၁၉၅ ကီလိုမီတာ (မိုင် ၁၂၀) ဖြင့် တိုက်ခတ်ခဲ့ရာ အိမ်ပေါင်းများစွာ အမိုးလန်ခဲ့ပြီး လျှပ်စစ်မီးတိုင်များ ပျက်စီးခဲ့သည်။

မုန်တိုင်း ဆိုးရွားစွာ တိုက်ခတ်ခဲ့သည့် ဒေသအချို့တွင် အင်တာနက်နှင့် မိုဘိုင်းဖုန်းကွန်ရက်များ ပြတ်တောက်ခဲ့ပြီး မုန်တိုင်းကြောင့် ထိခိုက်ပျက်စီးမှု ပမာဏကို အကဲမဖြတ်နိုင်သေးကြောင်း၊ ဖိလစ်ပိုင်နိုင်ငံအလယ်ပိုင်း၌ လူ ၁၆ ဦး သေဆုံးခဲ့ကြောင်း ဘေးအန္တရာယ်လျှော့ချရေး အေဂျင်စီမှ တာဝန်ရှိသူများက ပြောသည်။ အဆိုပါ မုန်တိုင်းမှာ ဖြူလွလွသဲသောင်ပြင်များကြောင့် ကျော်ကြားလှပြီး ပြည်ပခရီးသွားများကြား လူကြိုက်များလှသည့် ဘိုရာကေး၊ ကိုရွန်နှင့် အခြားခရီးသွားနယ်မြေများကိုလည်း တိုက်ခတ်ခဲ့သည်။ ကာလီဘိုမြို့ရှိ လေဆိပ်မှာလည်း ဆိုးဆိုးရွားရွား ပျက်စီးသွားခဲ့ကြောင်း သောင်တင်နေသည့် ကိုရီးယားခရီးသွားတစ်ဦးက ပြောသည်။

၂၀၁၃ ခုနှစ်တွင် လူပေါင်း ၇၃၀၀ ကျော် သေဆုံးခဲ့သော ဖိလစ်ပိုင်နိုင်ငံ၏ လူအသေအပျောက်အများဆုံး မုန်တိုင်းအဖြစ် မှတ်တမ်းတင်ထားသည့် စူပါတိုင်ဖွန်းမုန်တိုင်း “ဟိုင်ရန်” ၏ လမ်းကြောင်းအတိုင်း ဖန်ဖွန်းမုန်တိုင်းက တိုက်ခတ်ခဲ့သည်။ “ဒီမုန်တိုင်းက ဟိုင်ရန်မုန်တိုင်းလိုပဲ အပျက်အစီးသိပ်မရှိပေမယ့် အဲဒီလမ်းကြောင်းအတိုင်း တိုက်ခတ်ခဲ့တယ်”ဟု ဗီဆာရက်စ်ဒေသ ဘေးအန္တရာယ်လျှော့ချရေးရုံးမှ သတင်းထုတ်ပြန်ရေး အရာရှိ စင်ဒီဖာရာက ပြောသည်။ ဖိလစ်ပိုင်နိုင်ငံရှိ ပြည်သူများစွာမှာ ဘေးကင်းရာသို့ ပြောင်းရွှေ့ခဲ့သောကြောင့် ခရစ္စမတ်ပွဲတော်များ ပွဲပျက်သွားခဲ့သည်။ ပြည်သူအများအပြားမှာ အိမ်ပြန်နိုင်ခြင်း မရှိသေးဘဲ ရေယာဉ်များ၊ လေကြောင်းလိုင်းများ ရပ်ဆိုင်းခဲ့ရသည်။

ဖိလစ်ပိုင်နိုင်ငံမှာ ပစိဖိတ်တိုင်ဖွန်းရပ်ဝန်းကို မျက်နှာမူနေသော ပထမဆုံး ကုန်းမြေဖြစ်ရာ တစ်နှစ်လျှင် ပျမ်းမျှအားဖြင့် အင်အားပြင်းမုန်တိုင်း ၂၀ ခန့် တိုက်ခတ်ခြင်းခံရသည်။



**ကိုးကား–အေအက်ဖ်ပီ**
**ဘာသာပြန်–ကျော်ထိုက်စိုး**

# ဆာမိုအာနိုင်ငံ၌ ဝက်သက်ရောဂါကြောင့် သေဆုံးသူဦးရေ ၈၁ ဦးအထိ မြင့်တက်လာ

**ဆူဗာ ဒီဇင်ဘာ ၂၆**

ပြီးခဲ့သည့် အောက်တိုဘာလ အလယ်ပိုင်းမှစ၍ ဆာမိုအာနိုင်ငံ၌ ဖြစ်ပွားသည့် ဝက်သက်ရောဂါကြောင့် သေဆုံးသူဦးရေ ၈၁ ဦးထိ မြင့်တက်လာကြောင်း ဆာမိုအာအစိုးရက ယနေ့အတည်ပြုပြောကြားခဲ့သည်။

ယမန်နေ့က အသက်ငါးနှစ်အောက် ကလေးတစ်ဦး ထပ်မံသေဆုံးခဲ့ပြီးနောက် သေဆုံးသူဦးရေ ၈၁ ဦးအထိ မြင့်တက်လာခဲ့ခြင်းဖြစ်ပြီး ယင်းသေဆုံးသူများအနက် အများစုသည် အသက်ငါးနှစ်အောက် ကလေးများဖြစ်ကြောင်း သိရသည်။

**ဆေးဝါးကုသမှုခံယူ**

နိုင်ငံအတွင်း ရောဂါဖြစ်ပွားမှုနှုန်း စောင့်ကြည့်လေ့လာရေးအဖွဲ့၏ မှတ်တမ်းအရ ဆာမိုအာနိုင်ငံတွင် ပြီးခဲ့သည့် အောက်တိုဘာလမှစ၍ ဝက်သက်ကူးစက်ရောဂါ အမှုပေါင်း ၅၆၁၂ မှုဖြစ်ပွားခဲ့ပြီး ယင်းတို့အနက် ကိုးမှုကို ကျန်းမာရေးဝန်ကြီးဌာနက လွန်ခဲ့သည့် ၂၄ နာရီအတွင်း ရှာဖွေတွေ့ရှိခဲ့ကြောင်း သိရသည်။

အရေးပေါ်အခြေအနေရောဂါဖြစ်ပွားနေသော လူ ၁၀ ဦး အပါအဝင် ရောဂါဝေဒနာရှင် ၄၀ တို့သည် နိုင်ငံအတွင်းရှိ ဆေးရုံများတွင် လောလောဆယ် ဆေးဝါးကုသမှုခံယူလျက်ရှိသည်။

သို့သော် ကျန်းမာရေးဝန်ကြီးဌာနသည် ဆာမိုအာနိုင်ငံရှိ ပြည်သူ ၉၅ ရာခိုင်နှုန်းကို ဒီဇင်ဘာ ၂၄ ရက်မှစ၍ ဝက်သက်ရောဂါ ကာကွယ်ဆေးထိုးနှံပေးခဲ့ကြောင်း သိရသည်။

ဝက်သက်ရောဂါသည် ရောဂါဝေဒနာရှင်များ၏ နှာခေါင်း၊ ပါးစပ်နှင့် လည်ချောင်းများမှ ထွက်ပေါ်လာသော အရည်များမှတစ်ဆင့် ကူးစက်နိုင်သော ရောဂါဖြစ်သည်။

**ကိုးကား–ဆင်ဟွာ၊ ဘာသာပြန်–ဂျေတီ**

(၁၂) လတိတိ အတိုးမဲ့ အရစ်ကျပေးသွင်းနိုင်မည့် Nawaday 4 Storey Shop House



လှိုင်သာယာမြို့နယ်၊ နဝဒေးအိမ်ရာရှိ ၁၈ပေ × ပေ၄၀ ကျယ်ဝန်းသောလူနေဆိုင်ခန်း
စီးပွားရေးအဆောက်အဦ ဖြစ်ပါသည်။ မြေညီထပ်မှာhall type ဖြစ်၍ဆိုင်ခန်းဖွင့်ရန်
သင့်တော်ပါသည်။ပထမထပ်တွင် မီးဖိုခန်းပါပြီး ဧည့်ခန်း၊ ထမင်းစားခန်း ပြုလုပ်ရန်
သင့်တော်ပါသည်။ ဒုတိယထပ် နှင့် တတိယထပ်တွင် Bed Room များပါပြီး
တတိယထပ်နောက်ဘက်တွင်ကျယ်ဝန်းသော ဝရန်တာပါရှိပါသည်။
နေထိုင်ရန်သင့်တော်ရုံသာမက စီးပွားရေးတွဲလုပ်၍ရသော အဆောက်အဦ ဖြစ်ပါသည်။
ဖုန်း–၆၅၀၅၃၅၊ ၆၆၆၁၈၃၊ ၆၅၁၄၃၆၊ ၆၆၃၅၇၈ သို့ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

# အမှုပြီးပြတ်ပြီး ထိန်းသိမ်းရန်ခက်ခဲသည့် သက်သေခံပစ္စည်းများဖြစ်သော ထိန်းချုပ်ကန့်သတ်ဓာတုဆေးရည်များအား မြေမြှုပ်ဖျက်ဆီး

**လဲချား ဒီဇင်ဘာ ၂၆**

လွိုင်လင်ခရိုင် လဲချားမြို့နယ်၌ အမှုပြီးပြတ်ပြီး ထိန်းသိမ်းရန်ခက်ခဲသည့်



သက်သေခံပစ္စည်းများဖြစ်သော ထိန်းချုပ်ကန့်သတ်ဓာတုဆေးရည်(ဆာလဖျူရစ်အက်စစ်)များ မြေမြှုပ်ဖျက်ဆီးခြင်းကို ဒီဇင်ဘာ ၂၄ ရက် နံနက် ၁၀ နာရီက အမှတ်(၄)ရပ်ကွက် အလံတစ်ရာဘုန်းကြီးကျောင်းလမ်းရှိ စည်ပင်အမှိုက်ပုံနေရာတွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

ထို့နောက် လွိုင်လင်ခရိုင်နှင့် လဲချားမြို့နယ် ပူးပေါင်းစစ်ဆေးရေးအဖွဲ့က ဖျက်ဆီးမည့် ဓာတုဆေးရည် (ဆာလဖျူရစ်အက်စစ်) များ၏ အရည်အသွေးနှင့် အရေအတွက်များကို စမ်းသပ်အတည်ပြုခြင်းများ ဆောင်ရွက်ပြီးနောက် ကျင်းအတွင်းသို့ လဲချားမြို့မရဲစခန်း၏ မယ(ပ) ၁၀/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၆(ခ) အမှုမှ အမှုပြီးပြတ်ပြီး ထိန်းသိမ်းရန်ခက်ခဲသည့် သက်သေခံပစ္စည်းများဖြစ်သော ထိန်းချုပ်ကန့်သတ်ဓာတုဆေးရည်(ဆာလဖျူရစ်အက်စစ်) ၃၁၉၉ လီတာခန့်ကို သွန်ချ၍ မြေဖို့ဖျက်ဆီးခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ကျော်ကျော်(ပြန်/ဆက်)**



# မူဒုံမြို့နယ်၌ ယာဉ်တိုက်မှုဖြစ်ပွား

**မူဒုံ ဒီဇင်ဘာ ၂၆**

မူဒုံမြို့နယ် ကွမ်တာကျေးရွာ မော်လမြိုင်-သံဖြူဇရပ်လမ်းမပေါ် မိုင်တိုင် အမှတ် (၁၅/၇) နှင့် (၁၆/၀)အကြားတွင် ယနေ့ နံနက် ၁၀ နာရီ မိနစ် ၂၀ ခန့်က မော်လမြိုင်မြို့မှ သံဖြူဇရပ်မြို့သို့ ယာဉ်မောင်း တင့်နိုင်စိုးမောင်းနှင်လာသည့် ယာဉ်သည် လားရာတူရှေ့မှ ယာဉ်မောင်း တင်အောင်စိုး မောင်းနှင်လာသည့် ယာဉ်အား ကျော်တက်ပြီး ယာဘက်ယာဉ်ကြောသို့ ရုတ်တရက်ပြန်ဝင်စဉ် နောက်ယာဉ်မှ ဝင်ရောက်တိုက်မှု ဖြစ်ပွားခဲ့သည်။

အဆိုပါယာဉ်တိုက်မှုကြောင့် ယာဉ်မောင်း တင်အောင်စိုးတွင် ထိခိုက်ဒဏ်ရာရရှိမှု မရှိသော်လည်း ယာဉ်မောင်း တင့်နိုင်စိုးနှင့် ယာဉ်ပေါ်ပါ အမျိုးသား ခြောက်ဦး၊ အမျိုးသမီး သုံးဦး သေဆုံးပြီး ဒဏ်ရာရရှိသူ ငါးဦးရှိကြောင်း သိရသည်။

ယာဉ်တိုက်မှုနှင့်ပတ်သက်၍ ယာဉ်အား မဆင်မခြင်မောင်းနှင်သူ ယာဉ်မောင်း တင့်နိုင်စိုး(သေဆုံး)အား အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

**မြို့နယ်ပြန်/ဆက်**

# ဟုမ္မလင်းမြို့နယ်တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**ဟုမ္မလင်း ဒီဇင်ဘာ ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့နယ် ပုရစ်ကျေးရွာအနီး ယာခင်းအတွင်းမှ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယနေ့ ညနေ ၃ နာရီခွဲခန့်တွင် မူးယစ်တပ်ဖွဲ့စု(၉) ဟုမ္မလင်းမှ ရဲတပ်ကြပ်ကြီး ဝင်းထွဋ်ဦးစီးသောအဖွဲ့သည် ဟုမ္မလင်းမြို့နယ် ပုရစ်ကျေးရွာအနီး သန်းဖေ၏ ယာခင်းအတွင်း မူးယစ်ဆေးဝါး သတင်းအရ ဝင်ရောက်ရှာဖွေရာ သန်းဖေထံမှ ဘိန်းဖြူ ကိုးဂရမ်အား ရှာဖွေတွေ့ရှိရသဖြင့် မူးယစ်ဆေးဝါး လက်ဝယ်ထားရှိသူ ပုရစ်ကျေးရွာနေ သန်းဖေအား ဟုမ္မလင်းမြို့မရဲစခန်းမှ မူးယစ်ဆေးဝါးဥပဒေအရ ဖမ်းဆီးအရေးယူ ဆောင်ရွက်ထားကြောင်း သိရသည်။

**လူအောင်(ကသာ)**

## ခင်ဦးမြို့နယ် ကံသစ်ကျေးရွာ၌ ဓားခုတ်မှုဖြစ်ပွား

**ခင်ဦး ဒီဇင်ဘာ ၂၆** ။ ။စစ်ကိုင်းတိုင်းဒေသကြီး ခင်ဦးမြို့နယ် ကံသစ်ကျေးရွာတွင် ဒီဇင်ဘာ ၂၆ ရက် နံနက်ပိုင်းက ဓားခုတ်မှုဖြစ်ပွား၍ လူတစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယနေ့ နံနက် ၁ နာရီခန့်က ခင်ဦးမြို့နယ် ကံသစ်ကျေးရွာနေ သက်နိုင်သည် တစ်ရွာတည်းနေ ညီဝမ်းကွဲတော်သူ ချစ်စရာ၊ ဖိုးအဲ(ခ)အောင်ကျော်သူတို့နှင့်အတူ ကံသစ်ကျေးရွာမြောက်ဘက်ရှိ ကောက်လှိုင်းပုံများအား စောင့်ဆိုင်းနေစဉ် ဖိုးအဲ(ခ)အောင်ကျော်သူနှင့် စကားများရန်ဖြစ်ပြီး ၎င်းက ဓားဖြင့်ခုတ်ခဲ့၍ သက်နိုင်၏ဝဲဘက်ပါးတွင် ငါးလက်မခန့် ပြတ်ရှဒဏ်ရာတစ်ချက်ရရှိခဲ့ကြောင်း သိရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ဖိုးအဲ(ခ) အောင်ကျော်သူအား ခင်ဦးမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**မိုးသောက်(ရွှေဘို)**




## မိတ္ထီလာကန်ပတ်ဝန်းကျင်တွင် တွေ့မြင်ရခဲ့သည့် ဒေါင်းလန်းခြေထောက်နှင့် ဆောင်းခိုငှက်တချို့ရောက်ရှိ

**မိတ္ထီလာ ဒီဇင်ဘာ ၂၆**

မိတ္ထီလာကန်ပတ်ဝန်းကျင်တွင် ယခင်နှစ်ကဲ့သို့ ဆောင်းခိုငှက်များ အများအပြား ရောက်ရှိလာခြင်း မရှိသေးသော်လည်း မိတ္ထီလာဒေသ၌ တွေ့မြင်ရခဲ့သည့် ဒေါင်းလန်းခြေထောက်ငှက်များနှင့် ဆောင်းခိုငှက်တချို့ရောက်ရှိနေကြောင်း ဒေသခံငှက်ဝါသနာရှင်များထံမှ သိရသည်။

"မိတ္ထီလာကန်ပတ်ဝန်းကျင်မှာ အရင်နှစ်က ဒီဇင်ဘာလဆိုရင် ဆောင်းခိုငှက်တွေ အများအပြားတွေ့ရတယ်။ အထူးသဖြင့် ပေါက်ချောင်းရပ်ကွက်အနီးက မိတ္ထီလာတောင်ကန်ကန်ပတ်လမ်း ပတ်ဝန်းကျင်မှာအများအပြားလာရောက်ကြပေမယ့် ဒီနှစ်လာရောက်မှုနည်းပါးသွားတယ်။ ဒီနှစ်ဆောင်းကာလမှာ ထူးခြားတာကတော့ မိတ္ထီလာဒေသဘက်မှာတွေ့မြင်ရခဲ့တဲ့ဒေါင်းလန်းခြေထောက်ငှက်တွေနဲ့ ဆောင်းခိုငှက်တချို့ကိုတွေ့ရမြင်ရပါတယ်။ မိတ္ထီလာကန်ဘက်မှာဘယ်တုန်းကမှမတွေ့မြင်ဖူးတဲ့ စင်ရော်ငှက်တစ်ကောင်နှစ်ကောင်ကိုလည်း မကြာခဏတွေ့မြင်ရတယ်။ ဒေါင်းလန်းခြေထောက်ငှက်တွေကတော့ လက်ရှိမိတ္ထီလာတောင်ကန် ပတ်ဝန်းကျင်မှာပဲ တွေ့မြင်မိသေးတယ်" ဟု နှစ်စဉ်ဆောင်းခိုငှက်လာရောက်ချိန်များတွင် မိတ္ထီလာကန်ပတ်ဝန်းကျင်သို့ လှည့်လည်၍ မှတ်တမ်းဓာတ်ပုံများရိုက်ကူးနေသည့် ဒေသခံငှက်ဝါသနာရှင် ကိုမင်းကျော်က ပြောကြားသည်။



မိတ္ထီလာကန်တောင်တွင် ယခင်နှစ်က ဝမ်းဘဲ(ဟသ်ာ)၊ စစ္စလီ၊ ရေကြက်ဒုံ၊ မယ်ညို၊ ရေကြက်အော်ယာငှက်များ အများအပြားလာရောက်ဆောင်းခိုခဲ့သည်။ ယခုနှစ်တွင် မိတ္ထီလာတောင်ကန်ဘက်၌ အဆိုပါဆောင်းခိုငှက်များကိုတွေ့ရနည်းပြီး မိတ္ထီလာမြောက်ကန်အနီးရှိအုတ်နဲ့ဘုတ်၊ ကုလားမကျွန်းနှင့် အင်းပက်လက်ကျေးရွာများ ပတ်ဝန်းကျင်တွင် ဆောင်းခိုငှက်တချို့ကို တွေ့မြင်နိုင်ကြောင်း သိရသည်။

**ချမ်းသာ (မိတ္ထီလာ)**



## ရမည်းသင်းမြို့တွင် ထေရဝါဒပရိယတ္တိ သာသနာစာမေးပွဲ ပါဠိပါဒကတန်းများ ဖြေဆို

**ရမည်းသင်း ဒီဇင်ဘာ ၂၆**

ပဌမအကြိမ် ထေရဝါဒပရိယတ္တိသာသနဟိတ စာမေးပွဲပါဠိပါဒကတန်းများ ဖြေဆိုပွဲကို ဒီဇင်ဘာ ၂၅ ရက် မွန်းလွဲ ၁ နာရီက မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့ ရမည်းသင်းစာဖြေဌာန ရန်အောင်မင်းကျောင်း ပရိယတ္တိစာသင်တိုက်၌ ကျင်းပသည်။

အဆိုပါ စာမေးပွဲတွင် တစ်မြို့နယ်လုံး စာဖြေသံဃာ ၇၅ ပါး ဝင်ရောက်ဖြေဆိုခဲ့ကြပြီး ကြီးကြပ်ရေးဩဝါဒါစရိယဆရာတော်များ၊ ကြီးကြပ်ရေးဆရာတော်များ၊ ကြီးကြပ်ရေးလူပုဂ္ဂိုလ်များ ကြီးကြပ်ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

စာမေးပွဲကို ဒီဇင်ဘာ ၂၅ ရက်မှ ၃၁ ရက်အထိ ခုနစ်ရက်တိုင်တိုင် တစ်နိုင်ငံလုံး အတိုင်းအတာနှင့် ကျင်းပသွားမည်ဖြစ်သည်။

**လှိုင်သန်းတင့်(ရမည်းသင်း)**

## (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး ညှိနှိုင်းစည်းဝေး

**လှိုင်းဘွဲ့ ဒီဇင်ဘာ ၂၆**

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်တွင် (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနား စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် ညှိနှိုင်းအစည်းအဝေးကို ဒီဇင်ဘာ ၂၅ ရက်က အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းသိန်းက လှိုင်းဘွဲ့မြို့နယ်တွင် (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကို စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ရာ ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိပြီး ပူးပေါင်းပါဝင်လာစေရေးအတွက် သက်ဆိုင်ရာရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများက အသိပေးနှိုးဆော်ကြရန်နှင့် ဖွဲ့စည်းထားသည့် ဆပ်ကော်မတီများက လိုအပ်ချက်များကို ပံ့ပိုးဖြည့်ဆည်းပေးကြရန် ပြောကြားသည်။

ထို့နောက် ဆပ်ကော်မတီအသီးသီးက ဆောင်ရွက်ရမည့်လုပ်ငန်းများကို ကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေးရာ မြို့နယ်အုပ်ချုပ်ရေးမှူးက လိုအပ်ချက်များကို ဖြည့်စွက်ဆွေးနွေးခဲ့သည်။ လှိုင်းဘွဲ့မြို့နယ်တွင် (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်အဖြစ် အထက်တန်းအဆင့်နှင့် အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲ၊ ဟောပြောပွဲ၊ အသက်ခြောက်လမှ နှစ်နှစ်အောက်နှင့် ခြောက်လအောက်ကလေးနှင့် မိခင်ပြိုင်ပွဲ၊ အားကစားပြိုင်ပွဲများ၊ ပျော်ပွဲရွှင်ပွဲများနှင့်အတူ အလံတင်အခမ်းအနား၊ သဝဏ်လွှာဖတ်ကြားခြင်း အခမ်းအနားတို့ကို စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**ခင်စန်းမြင့်**
**(ပြန်/ဆက်)**



## ရှင်သာမဏေ အပါး ၄၀၀ ရှင်ပြုပွဲကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂၆**

နေပြည်တော် လယ်ဝေးမြို့နယ် သာဝတ္ထိမြို့ စမတောင်တော် မဟာပရဟိတဂေဟာတွင် တောင်ငူမြို့ ပါရမီပုညရှင်အသင်းကြီးကဦးဆောင်၍ ရှင်သာမဏေအပါး ၄၀၀ ရှင်ပြုမင်္ဂလာပွဲကို ဒီဇင်ဘာ ၂၅ ရက် နံနက် ၈ နာရီခွဲက ကျင်းပခဲ့ပြီး ရှင်သာမဏေများအား အလှူရှင်များက မုန့်မျိုးစုံ လောင်းလှူခဲ့ကြသည်။

**ကိုလွင်(ဆွာ)**

## စစ်ကိုင်းတိုင်းဒေသကြီးတွင် အစေ့ထုတ် ဖူးစားပြောင်းသီးနှံ ဧက ၁၃၅၄၉၈ ဧက စိုက်ပျိုးပြီးစီး

**မုံရွာ ဒီဇင်ဘာ ၂၆**

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ၁၀ ခုနှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမြို့နယ်များတွင် ဒီဇင်ဘာလ တတိယပတ်အထိ ဖူးစားပြောင်းနှင့် အစေ့ထုတ်ပြောင်းသီးနှံ ၁၃၅၄၉၈ ဧကအား စိုက်ပျိုးပြီးစီးသွားပြီဖြစ်ကြောင်း တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ တိုင်းဒေသကြီးဦးစီးမှူး ဦးဝင်းလှိုင်ဦးထံမှ သိရသည်။

အစေ့ထုတ်ပြောင်းကိုမော်လိုက်ခရိုင်အတွင်း၁၀၇၈ ဧက၊ ကလေးခရိုင်အတွင်း ၂၈၁၇ ဧက၊ မုံရွာခရိုင်အတွင်း ၁၁၇၄ ဧက၊ ယင်းမာပင်ခရိုင်အတွင်း ၅၇၁ ဧက၊ ရွှေဘိုခရိုင်အတွင်း ၃၀၉ ဧက၊ ကန့်ဘလူခရိုင်အတွင်း ၃၅၂၆ ဧက၊ စစ်ကိုင်းခရိုင်အတွင်း ၁၀၄၉၅ ဧက၊ ကသာခရိုင်အတွင်း ၁၃၂၁ ဧကနှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း ငါးဧက၊ အဖူးစားပြောင်းစိုက်ပျိုးပြီးစီးမှုအနေဖြင့် မုံရွာခရိုင်အတွင်း ၁၂၁၅ ဧက၊ စစ်ကိုင်းခရိုင်အတွင်း ၂၄၆၁၈ ဧက၊ ရွှေဘိုခရိုင်အတွင်း ၃၁၄၅၅ ဧက၊ ယင်းမာပင်ခရိုင်အတွင်း ၂၀၅၅၆ ဧက၊ ကလေးခရိုင်အတွင်း ၁၁၁၁၁ ဧက၊ ကန့်ဘလူခရိုင်အတွင်း ၂၂၃၃ ဧက၊ ကသာခရိုင်အတွင်း ၅၀၀၆ ဧက၊ တမူးခရိုင်အတွင်း ၅၈၈ ဧက၊ မော်လိုက်ခရိုင်အတွင်း ၅၃၅၂ ဧက၊ ခန္တီးခရိုင်အတွင်း ၆၅၅ ဧကနှင့် နာဂကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသအတွင်း ၄၇၅ ဧက စုစုပေါင်းအဖူးစားပြောင်း ၁၁၄၂၀၂ ဧကစိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ခရိုင် ၁၀ ခုနှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိ မြို့နယ် ၃၇ မြို့နယ်တွင် ဖူးစားပြောင်း ဧက ၁၅၈၂၀၀၊ အစေ့ထုတ်ပြောင်းသီးနှံ ဧက ၂၈၂၀၀ အားလည်းကောင်း စိုက်ပျိုးရန်လျာထားလျက်ရှိကြောင်း သိရသည်။

**ဝင်းဦး**
**(ဇေယျာတိုင်း)**

## ပုံတူပန်းချီပြိုင်ပွဲ ဝန်းသိုမြို့၌ ကျင်းပ

**ဝန်းသို ဒီဇင်ဘာ ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို အထိမ်းအမှတ် ပုံတူပန်းချီပြိုင်ပွဲကို ဒီဇင်ဘာ ၂၄ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။

အထက်တန်းဆင့် ကျောင်းသား ကျောင်းသူ ၂၀ တို့ ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ဆုရရှိသော ကျောင်းသား ကျောင်းသူများအား မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူးက ဆုများချီးမြှင့်ပေးအပ်ခဲ့သည်။ **ကျော်မြိုင်(ပြန်/ဆက်)**



ကရင်နှစ်သစ်ကူးနေ့ ဒီဇင်ဘာ ၂၆ ရက်က ပြင်ဦးလွင်မြို့ အမျိုးသားကန်တော်ကြီးဥယျာဉ်တွင် မြန်မာပြည်အနှံ့မှ လာရောက်လည်ပတ် အပန်းဖြေသူများဖြင့် စည်ကားနေသည်ကို တွေ့ရစဉ်။ မောင်ယဉ်ကျေး

## ငွေစာရင်း သင်တန်းဖွင့်

**ရန်ကုန် ဒီဇင်ဘာ ၂၆**

မြစိမ်းရောင် စီမံကိန်းငွေစာရင်း သင်တန်းဖွင့်ပွဲကို ဒီဇင်ဘာ ၂၄ ရက် နံနက် ၉ နာရီက ရန်ကုန်တောင်ပိုင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

သန်လျင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ (ခေတ္တ) မြို့နယ်ဦးစီးမှူး ဒေါ်ယဉ်ယဉ်ဌေးက ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာနှစ်အတွက် မြစိမ်းရောင်စီမံကိန်း ငွေစာရင်း သင်တန်းဖွင့်လှစ်ရခြင်းကို ရှင်းလင်းပြောကြားပြီး သင်တန်းသို့ သင်တန်းသား သင်တန်းသူ ၁၆ ဦး တက်ရောက်ကြောင်း သိရသည်။

**သက်ခိုင် (သန်လျင်)**

# သွင်းကုန်ပမာဏမြင့်တက်ခြင်းမှ ကာကွယ်ပေးမှုဥပဒေပြဋ္ဌာန်း

**ယမန်နေ့မှအဆက်**

၁၄။ စုံစမ်းစစ်ဆေးရေးအဖွဲ့သည် စုံစမ်းစစ်ဆေးရာတွင် လိုအပ်သောစာရင်းဇယား၊ အချက်အလက်၊ သက်သေအထောက်အထားများကို သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများထံမှဖြစ်စေ၊ အကျိုးဝင်ဆက်နွှယ်သူများထံမှ ဖြစ်စေ ကော်မတီ၏ခွင့်ပြုချက်ဖြင့် တောင်းခံနိုင်သည်။

၁၅။ စုံစမ်းစစ်ဆေးရေးအဖွဲ့သည် စုံစမ်းစစ်ဆေးမှုကိုဆောင်ရွက်ရာတွင် အကျိုးဝင်ဆက်နွှယ်သူများထံ မေးခွန်းများမေးမြန်းခြင်း၊ ကြားနာခြင်း သို့မဟုတ် အခြားသင့်လျော်သောနည်းများဖြင့် ဆောင်ရွက်ခြင်း ပြုနိုင်သည်။

၁၆။ စုံစမ်းစစ်ဆေးရေးအဖွဲ့သည် စုံစမ်းစစ်ဆေးမှုပြုနေစဉ် ပဏာမစိစစ်တင်ပြချက်ကိုလည်းကောင်း၊ စုံစမ်းစစ်ဆေးပြီးနောက် အပြီးသတ် စိစစ်တင်ပြချက်ကိုလည်းကောင်း ကော်မတီက သတ်မှတ်သည့်ကာလအတွင်း ဦးစီးဌာနမှတစ်ဆင့် ကော်မတီသို့ တင်ပြရမည်။

၁၇။ စုံစမ်းစစ်ဆေးရေးအဖွဲ့သည် စုံစမ်းစစ်ဆေးရေး လုပ်ငန်းစဉ်များဆောင်ရွက်ရာတွင် စီးပွားရေးလုပ်ငန်း၏ လျှို့ဝှက်ချက်၊ ယင်းလျှို့ဝှက်ချက်နှင့် သက်ဆိုင်သည့် စာရင်းဇယား၊ အချက်အလက်နှင့် သက်သေအထောက်အထားများကို လျှို့ဝှက်အဆင့် သတ်မှတ်ဆောင်ရွက်ရမည်။

၁၈။ ကော်မတီ၊ ဦးစီးဌာနနှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့သည် လျှို့ဝှက်အဆင့် သတ်မှတ်ထားသော စာရင်းဇယား၊ အချက်အလက်နှင့် သက်သေအထောက်အထားများကို ဤဥပဒေပါ ရည်ရွယ်ချက်များ အကောင်အထည်ဖော်သည့် ကိစ္စရပ်များမှတစ်ပါး သက်ဆိုင်သူ၏ ခွင့်ပြုချက်မရှိဘဲ အခြားကိစ္စရပ်များတွင် အသုံးမပြုရ။

၁၉။ သက်ဆိုင်သူက စာရင်းဇယား၊ အချက်အလက်နှင့် သက်သေအထောက်အထားများကို လျှို့ဝှက်အဆင့်ထားရှိပေးရန် တင်ပြလာပါက စုံစမ်းစစ်ဆေးရေးအဖွဲ့သည် အလုံးစုံခြုံငုံနားလည်စေနိုင်သည့် လျှို့ဝှက်မဟုတ်သော အနှစ်ချုပ်ကိုပါ တင်ပြရန်နှင့် ထိုသို့ တင်ပြနိုင်ခြင်းမရှိပါက ခိုင်လုံသောအကြောင်းပြချက်ကိုဖော်ပြရန် သက်ဆိုင်သူထံ တောင်းခံရမည်။

၂၀။ စုံစမ်းစစ်ဆေးရေးအဖွဲ့သည် စုံစမ်းစစ်ဆေးမှုပြုရာတွင် အောက်ပါစာရင်းဇယား၊ အချက်အလက်၊ သက်သေအထောက်အထား တစ်ရပ်ရပ်ကို ထည့်သွင်းစဉ်းစားခြင်းမပြုဘဲ နေနိုင်သည်-

(က) လျှို့ဝှက်အဆင့်ထားရှိပေးရန် ယုံကြည်ရန်အကြောင်းမရှိသော စာရင်းဇယား၊ အချက်အလက်၊ သက်သေအထောက်အထားများ၊

(ခ) အများပြည်သူသို့ အသိပေးဖြန့်ဝေရန် သက်ဆိုင်သူက ခွင့်ပြုခြင်းမရှိသော လျှို့ဝှက်မဟုတ်သည့် အနှစ်ချုပ်ပုံစံဖြင့် တင်ပြလာသည့် စာရင်းဇယား၊ အချက်အလက်၊ သက်သေအထောက်အထားများ။

**အခန်း(၇)**

**ပြင်းထန်သော ထိခိုက်နစ်နာမှုကို စိစစ်အကဲဖြတ်ခြင်းနှင့် ယာယီကာကွယ်ပေးမှု အကောက်ခွန်စည်းကြပ်ခြင်း**

၂၁။ စုံစမ်းစစ်ဆေးရေးအဖွဲ့သည် သွင်းကုန်ပမာဏမြင့်တက်ခြင်းကြောင့် ပြည်တွင်း ကုန်စည်ထုတ်လုပ်သူ၏လုပ်ငန်းကို ပြင်းထန်သောထိခိုက်နစ်နာမှု သို့မဟုတ် ယင်းသို့ထိခိုက်နစ်နာစေရန် ခြိမ်းခြောက်မှု ရှိ မရှိ ဆုံးဖြတ်ရာတွင် အောက်ပါအချက်အလက်များအပါအဝင် ယင်းကုန်စည်ထုတ်လုပ်သူ၏လုပ်ငန်းနှင့်စပ်လျဉ်းသည့် အခြားလိုအပ်သော အချက်အလက်များကိုပါ ထည့်သွင်းစိစစ်အကဲဖြတ်ရမည်-

(က) မြင့်တက်လာသည့် သွင်းကုန်၏ပမာဏနှင့် နှုန်းထား၊

(ခ) ပမာဏမြင့်တက်ဝင်ရောက်လာသည့် သွင်းကုန်၏ ပြည်တွင်းဈေးကွက်တွင် ရယူခဲ့သောဝေစု၊

(ဂ) ရောင်းချမှုအခြေအနေ ပြောင်းလဲလာမှု၊

(ဃ) ထုတ်လုပ်မှုအခြေအနေ ပြောင်းလဲလာမှု၊

(င) ထုတ်လုပ်နိုင်စွမ်းအခြေအနေ ပြောင်းလဲလာမှု၊

(စ) အမြတ်နှင့်အရှုံးအခြေအနေ ပြောင်းလဲလာမှု၊

(ဆ) အလုပ်သမားခန့်ထားမှုအခြေအနေ ပြောင်းလဲလာမှု။

၂၂။ စုံစမ်းစစ်ဆေးရေးအဖွဲ့သည် ပြည်တွင်းကုန်စည်ထုတ်လုပ်သူ၏ လုပ်ငန်းများအပေါ် ပြင်းထန်သော ထိခိုက်နစ်နာမှု သို့မဟုတ် ယင်းသို့ထိခိုက်နစ်နာစေရန် ခြိမ်းခြောက်မှုနှင့် သွင်းကုန်ပမာဏ မြင့်တက်ခြင်းတို့အကြား ဖြစ်ပေါ်သည့် အကျိုးအကြောင်းဆက်နွှယ်မှုအား ဖော်ပြနိုင်မှသာလျှင် ယင်းကုန်စည်ကြောင့် ပြင်းထန်သော ထိခိုက်နစ်နာမှုဖြစ်စေသည် သို့မဟုတ် ယင်းသို့ ထိခိုက်နစ်နာစေရန် ခြိမ်းခြောက်သည်ဟု သုံးသပ်တင်ပြရမည်။

၂၃။ စုံစမ်းစစ်ဆေးရေးအဖွဲ့သည် အခြားသော အကြောင်းတစ်ရပ်ရပ်ကြောင့် ပြည်တွင်း ကုန်စည်ထုတ်လုပ်သူ၏ လုပ်ငန်းကို ပြင်းထန်သော ထိခိုက်နစ်နာမှု သို့မဟုတ် ယင်းသို့ထိခိုက်နစ်နာစေရန် ခြိမ်းခြောက်မှုဖြစ်ပေါ်စေသည်ဟု စိစစ်တွေ့ရှိပါက သွင်းကုန်ပမာဏ မြင့်တက်ခြင်းကြောင့် ထိခိုက်နစ်နာသည်ဟု သုံးသပ်တင်ပြခြင်းမပြုရ။

၂၄။ စုံစမ်းစစ်ဆေးရေးအဖွဲ့သည် ပြည်တွင်းကုန်စည်ထုတ်လုပ်သူ၏ လုပ်ငန်းထိခိုက်နစ်နာမှုသည် ပြန်လည်ရပ်တည်နိုင်ရန် ခက်ခဲသောအရေးပေါ် အခြေအနေပေါ်ပေါက်ကြောင်း ပဏာမစိစစ်အကဲဖြတ်ချက်အရ စိစစ်တွေ့ရှိပါက စုံစမ်းစစ်ဆေးမှု ဆောင်ရွက်နေသည့်ကာလအတွင်း တင်သွင်းလာသည့် ကုန်စည်အပေါ် ယာယီကာကွယ်ပေးမှု အကောက်ခွန်စည်းကြပ်ခြင်းပြုနိုင်ရန် ဦးစီးဌာနမှတစ်ဆင့် ကော်မတီသို့တင်ပြရမည်။

၂၅။ ကော်မတီသည်-

(က) အပြီးသတ်ဆုံးဖြတ်ချက်မတိုင်မီ ပုဒ်မ ၂၄ အရ ယာယီကာကွယ်ပေးမှု အကောက်ခွန်စည်းကြပ်ခြင်းပြုရန် ဆုံးဖြတ်နိုင်သည်။

(ခ) ယာယီကာကွယ်ပေးမှု အကောက်ခွန်စည်းကြပ်ခြင်းကို အများဆုံး ရက်ပေါင်း ၂၀၀ အထိ ခွင့်ပြုနိုင်သည်။

**အခန်း(၈)**

**ကာကွယ်ပေးမှု အစီအမံဆုံးဖြတ်ခြင်းနှင့် ကျင့်သုံးအကောင်အထည်ဖော်ခြင်း**

၂၆။ စုံစမ်းစစ်ဆေးရေးအဖွဲ့သည် သတ်မှတ်ထားသည့် အချိန်ကာလအတွင်း စုံစမ်းစစ်ဆေးမှုကို ဆောင်ရွက်ပြီးနောက် အပြီးသတ်စိစစ်တွေ့ရှိချက်ကိုသုံးသပ်အကြံပြုချက်များနှင့်အတူ ဦးစီးဌာနမှတစ်ဆင့် ကော်မတီသို့ တင်ပြရမည်။

၂၇။ ကော်မတီသည် သွင်းကုန်ပမာဏမြင့်တက်ခြင်း၊ ပြင်းထန်သော ထိခိုက်နစ်နာခြင်း သို့မဟုတ် ယင်းသို့ ထိခိုက်နစ်နာစေရန် ခြိမ်းခြောက်ခြင်းမရှိကြောင်း အပြီးသတ်စိစစ်ချက်အရ တွေ့ရှိပါက ယာယီကာကွယ်ပေးမှု အကောက်ခွန်စည်းကြပ်ခြင်းကို ရပ်စဲရန် ဆုံးဖြတ်ရမည်။

၂၈။ ကော်မတီသည် သွင်းကုန်ပမာဏမြင့်တက်ခြင်းနှင့် ယင်းကြောင့် ပြင်းထန်သောထိခိုက်နစ်နာမှု သို့မဟုတ် ယင်းသို့ထိခိုက်နစ်နာစေရန် ခြိမ်းခြောက်မှုဖြစ်ပွားကြောင်း အပြီးသတ်စိစစ်ချက်အရ တွေ့ရှိပါက စုံစမ်းစစ်ဆေးခြင်းခံရသည့် ကုန်စည်အပေါ် အောက်ပါကာကွယ်ပေးမှု အစီအမံတစ်ခုဖြစ်စေ၊ တစ်ခုထက်ပို၍ဖြစ်စေ စည်းကြပ်ကျင့်သုံးရန် ဆုံးဖြတ်နိုင်သည်-

(က) ကာကွယ်ပေးမှု အကောက်ခွန်စည်းကြပ်ခြင်း၊

(ခ) သွင်းကုန်ပမာဏ ကန့်သတ်ခြင်း။

၂၉။ ကော်မတီသည် ပုဒ်မ ၂၈ အရ ကာကွယ်ပေးမှုအစီအမံကိုဆုံးဖြတ်ရာတွင် ပြည်တွင်းကုန်စည်ထုတ်လုပ်သူများ၏ လုပ်ငန်းပြန်လည်တိုးတက်ရေး ပြင်ဆင်ဆောင်ရွက်နိုင်စေရန်နှင့် ယင်းတို့၏ ထိခိုက်နစ်နာမှုများကို ကာကွယ်ကုစားပေးရန် လိုအပ်သည့်အတိုင်းအတာအထိသာ သတ်မှတ်ရမည်။

၃၀။ ကော်မတီသည် ပုဒ်မ ၂၈၊ ပုဒ်မခွဲ (ခ) အရ သွင်းကုန်ပမာဏ ကန့်သတ်ရာတွင် စုံစမ်းစစ်ဆေးခြင်းခံရသည့် ကုန်စည်နှင့်စပ်လျဉ်း၍ လွန်ခဲ့သည့် သုံးနှစ်အတွင်း တင်သွင်းခဲ့သောစာရင်းကို အခြေခံ၍ ယင်းကုန်စည်၏ ပျမ်းမျှသွင်းကုန်ပမာဏအောက် လျော့နည်းသောပမာဏကို သတ်မှတ်ခြင်းမပြုရ။ သို့ရာတွင် ပြင်းထန်သော ထိခိုက်နစ်နာမှု သို့မဟုတ် ယင်းသို့ ထိခိုက်စေရန် ခြိမ်းခြောက်မှုကို ကာကွယ်ကုစားပေးရန် လုံလောက်သော ကျိုးကြောင်းဖော်ပြချက်တွေ့ရှိပါက ပျမ်းမျှသွင်းကုန်ပမာဏအောက် လျော့နည်းသောပမာဏကို သတ်မှတ်နိုင်သည်။

၃၁။ ကော်မတီသည်-

(က) စုံစမ်းစစ်ဆေးခြင်းခံရသည့် ကုန်စည်ကို တင်ပို့သော ပြည်ပနိုင်ငံတစ်နိုင်ငံထက်ပိုပါက ယင်းနိုင်ငံအသီးသီးအတွက် သွင်းကုန်ပမာဏကို ခွဲဝေသတ်မှတ်ရမည်။

(ခ) ပုဒ်မခွဲ (က) အရ ခွဲဝေသတ်မှတ်ရာတွင် ယင်းကုန်စည်ကို ပြည်တွင်းသို့ တင်ပို့ရောင်းချခြင်းဖြင့် အကျိုးစီးပွား အမြောက်အမြားရရှိသည့် ယင်းနိုင်ငံများနှင့် ဆွေးနွေးညှိနှိုင်း သဘောတူညီချက် ရယူရမည်။

၃၂။ ပုဒ်မ ၃၁ အရ သွင်းကုန်ပမာဏကို ခွဲဝေသတ်မှတ်ခြင်းနှင့်စပ်လျဉ်း၍ သဘောတူညီမှုမရရှိပါက ကော်မတီသည် ယင်းနိုင်ငံများက လွန်ခဲ့သော သုံးနှစ်အတွင်း ပြည်တွင်းသို့ ယင်းကုန်စည်ကို တင်သွင်းခဲ့သည့် စုစုပေါင်း ပမာဏ သို့မဟုတ် တန်ဖိုး၏ အချိုးအပေါ်မူတည်၍ ပမာဏကို ကန့်သတ်ခွဲဝေ သတ်မှတ်ရမည်။

၃၃။ စုံစမ်းစစ်ဆေးခြင်းခံရသည့် ကုန်စည်သည် ဖွံ့ဖြိုးဆဲနိုင်ငံများမှ ပြည်တွင်းသို့ တင်သွင်းလာသည့် ကုန်စည်ဖြစ်ပြီး အောက်ပါအခြေအနေတစ်ရပ်ရပ်နှင့် ကိုက်ညီမှုရှိပါက ကော်မတီသည် ယင်းနိုင်ငံများအပေါ် ကာကွယ်ပေးမှုအစီအမံကို ကျင့်သုံးခြင်းမပြုရ-

(က) ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံမှ တင်သွင်းလာသည့် ပမာဏသည် ပြည်တွင်းသို့ တင်သွင်းမှု စုစုပေါင်းပမာဏ၏ သုံးရာခိုင်နှုန်းထက် မကျော်လွန်သည့် ဝေစုဖြစ်ခြင်း၊

(ခ) ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံချင်းစီ၏ သွင်းကုန်ဝေစုပမာဏသည် သုံးရာခိုင်နှုန်းအောက် လျော့နည်း၍ တင်သွင်းလာပြီး ယင်းဖွံ့ဖြိုးဆဲနိုင်ငံအားလုံး၏ စုပေါင်းတင်သွင်းမှုသည် ပြည်တွင်းသို့ တင်သွင်းမှု စုစုပေါင်းသွင်းကုန်ပမာဏ၏ ကိုးရာခိုင်နှုန်းထက် ကျော်လွန်ခြင်းမရှိသည့် ဝေစုဖြစ်ခြင်း။

၃၄။ ဤဥပဒေအရ ကောက်ခံထားသည့် ယာယီကာကွယ်ပေးမှု အကောက်ခွန်နှင့်စပ်လျဉ်း၍ ကော်မတီက အောက်ပါဆုံးဖြတ်ချက်တစ်ရပ်ရပ်ကို ချမှတ်လျှင် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းသည် နှောင့်နှေးကြန့်ကြာမှုမရှိဘဲ ဆောင်ရွက်ရမည်-

(က) အပြီးသတ်စစ်ဆေးဆုံးဖြတ်ပြီးနောက် စည်းကြပ်သည့် ကာကွယ်ပေးမှု အကောက်ခွန်သည် စည်းကြပ်ကောက်ခံထားပြီးဖြစ်သည့် ယာယီကာကွယ်ပေးမှု အကောက်ခွန်အောက်လျော့နည်းပါက ကွာခြားမှုပမာဏကို ပြန်အမ်းရန် ဆုံးဖြတ်ခြင်း၊

(ခ) ပုဒ်မ ၂၇ အရ ယာယီကာကွယ်ပေးမှုအကောက်ခွန်စည်းကြပ်ခြင်းကို ရပ်စဲသည့်အခြေအနေတွင် ကောက်ခံထားသော ယာယီကာကွယ်ပေးမှု အကောက်ခွန်ကို ပြန်အမ်းရန် ဆုံးဖြတ်ခြင်း။

**အခန်း(၉)**

**အသိပေးအကြောင်းကြားခြင်းနှင့် သတင်းအချက်အလက်တောင်းခံခြင်း**

၃၅။ ကော်မတီ၏ အောက်ပါဆုံးဖြတ်ချက်များကို ဦးစီးဌာနသည် သက်ဆိုင်သည့်အချက်အလက်များဖော်ပြ၍ လျှောက်ထားသူနှင့် အကျိုးဝင်ဆက်နွှယ်သူများထံ သတ်မှတ်သည့်ကာလအတွင်း အကြောင်းကြားရမည့်အပြင် အများပြည်သူသိရှိရန် ထုတ်ပြန်ရမည်-

(က) စုံစမ်းစစ်ဆေးခြင်းပြုရန် သို့မဟုတ် မပြုရန် ဆုံးဖြတ်ခြင်းနှင့် အကယ်၍ စုံစမ်းစစ်ဆေးခြင်းပြုရန် ဆုံးဖြတ်ပါက စတင်မည်ဖြစ်ကြောင်း ဆုံးဖြတ်ခြင်း၊

(ခ) စုံစမ်းစစ်ဆေးမှုကိုရပ်စဲခြင်း၊ ရပ်ဆိုင်းခြင်းဆိုင်ရာ ဆုံးဖြတ်ခြင်း၊

(ဂ) ပဏာမစိစစ်ဆုံးဖြတ်ခြင်း၊

(ဃ) ယာယီကာကွယ်ပေးမှု အကောက်ခွန်စည်းကြပ်ရန် ဆုံးဖြတ်ခြင်း၊

(င) ကာကွယ်ပေးမှု အစီအမံတစ်ခုကို ကျင့်သုံးခြင်း၊ သက်တမ်းတိုးခြင်း သို့မဟုတ် ရပ်စဲခြင်းတို့နှင့်စပ်လျဉ်းသည့် အပြီးသတ်ဆုံးဖြတ်ခြင်း၊

(စ) ပြန်လည်သုံးသပ်မှုရလဒ်များအပေါ် ဆုံးဖြတ်ခြင်း၊

၃၆။ ကော်မတီသည် စုံစမ်းစစ်ဆေးမှုစတင်ရန် ဆုံးဖြတ်ခြင်း၊ ကာကွယ်ပေးမှု အစီအမံတစ်ခုခုကို ကျင့်သုံးခြင်း၊ သက်တမ်းတိုးခြင်း သို့မဟုတ် ရပ်စဲခြင်း တို့နှင့်စပ်လျဉ်းသည့် အပြီးသတ်ဆုံးဖြတ်ချက်ကို နှောင့်နှေးကြန့်ကြာမှုမရှိဘဲ ဝန်ကြီးဌာနမှတစ်ဆင့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့သို့ အကြောင်းကြား ပေးပို့ရမည်။

၃၇။ ကော်မတီသည် လိုအပ်ပါက ပြည်ပမှတင်ပို့သူ၊ ထုတ်လုပ်သူ၊ အသင်းအဖွဲ့နှင့် သက်ဆိုင်ရာနိုင်ငံ၏ အစိုးရထံမှ စုံစမ်းစစ်ဆေးမှုနှင့် သက်ဆိုင်သည့် အချက်အလက်၊ သက်သေအထောက်အထားများကို သက်ဆိုင်ရာနိုင်ငံ၏ သံရုံးမှတစ်ဆင့်ဖြစ်စေ၊ သက်ဆိုင်ရာ နိုင်ငံအချင်းချင်းအကြား သဘောတူညီထားသည့် အခြားသောနည်းလမ်းတစ်ခုခုအရဖြစ်စေ ဝန်ကြီးဌာနမှတစ်ဆင့် တောင်းခံနိုင်သည်။

၃၈။ ပြည်ပမှတင်ပို့သူ၊ ထုတ်လုပ်သူနှင့် အကျိုးဝင်ဆက်နွှယ်သူများသည် ပုဒ်မ ၃၇ အရ တောင်းခံလာသော အကြောင်းကြားစာရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း သို့မဟုတ် ကော်မတီ၏ ခွင့်ပြုထားသော သက်တမ်းတိုးကာလအတွင်း ကော်မတီသို့ ပေးပို့ပေးရမည်။

၃၉။ အကျိုးဝင်ဆက်နွှယ်သူများသည် စုံစမ်းစစ်ဆေးရေးအဖွဲ့က အနှစ်ချုပ်ပုံစံဖြင့် တင်ပြရန် တောင်းခံသော လျှို့ဝှက်စာရင်းဇယား၊ အချက်အလက်နှင့် သက်သေအထောက်အထားများကို တင်ပြရမည်။ ထိုသို့ တင်ပြနိုင်ခြင်းမရှိပါက ခိုင်လုံသောအကြောင်းပြချက်ကို တင်ပြရမည်။

**အခန်း(၁၀)**

**ကာကွယ်ပေးမှုအစီအမံကျင့်သုံးသည့်ကာလ၊ ဖြေလျှော့ခြင်းနှင့် ပြန်လည်သုံးသပ်ခြင်း**

၄၀။ ပုဒ်မ ၂၈ အရ ကာကွယ်ပေးမှု အစီအမံကျင့်သုံးသည့် ကာလသည် ပြည်တွင်းကုန်စည်ထုတ်လုပ်သော လုပ်ငန်း၏ ထိခိုက်နစ်နာမှုကို ကာကွယ်ကုစားပေးရန်နှင့် လုပ်ငန်းအခြေအနေ ပြန်လည်တိုးတက်ရန် လိုအပ်သော အချိန်ကာလအထိသာ ဖြစ်ရမည်။

၄၁။ ကာကွယ်ပေးမှု အစီအမံကျင့်သုံးရာတွင်-

(က) ကုန်စည်တစ်မျိုးအပေါ်တွင် စတင်ကျင့်သုံးမှုကာလသည် အများဆုံး လေးနှစ်အထိသာ ကျင့်သုံးနိုင်သည်။

(ခ) ယင်းကုန်စည်အပေါ်တွင် ပုဒ်မခွဲ (က) ပါ အစီအမံကာလနှင့် သက်တမ်းတိုးကာလအပါအဝင် အများဆုံး ၁၀ နှစ်အထိသာ ကျင့်သုံးနိုင်သည်။

(ဂ) အစီအမံကျင့်သုံးထားပြီးသည့် ကုန်စည်အပေါ်တွင် နောက်တစ်ကြိမ် ကျင့်သုံးမည်ဆိုပါက မူလသက်တမ်းကုန်ဆုံးပြီးနောက် အနည်းဆုံး နှစ်နှစ်ရပ်နားပြီးမှသာလျှင် ထပ်မံကျင့်သုံးရမည်။

**(ဆက်လက်ဖော်ပြပါမည်)**

# အစားအသောက်၊ ဆေးဝါး၊ ဆေးပစ္စည်းကိရိယာနှင့် အလှကုန်ပစ္စည်းများဆိုင်ရာ ဓာတ်ခွဲခန်းဥပဒေကြမ်း

**ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

**ယမန်နေ့မှအဆက်**

**အခန်း (၁၃)**

**စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း**

၃၂။ ကြီးကြပ်ရေးကော်မတီသည် စစ်ဆေးရေးမှူး၏ ပုဒ်မ ၃၁၊ ပုဒ်မခွဲ (ဂ)၊ ပုဒ်မခွဲငယ် (၂) အရ တင်ပြချက်ကိုစိစစ်ပြီး မှန်ကန်ကြောင်းတွေ့ရှိရလျှင် ဓာတ်ခွဲခန်းဖွင့်လှစ်ခွင့်လိုင်စင်ရရှိသူကို အောက်ပါစီမံခန့်ခွဲရေး ပြစ်ဒဏ်တစ်ရပ်ရပ် ချမှတ်နိုင်သည်-

(က) သတိပေးခြင်း၊

(ခ) ဓာတ်ခွဲခန်းဖွင့်လှစ်ခွင့်လိုင်စင်ကို ကာလသတ်မှတ်ချက်ဖြင့် ရုပ်သိမ်းခြင်း၊

(ဂ) ဓာတ်ခွဲခန်းဖွင့်လှစ်ခွင့်လိုင်စင်ကို ပယ်ဖျက်ခြင်း။

**အခန်း (၁၄)**

**အယူခံခြင်း**

၃၃။ ကြီးကြပ်ရေးကော်မတီက ပုဒ်မ ၁၀၊ ပုဒ်မခွဲ(ဂ)အရ ချမှတ်သည့် ဆုံးဖြတ်ချက် သို့မဟုတ် ပုဒ်မ ၃၂ အရ ချမှတ်သည့် ဆုံးဖြတ်ချက်တစ်ရပ်ရပ်ကို မကျေနပ်သူသည် ဆုံးဖြတ်ချက် ချမှတ်သည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း ဝန်ကြီးဌာနသို့ အယူခံဝင်ရောက်နိုင်သည်။

၃၄။ (က) ဝန်ကြီးဌာနသည် ကြီးကြပ်ရေးကော်မတီ၏ ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်။

(ခ) ပုဒ်မခွဲ (က)အရ ဝန်ကြီးဌာန၏ ဆုံးဖြတ်ချက်သည် စီမံခန့်ခွဲရေး နည်းလမ်းအရ အပြီးအပြတ်ဖြစ်သည်။

**အခန်း (၁၅)**

**တားမြစ်ချက်နှင့်ပြစ်ဒဏ်များ**

၃၅။ (က) ဝန်ကြီးဌာန သို့မဟုတ် ကြီးကြပ်ရေးကော်မတီက ကင်းလွတ်ခွင့်ပြုထားသော အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများမှအပ မည်သူမျှ ဓာတ်ခွဲခန်း ဖွင့်လှစ်ခွင့်လိုင်စင်မရှိဘဲ ဓာတ်ခွဲခန်းတည်ထောင်ဖွင့်လှစ်ခြင်း မပြုရ။

(ခ) မည်သူမဆို ပုဒ်မခွဲ (က) ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်းသုံးရာထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည့်အပြင် ဓာတ်ခွဲခန်းနှင့် သက်ဆိုင်သည့် ပစ္စည်းကိရိယာများကိုလည်း ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်။

၃၆။ (က) ဝန်ကြီးဌာန သို့မဟုတ် ကြီးကြပ်ရေးကော်မတီက ကင်းလွတ်ခွင့်ပြုထားသော အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများမှအပ မည်သူမျှ ဓာတ်ခွဲခန်း ဖွင့်လှစ်ခွင့်လိုင်စင်မရှိဘဲ အစားအသောက်၊ ဆေးဝါး၊ ဆေးပစ္စည်းကိရိယာနှင့် အလှကုန်ပစ္စည်းများကို ဓာတ်ခွဲစစ်ဆေးခြင်း သို့မဟုတ် ဓာတ်ခွဲအဖြေများ ထုတ်ပြန်ခြင်း မပြုရ။

(ခ) မည်သူမဆို ပုဒ်မခွဲ (က) ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်းတစ်ရာထက် မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

**အခန်း (၁၆)**

**အထွေထွေ**

၃၇။ သုတေသနပြုလုပ်ရန် ရည်ရွယ်ချက်ဖြင့် တည်ထောင်ဖွင့်လှစ်သော ဓာတ်ခွဲခန်း သို့မဟုတ် မိမိကိုယ်ပိုင်အသုံးပြုရန်သာ ရည်ရွယ်သော ဓာတ်ခွဲခန်း သို့မဟုတ် စီးပွားရေးအလို့ငှာ ရည်ရွယ်ခြင်းမရှိသော ဓာတ်ခွဲခန်းများနှင့် ၎င်းတို့၏ ဓာတ်ခွဲအဖြေများသည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်ခြင်း မရှိစေရ။

၃၈။ ဝန်ကြီးဌာန သို့မဟုတ် ကြီးကြပ်ရေးကော်မတီသည် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုအား ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ခြင်းမှ ကင်းလွတ်ခွင့်ပြုသည်။

၃၉။ ဤဥပဒေ ပုဒ်မ ၃၆၊ ပုဒ်မခွဲ (ခ)ကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုအဖြစ် သတ်မှတ်သည်။

၄၀။ ဤဥပဒေကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-

(က) ဝန်ကြီးဌာနသည် လိုအပ်သည့် နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနနှင့် ကြီးကြပ်ရေးကော်မတီသည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

---

# နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှု ဥပဒေကြမ်း

**ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

**ယမန်နေ့မှအဆက်**

၁၈။ ပုဒ်မ ၁၇ ပါ ပြဋ္ဌာန်းချက်နှင့်အညီ ပြည်ပတွင် နိုင်ငံခြားငွေစာရင်းဖွင့်လှစ်ထားရှိသော ပြည်တွင်းနေထိုင်သူသည် ယင်းနိုင်ငံခြားငွေစာရင်းအသုံးပြုမှုအားလည်းကောင်း၊ ပြည်တွင်းနေထိုင်သူ၏ လက်အောက်ခံကုမ္ပဏီများ၊ ရုံးခွဲများနှင့် ဆက်စပ်ပုဂ္ဂိုလ်များမှ ဖွင့်လှစ်ထားသော နိုင်ငံခြားငွေစာရင်း အသုံးပြုမှုအားလည်းကောင်း ဗဟိုဘဏ်၏ စည်းမျဉ်း၊ ညွှန်ကြားချက်များနှင့်အညီ ဗဟိုဘဏ်သို့ အစီရင်ခံတင်ပြရမည်။

၁၉။ ဗဟိုဘဏ်သည် ပြည်တွင်းနေထိုင်သူနှင့် ပြည်ပနေထိုင်သူများက နိုင်ငံတော်အတွင်း နိုင်ငံခြားငွေဖြင့် ဘဏ်ငွေစာရင်းဖွင့်လှစ်ခြင်းနှင့် စီမံခန့်ခွဲခြင်းဆိုင်ရာ စည်းကမ်းချက်များကို သတ်မှတ်နိုင်သည်။

**အခန်း (၆)**

**ကျပ်ငွေဖြင့် နိုင်ငံတကာပေးချေမှုများနှင့် လွှဲပြောင်းမှုများ**

၂၀။ ပြည်တွင်းနေထိုင်သူနှင့် ပြည်ပနေထိုင်သူတို့သည် နိုင်ငံတော်နှင့် ပြည်ပနိုင်ငံများအကြား ကျပ်ငွေဖြင့် နိုင်ငံတကာပေးချေမှုများနှင့် လွှဲပြောင်းမှုများဖြစ်သော ငွေသားဖြင့် လက်ရောက်လွှဲပြောင်းမှု၊ ငွေသားဖြင့် ပေးချေမှုနှင့် အခြားပေးချေမှုများကို ဗဟိုဘဏ်၏ စည်းမျဉ်း၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ရမည်။

**အခန်း (၇)**

**နိုင်ငံခြားသုံးငွေလုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်ရသူများ**

၂၁။ နိုင်ငံခြားသုံးငွေလုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင်ရရှိသူသည်-

(က) လုပ်ငန်းလိုင်စင်တွင်ပါရှိသည့် သတ်မှတ်လုပ်ငန်းများကိုသာ လုပ်ကိုင်ရမည်။

(ခ) ဤဥပဒေ၊ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေ၊ အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအပါအဝင် တည်ဆဲဥပဒေများကို လိုက်နာရမည်။

၂၂။ နိုင်ငံခြားသုံးငွေရောင်းဝယ်ဖောက်ကားသည့် လုပ်ငန်းလိုင်စင်ရရှိသူသည်-

(က) ပြည်တွင်း၌နေထိုင်သူ၏ နိုင်ငံခြားသုံးငွေဖြင့် ပို့ကုန်ရငွေကို သတ်မှတ်ကာလအတွင်း ယင်း၏ဘဏ်ငွေစာရင်းသို့ မှန်ကန်စွာ ဝင်ရောက်ခြင်း ရှိ/မရှိ စိစစ်ရမည်။ ယင်းသို့ စိစစ်ရာတွင် ပြည်တွင်း၌နေထိုင်သူ၏ ဘဏ်ငွေစာရင်းသို့ ပို့ကုန်ရငွေ ဝင်ရောက်ခြင်း မရှိကြောင်း တွေ့ရှိပါက သုံးသပ်ချက်နှင့်အတူ ဗဟိုဘဏ်သို့ တစ်လအတွင်း အစီရင်ခံတင်ပြရမည်။

(ခ) ပြည်တွင်း၌နေထိုင်သူ၏ ဘဏ်ငွေစာရင်းတွင် ပုံမှန်မဟုတ်သည့် အခြေအနေတစ်ရပ်ရပ်တွေ့ရှိပါက သုံးသပ်ချက်နှင့်အတူ ဗဟိုဘဏ်သို့ နှောင့်နှေးကြန့်ကြာမှုမရှိစေဘဲ အစီရင်ခံတင်ပြရမည်။

၂၃။ နိုင်ငံခြားသုံးငွေရောင်းဝယ်ဖောက်ကားသည့် လုပ်ငန်းလိုင်စင်ရရှိသူသည် ပြည်တွင်း၌နေထိုင်သူများအား ဗဟိုဘဏ်၏ ခွင့်ပြုချက်အရ နိုင်ငံခြားသုံးငွေဖြင့် ချေးငွေထုတ်ချေးနိုင်သည်။

၂၄။ နိုင်ငံခြားသုံးငွေရောင်းဝယ်ဖောက်ကားသည့် လုပ်ငန်းလိုင်စင်ရရှိသူသည် နိုင်ငံခြားသုံးငွေဖြင့် အပ်ငွေလက်ခံခြင်း၊ နိုင်ငံခြားသုံးငွေကို ရောင်းဝယ်မှုပြုခြင်း၊ ဘဏ်များအကြား ငွေကြေးဈေးကွက်တွင် ပါဝင်ဆောင်ရွက်ခြင်းတို့ကို ဗဟိုဘဏ်၏ စည်းမျဉ်း၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ရမည်။

၂၅။ နိုင်ငံခြားသုံးငွေလုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်ရရှိသူသည် ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့် လုပ်ငန်းလိုင်စင်စည်းကမ်းချက်များကို လိုက်နာရမည်။

**အခန်း (၈)**

**ရွှေနှင့် လက်ဝတ်ရတနာများ ဝယ်ယူခြင်း၊ ရောင်းချခြင်း၊ ပြည်ပသို့ တင်ပို့ခြင်း၊ ပြည်ပမှ တင်သွင်းခြင်း**

၂၆။ ပြည်တွင်း၌နေထိုင်သူ သို့မဟုတ် ပြည်ပ၌နေထိုင်သူများသည် ရွှေ၊ နိုင်ငံခြားသုံးငွေ သို့မဟုတ် လက်ဝတ်ရတနာကို ပြည်ပသို့ ယူဆောင်သွားခြင်း သို့မဟုတ် ပြည်ပမှ ယူဆောင်လာခြင်းတို့နှင့်စပ်လျဉ်း၍ ဗဟိုဘဏ်၏ စည်းမျဉ်း၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ရမည်။

၂၇။ ပြည်တွင်း၌နေထိုင်သူသည် စံချိန်မမီရွှေနှင့်စပ်လျဉ်း၍ အောက်ပါကိစ္စရပ်တစ်ရပ်ရပ်အတွက် ဗဟိုဘဏ်၏ ခွင့်ပြုချက်ရယူရန်မလိုဘဲ ဆောင်ရွက်နိုင်သည်-

(က) တစ်ကိုယ်ရေသုံးစွဲခြင်း၊

(ခ) နိုင်ငံတော်အတွင်း လက်ရောက်ဝယ်ယူခြင်း သို့မဟုတ် လက်ရောက်ရောင်းချခြင်း၊

(ဂ) စံချိန်မမီရွှေ သို့မဟုတ် လက်ဝတ်ရတနာကို ဗဟိုဘဏ်၏စည်းမျဉ်း၊ ညွှန်ကြားချက်များနှင့်အညီ ပြည်ပသို့ တင်ပို့ခြင်း။

၂၈။ ပြည်တွင်း၌နေထိုင်သူသည် အောက်ပါ ကိစ္စရပ်တစ်ရပ်ရပ်အတွက် ဗဟိုဘဏ်၏ ခွင့်ပြုချက်ရယူရမည်-

(က) စံချိန်မီရွှေ ပိုင်ဆိုင်ခြင်း၊

( ခ ) နိုင်ငံတော်အတွင်း စံချိန်မီရွှေကို ဝယ်ယူခြင်း၊ ရောင်းချခြင်း၊ ချေးယူခြင်း သို့မဟုတ် ချေးငှားခြင်း၊

( ဂ ) စံချိန်မီရွှေကို ပြည်ပသို့တင်ပို့ခြင်း သို့မဟုတ် ပြည်ပမှတင်သွင်းခြင်း၊

(ဃ) နိုင်ငံတော်အတွင်း စံချိန်မမီရွှေ ချေးယူခြင်း သို့မဟုတ် ချေးငှားခြင်း၊

( င ) စံချိန်မမီရွှေ သို့မဟုတ် လက်ဝတ်ရတနာကို ပြည်ပမှ တင်သွင်းခြင်း၊

( စ ) နိုင်ငံတော်အတွင်း ရွှေကို လက်ရောက်ဝယ်ယူခြင်း သို့မဟုတ် လက်ရောက်ရောင်းချခြင်းမှတစ်ပါး အခြားနည်းလမ်းဖြင့် ဝယ်ယူခြင်း သို့မဟုတ် ရောင်းချခြင်း။

**အခန်း (၉)**

**သာမန်စာရင်းပိုင်းဆိုင်ရာ လွှဲပြောင်းပေးချေမှုများ**

၂၉။ သာမန်စာရင်းပိုင်းဆိုင်ရာ လွှဲပြောင်းပေးချေမှုများအတွက် နိုင်ငံတကာမှ ပြည်တွင်းသို့ ပေးချေမှုများနှင့် လွှဲပြောင်းမှုများပြုလုပ်ရာတွင် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ကန့်သတ်ခြင်း မပြုလုပ်ရ။

၃၀။ သာမန်စာရင်းပိုင်းဆိုင်ရာ လွှဲပြောင်းပေးချေမှုများအတွက် ပြည်တွင်းမှ နိုင်ငံတကာသို့ ပေးချေမှုများနှင့် လွှဲပြောင်းမှုများပြုလုပ်ရာတွင် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ကန့်သတ်ခြင်း မပြုလုပ်ရ။

**အခန်း (၁၀)**

**ငွေလုံးငွေရင်းစာရင်းပိုင်းဆိုင်ရာ လွှဲပြောင်းပေးချေမှုများ**

၃၁။ ဗဟိုဘဏ်သည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့်သက်ဆိုင်သော အရင်းငွေ၊ အတိုးငွေ၊ အမြတ် ခွဲဝေမှုများနှင့် အခြားရငွေများကို ပြည်ပသို့ ပြန်လည်လွှဲပြောင်းပေးပို့ခွင့်ပြုနိုင်ရေးအတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအဖြစ် သတ်မှတ်ထားသော ရန်ပုံငွေများကို ပြည်တွင်းသို့ အမှန်တကယ် ယူဆောင်လာခြင်း ရှိ၊ မရှိ စိစစ်ရမည်။

၃၂။ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူသည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအဖြစ် သတ်မှတ်ထားသော ရန်ပုံငွေများကို ယူဆောင်လာသည့်အခါတိုင်း စည်းမျဉ်း၊ ညွှန်ကြားချက်များနှင့်အညီ ဗဟိုဘဏ်သို့ တင်ပြရမည်။

၃၃။ ဗဟိုဘဏ်သည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအဖြစ် သတ်မှတ်ထားသော ရန်ပုံငွေများကို နိုင်ငံခြားရင်းနှီးမြှုပ်နှံသူက ပြည်ပသို့ ပြန်လည်လွှဲပို့လိုကြောင်း တင်ပြလာလျှင် စည်းမျဉ်း၊ ညွှန်ကြားချက်များနှင့်အညီ စိစစ်ပြီးနောက် ခွင့်ပြုချက်ထုတ်ပေးခြင်း သို့မဟုတ် ခွင့်ပြုချက်ထုတ်ပေးရန် ငြင်းပယ်ခြင်း ပြုနိုင်သည်။

၃၄။ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူသည် ရင်းနှီးမြှုပ်နှံမှုကာလကုန်ဆုံးလျှင်ဖြစ်စေ၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း တစ်စိတ်တစ်ပိုင်း သို့မဟုတ် လုပ်ငန်းအားလုံး ပိတ်သိမ်းလျှင်ဖြစ်စေ မိမိ၏ ရင်းနှီးမြှုပ်နှံငွေများကို မိခင်နိုင်ငံ သို့မဟုတ် တတိယနိုင်ငံသို့ တည်ဆဲဥပဒေနှင့်အညီ လွှဲပြောင်းပေးပို့နိုင်သည်။

(ဆက်လက်ဖော်ပြပါမည်)

# လေးနိုင်ငံဖြတ်ကျော်စက်ဘီးစီးနင်းကြမည့်အိန္ဒိယနိုင်ငံမှ စက်ဘီးစီးအဖွဲ့ ထိုင်းနိုင်ငံသို့ ဆက်လက်ထွက်ခွာ



**ရန်ကုန် ဒီဇင်ဘာ ၂၆**

လေးနိုင်ငံဖြတ်ကျော်စက်ဘီးစီးနင်းကြမည့်“For Nation MTB Expedition” ဟု အမည်ပေးထားသော အိန္ဒိယနိုင်ငံ National Institute of Mountaineering and Allied Sports (NIMAS) မှ အဖွဲ့ဝင်လေးဦးပါဝင်သည့် စက်ဘီးစီးအဖွဲ့အား ဂုဏ်ပြုကြိုဆိုခြင်းနှင့် တာလွှတ်ခြင်းကို ရန်ကုန်မြို့ ကုန်သည်လမ်းရှိ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံရုံး၌ ယနေ့ နံနက်ပိုင်းက ကျင်းပရာ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီးနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ စက်ဘီးစီးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အဆိုပါ လေးနိုင်ငံဖြတ်ကျော် စက်ဘီးစီးနင်းကြမည့် စက်ဘီးစီးအဖွဲ့အနေဖြင့် မြန်မာနိုင်ငံသို့ ဒီဇင်ဘာ ၁၆ ရက်တွင် ရောက်ရှိခဲ့ကြခြင်းဖြစ်ပြီး အိန္ဒိယ-မြန်မာနယ်စပ်ဖြစ်သော တမူးမြို့မှတစ်ဆင့် မန္တလေး၊ မိတ္ထီလာ၊ နေပြည်တော်နှင့်ရန်ကုန်မြို့သို့ရောက်ရှိလာကြခြင်းဖြစ်ကာ ရန်ကုန်မြို့မှတစ်ဆင့် မွန်ပြည်နယ်နှင့်ကရင်ပြည်နယ်များကို ဖြတ်ကျော်၍ ထိုင်းနိုင်ငံသို့ သွားရောက်ကြမည်ဖြစ်သည်။

အဆိုပါ စက်ဘီးအဖွဲ့ မြန်မာနိုင်ငံ၌ ရောက်ရှိနေစဉ်ကာလအတွင်း မြန်မာနိုင်ငံစက်ဘီးစီးအဖွဲ့ချုပ်မှ တာဝန်ရှိသူများကလည်း ကူညီဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

ယနေ့ နံနက်ပိုင်းက ရန်ကုန်မြို့မှ စတင်တာလွှတ်လိုက်သည့် အဆိုပါ လေးနိုင်ငံဖြတ်ကျော် စက်ဘီးစီးနင်းကြမည့် စက်ဘီးစီးအဖွဲ့အနေဖြင့် မြန်မာနိုင်ငံ၊ ထိုင်းနိုင်ငံ၊ မလေးရှားနိုင်ငံနှင့် စင်ကာပူနိုင်ငံများသို့ ရက်ပေါင်း ၄၀ ကြာ စက်ဘီးစီးနင်းဖြတ်ကျော်ကြမည်ကြောင်းနှင့် ၎င်းတို့စီးနင်းမည့် ခရီးအကွာအဝေးမှာ ကီလိုမီတာ ၄၀၀၀ ရှိကြောင်းလည်း သိရသည်။

**သတင်း(ပွင့်သစ္စာ)၊ ဓာတ်ပုံ-စိုးမြင့်အောင်**

# မြင်းခြံခရိုင် ဝက်လူးဓာတ်အားခွဲရုံဖွင့်လှစ်



**မြင်းခြံ ဒီဇင်ဘာ ၂၆**

မြင်းခြံခရိုင် နွားထိုးကြီးမြို့နယ် ဝက်လူးစံပြကျေးရွာတွင် ဒီဇင်ဘာလ ဒုတိယပတ်က တစ်နိုင်ငံလုံးအိမ်ထောင်စု ၅၀ ရာခိုင်နှုန်း မီးလင်းပေးနိုင်ခြင်း ကြိုဆိုဂုဏ်ပြု၍ 33.11KV/ 5MVA ဝက်လူးဓာတ်အားခွဲရုံဖွင့်လှစ်ခဲ့ရာ မန္တလေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်ငြိမ်းသက်နွယ်၊ မြင်းခြံခရိုင် လျှပ်စစ်မန်နေဂျာ ဦးမြသောင်း၊ မြို့နယ်လျှပ်စစ်မန်နေဂျာ ဦးဇော်ဝင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲထွန်းအောင်နှင့် ရပ်မိရပ်ဖများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ဝက်လူးဓာတ်အားခွဲရုံကို နိုင်ငံတော်မှသန်း၄၅၀ အကုန်အကျခံတည်ဆောက်ဖွင့်လှစ်ခြင်းဖြစ်ပြီး ကျေးရွာ ၂၆ ရွာအား ၂၄ နာရီ လျှပ်စစ်မီးပေးနိုင်တော့မည်ဖြစ်သည်။ နွားထိုးကြီးနယ်တွင် ကျေးရွာပေါင်း ၁၈၈ ရွာရှိရာ ၁၄၂ ရွာမီးလင်းခဲ့ပြီးဖြစ်ကြောင်း၊ ၂၀၁၉ ခုနှစ် ဒီဇင်ဘာလကုန်တွင် တစ်မြို့နယ်လုံး မီးလင်းနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ် လျှပ်စစ်မန်နေဂျာထံမှ သိရသည်။

**ခင်ဇာမွန်မြင့်(ဥပဒေ)**

# မလှိုင်မြို့နယ် ခြေလျင်နှင့် တောင်တက်အသင်း ပုပ္ပားတောင်မကြီးသို့ တက်ရောက်

**မလှိုင် ဒီဇင်ဘာ ၂၆**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ခြေကျင်နှင့်တောင်တက်အသင်းမှ အမြင့် ၄၉၈၁ ပေရှိသော ပုပ္ပားတောင်မကြီးပေါ်သို့ ဒီဇင်ဘာ ၂၅ ရက်တွင် တက်ရောက်ခဲ့ကြောင်း မလှိုင်မြို့နယ် ခြေလျင်နှင့် တောင်တက်အသင်းမှ သိရသည်။

မလှိုင်မြို့နယ်ခြေလျင်နှင့်တောင်တက်အသင်းကို ၂၀၁၇ ခုနှစ်တွင် ဖွဲ့စည်းခဲ့ပြီး အဆိုပါနှစ် နိုဝင်ဘာ ၅ ရက်တွင်ပုပ္ပားတောင်မကြီးတို့အားတက်ရောက်ခဲ့ကာ ၂၀၁၈ ဇန်နဝါရီလအတွင်း၌ တောင်သာမြို့ရှိ တောင်သာတောင်နှင့် စစ်ကိုင်းတိုင်းအတွင်းရှိနတ်မတောင်နှင့်ဒီဇင်ဘာလအတွင်း၌ပုပ္ပားတောင်မကြီးအား တက်ရောက်ခဲ့ကြောင်း၊ ယခု အမြင့် ၄၉၈၁ ပေရှိသော ပုပ္ပားတောင်မကြီးတို့ကို တက်ရောက်ရန် လေ့ကျင့်မှုများဆောင်ရွက်ပြီး မလှိုင်မြို့နယ် မြို့မအားကစားဝင်းရှေ့ရှိ နေအိမ်တစ်ခုတွင် စုစည်း၍ ဒီဇင်ဘာ ၂၅ ရက် နံနက် ၄ နာရီခွဲတွင် စတင်ထွက်ခွာကြောင်း မလှိုင်မြို့နယ် ခြေလျင်နှင့် တောင်တက်အသင်းဥက္ကဋ္ဌ ဦးခင်မောင်ဦးထံမှ သိရသည်။

မလှိုင်မြို့နယ် ခြေလျင်နှင့်တောင်တက်အသင်းကို လက်ရှိအချိန်တွင် အင်အား ၂၀ ခန့်ဖြင့် ဖွဲ့စည်းထားကြောင်း သိရသည်။ မလှိုင်မြို့နယ် ခြေလျင်နှင့် တောင်တက်အသင်းမှာ ဒီဇင်ဘာ ၂၅ ရက်တွင် အမြင့် ၄၉၈၁ ပေ ရှိ ပုပ္ပားတောင်မကြီးအား တက်ရောက်ပြီး ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလတွင် ကူမဲမြို့ရှိ ပြက္ခရွှေတောင်အား တက်ရောက်မည်ဖြစ်ကြောင်း သိရသည်။

**မောင်သိန်း(မလှိုင်)**

## သတင်းစုံကဏ္ဍ

### ကျောင်းသား ကျောင်းသူတို့အား ရှင်ပြု၊ နားသပြုလုပ်

**ပြည်ကြီးတံခွန်** ။ ။ကျောင်းသား ၁၀၀ နှင့် ကျောင်းသူ ၂၅ ဦးတို့၏ ရှင်ပြု၊ နားသ အလှူတော်မင်္ဂလာအခမ်းအနားကို မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ် (ဃ)ရပ်ကွက်ရှိ အ.လ.က(၂၅)ကျောင်းခန်းမတွင် ဒီဇင်ဘာ ၂၂ ရက် နံနက် ၈ နာရီက ကျင်းပသည်။

ကျောင်းသား ဦးရေ၁၀၀ အား ရှစ်ပါးပရိက္ခရာစုံလင်စွာဖြင့် ရှင်သာမဏေအဖြစ် သွတ်သွင်းချီးမြှောက်ကာ ကျောင်းသူ ၂၅ ဦးတို့အား နားသမင်္ဂလာ အခမ်းအနား ကျင်းပပေးခြင်းဖြစ်ကြောင်း သိရသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**

### မျက်စိဝေဒနာရှင်များအား အခမဲ့စမ်းသပ်ခွဲစိတ်ကုသပေးမည်

**ထားဝယ်**။ ။တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ သီတဂူအာရောဂျဒါနဆေးရုံတော်ကြီးတွင်(၁၆)ကြိမ်မြောက် မျက်စိဝေဒနာရှင်များအား အခမဲ့စမ်းသပ်ခွဲစိတ်ကုသပေးမည်ဖြစ်သည်။

သီတဂူရွှေပြည်ဟိန်းစက္ခုဒါနဆေးရုံတော်ကြီးမှ အထူးကုဆရာဝန်များအဖွဲ့က ဒီဇင်ဘာ ၂၄ ရက်မှ ၂၈ ရက်အထိ မျက်စိစမ်းသပ်ပေးမည်ဖြစ်ပြီး ဒီဇင်ဘာ ၂၈ ရက်မှ ၃၀ ရက်အထိ ခွဲစိတ်ကုသပေးမည်ဖြစ်သည်။

**ထားဝယ်(ခရိုင်ပြန်/ဆက် )**

### မလှိုင်မြို့၌ စာပေဟောပြောပွဲကျင်းပ

**မလှိုင်** ။ ။ မလှိုင်မြို့ပန်းလှိုင်ရွှေဝါခန်းမ၌ ဒီဇင်ဘာ၂၂ ရက် မွန်းလွဲ ၁ နာရီက စာပေဟောပြောပွဲ ကျင်းပသည်။

စာရေးဆရာဦးချစ်နိုင်(ချစ်နိုင်-စိတ်ပညာ) က ချစ်လို့ပြောတာမှတ်ပါ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ စာရေးဆရာဦးကျော်ဝင်း အမျိုးသားစာပေဆုရ (မနုဿကျော်ဝင်း)က စည်းလုံးမှ ခိုင်မာခေါင်းစဉ်ဖြင့်လည်းကောင်း၊ စာရေးဆရာ ရှေ့နေ ဦးဝင်းကြည် (စဥ့်ကိုင် )က ဘဝနှင့် ဥပဒေ၊ ဥပဒေနှင့်ဘဝခေါင်းစဉ်ဖြင့် လည်းကောင်း ဟောပြောခဲ့ကြသည်။

**အောင်ငွေး(မလှိုင်)**



**ဒီဇင်ဘာ ၂၆ ရက်က ရန်ကုန်တောင်ပိုင်းခရိုင် ဆိပ်ကြီးခနောင်တိုမြို့နယ် ဦးထွန်းအိုရပ်ကွက်တွင် ဆိပ်ကြီးခနောင်တို မြို့မရဲစခန်းနယ်ထိန်းအရာရှိ ဒုရဲအုပ်မျိုးသိန်းဦးက မူးယစ်ဆေးဝါးကင်းစင်ရေး၊ လောင်းကစားမှုပပျောက်ရေး၊ မှုခင်းကျဆင်းရေး ဟောပြောစဉ်။**

ကျော်စိုးမိုး(မင်္ဂလာတောင်ညွန့်)

# စက်သုံးဆီဆိုင်များ မီးဘေးလုံခြုံရေး စစ်ဆေး

**ပွင့်ဖြူ ဒီဇင်ဘာ ၂၆**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်အတွင်း ဖွင့်လှစ်ရောင်းချလျက်ရှိသည့် စက်သုံးဆီဆိုင်များတွင် မီးဘေးလုံခြုံစေရန် သတ်မှတ်စည်းကမ်း များနှင့် အညီ ရောင်းချခြင်း ရှိ မရှိကို ဒီဇင်ဘာ ၂၅ ရက် နံနက် ၁၀ နာရီခွဲ က တိုင်းဒေသကြီး လွှတ်တော် သယံဇာတ၊ သဘာဝ ပတ်ဝန်းကျင်၊ လျှပ်စစ်နှင့်စွမ်းအင်ဆိုင်ရာ ကော်မတီ ဥက္ကဋ္ဌဦးသောင်းရွှေ နှင့် ပူးပေါင်း အဖွဲ့က ကွင်းဆင်း စစ်ဆေးခဲ့ကြသည်။

တိုင်းဒေသကြီးလွှတ်တော် သယံဇာတ၊ သဘာဝပတ်ဝန်းကျင်၊လျှပ်စစ်နှင့် စွမ်းအင်ဆိုင်ရာကော်မတီ ဥက္ကဋ္ဌ၊ ပွင့်ဖြူမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းရွှေနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါ၍ ပွင့်ဖြူ-မင်းဘူး-စလင်း ကားလမ်းဘေးတွင် စက်သုံးဆီဆိုင် ဖွင့်လှစ်ရောင်းချလျက်ရှိသည့်စက်သုံးဆီဆိုင်များသို့သွားရောက်ပြီးလုပ်ငန်းရှင်များနှင့်တွေ့ဆုံကာ စက်သုံးဆီဆိုင် ဖွင့်လှစ်ရောင်းချရာတွင် တရားဝင်လုပ်ငန်းလိုင်စင်၊ သတ်မှတ်ထားသည့် မြေဧရိယာအကျယ်အဝန်းပြည့်မီခြင်း၊ လမ်းနယ်နိမိတ်နှင့် ကင်းလွတ်ခြင်း၊ စက်သုံးဆီလှောင်ကန်များ မီးဘေးလုံခြုံရေးအတွက် စနစ်တကျစီစဉ်ဆောင်ရွက်ထားမှု၊ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မီးသတ်ဆေးဘူးများလုံလောက်စွာ စီမံဆောင်ရွက်ထားမှု ရှိ မရှိတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြသည်။



**ရဲဝင်းနိုင် (ညောင်ဦး)**



## အဘိဓမ္မာစာတော်ပြန်ပွဲ စာအောင်ဘွဲ့ဆွတ်ခူးရရှိသူအား ဂုဏ်ပြုချီးမြှင့်

**ရန်ကုန် ဒီဇင်ဘာ ၂၆**

ရန်ကုန်မြို့ အဘိဓမ္မာပြန့်ပွားရေးအသင်းကြီးက ကြီးမှူးကျင်းပသော အဘိဓမ္မာဒေသနာတော်မြတ်ကြီး စည်ပင်ပြန့်ပွားထွန်းကားတည်တံ့ရေးအတွက် ရည်ရွယ်ကျင်းပသည့် (၅၂)ကြိမ်မြောက် အဘိဓမ္မာစာတော်ပြန်ပွဲ ဆုနှင်းသဘင်အခမ်းအနားကို ဗဟန်းမြို့နယ် ကမ္ဘာအေးဘုရားလမ်းရှိ အဘိဓမ္မရတနာဃရ၊ အဘိဓမ္မာဓမ္မဗိမာန်တော်ကြီးရှိ အဘိဓမ္မရတနာဃရခန်းမ၌ ဒီဇင်ဘာ ၂၅ ရက် မွန်းလွဲပိုင်းကကျင်းပခဲ့ရာ အဘိဓမ္မာခုနစ်ကျမ်း စာအုပ် ၁၂ အုပ်ကို အလွတ်အာဂုံဆောင်ပြီးရေးဖြေပါအောင်မြင်ခဲ့သည့် "မဟာအာဘိဓမ္မိကအဂ္ဂဝိသာရဒ ဉာဏ်နီဘွဲ့တံဆိပ်ဆွတ်ခူးရရှိခဲ့သော စာဖြေဒေါ်လှလှဝင်းအား အလှူရှင်လေးကျွန်းသူဖောင်ဒေးရှင်းမိသားစုက စာအောင်ဘွဲ့နှင့် ဆုငွေကျပ်သိန်း ၁၀၀ ကို ချီးမြှင့်ကြောင်း သိရသည်။

**စိုးမြင့်အောင်**

## ရာသီမရွေး သောက်သုံးရေဖူလုံစေရန် တူးဖော်ပြီးစီးသည့် အဝီစိစက်ရေတွင်းအား ကျေးလက်နေပြည်သူများထံ လွှဲပြောင်းပေးအပ်

**ညောင်ဦး ဒီဇင်ဘာ ၂၆**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် တောင်ဇင်းကျေးရွာအုပ်စု ညောင်လှကျေးရွာ စည်းကံတဲတိုက်ရှိ ဒေသခံကျေးလက်နေပြည်သူများ ရာသီမရွေး သောက်သုံးရေဖူလုံစွာ သုံးစွဲနိုင်ရေးအတွက် တူးဖော်ပြီးစီးသည့် လေးလက်မခွဲ အဝီစိစက်ရေတွင်းနှင့် ဆက်စပ်ပစ္စည်းများအား အလှူရှင်မိသားစုက ကျေးလက်နေပြည်သူများထံ လွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားကို ဒီဇင်ဘာ ၂၅ ရက် နံနက် ၉ နာရီက အဆိုပါ ညောင်ဦးမြို့နယ် ညောင်လှကျေးရွာ စည်းကံတဲတိုက်ရှိ အဆိုပါအဝီစိစက်ရေတွင်းအနီး ယာယီမဏ္ဍပ်၌ ကျင်းပသည်။

ရှေးဦးစွာ စက်ရေတွင်းတူးဖော်ပြီးစီးမှု အောင်ပွဲအထိမ်းအမှတ်ရန်ကုန်တိုင်းဒေသကြီးသဃ်န်းကျွန်းမြို့နယ် ဝဇီရာသဘ သာသနဝ္ဂရိပ်သာကျောင်းတိုက်ဆရာတော်ဦးပညာသီရိ၊ညောင်ဦးမြို့နယ်အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်တုတ်၊ စက်ရေတွင်းအလှူရှင် ရန်ကုန်မြို့ အောင်မင်္ဂလာဆန်စက်ပိုင်ရှင်ဦးသိန်းဦးနှင့် ဇနီးဒေါ်သီတာဝင်း တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး အလှူရှင်ကမွည်းကျောက်စာအားအမွှေးနံ့သာရည်များ ပက်ဖျန်းခဲ့ကြသည်။

ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် ဝဇီရာသဘ သာသနဝ္ဂရိပ်သာကျောင်းတိုက်ဆရာတော်ဦးပညာသီရိက ဩဝါဒကထာများ မြွက်ကြားပြီး ညောင်ဦးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးစောက ကျေးလက်နေပြည်သူများ သောက်သုံးရေဖူလုံစေရေးအတွက်စက်ရေတွင်းလှူဒါန်းပေးမှုအပေါ် ဒေသခံပြည်သူများကိုယ်စား ဝမ်းမြောက်ပီတိစကားများ ပြောကြားသည်။ ထို့နောက် စက်ရေတွင်းအလှူရှင်က စက်ရေတွင်းလှူဒါန်းရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး တာဝန်ရှိသူတစ်ဦးထံ စက်ရေတွင်းနှင့်ပတ်သက်သည့် စာရွက်စာတမ်းများကို လွှဲပြောင်းပေးခဲ့သည်။



ကျေးလက်နေပြည်သူများသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို စီးပွားဖြစ်လုပ်ကိုင်ကြပြီး စက်ရေတွင်းမရှိ၍ နှစ်စဉ်သောက်သုံးရေရှားပါးမှု အခက်အခဲများနှင့် ကြုံတွေ့နေရသည့်အတွက် ရန်ကုန်တိုင်းဒေသကြီး အလှူရှင်မိသားစုက အကုန်အကျခံပြီး လေးလက်မခွဲ အဝီစိစက်ရေတွင်းနှင့် အကျယ်အဝန်း ပေ (၁၀ x ၈ x ၈ ) ရေစက်ရုံ၊ ဂါလန် ၆၂၀၀ ဆံ့ ရေလှောင်အုတ်ရေကန်တို့ကို လာရောက်တူးဖော် လှူဒါန်းပေးခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါစက်ရေတွင်းမှာ တစ်နာရီလျှင် ရေဂါလန် ၂၀၀၀ ထွက်ရှိသဖြင့် ညောင်ဦးမြို့နယ် ညောင်လှကျေးရွာရှိ စည်းကံတဲတိုက်၊ ကြက်ရိုး တဲတိုက်နှင့် ချောင်ဘီလာတဲတိုက်ရှိ အိမ်ခြေ ၁၀၀ ကျော်မှ လူဦးရေ၆၀၀ ခန့်အတွက် ရာသီမရွေးသောက်သုံးရေဖူလုံစွာသုံးစွဲခွင့် ရရှိစေမည်ဖြစ်ကြောင်း စက်ရေတွင်းအလှူရှင် ဦးသိန်းဦးထံမှ သိရသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**

## ပြည်မြို့တွင် မှုခင်းစီမံခန့်ခွဲမှု အစီအစဉ် ရှင်းလင်းဆွေးနွေး

**ပြည် ဒီဇင်ဘာ ၂၆**

ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော်က ကြီးမှူးကျင်းပသော နိုင်ငံတစ်ဝန်း မှုခင်းစီမံခန့်ခွဲမှုအစီအစဉ် ရှင်းလင်းဆွေးနွေးပွဲကို တိုင်းဒေသကြီး ပြည်မြို့ တော်ဝင်ရတနာခန်းမ၌ ဒီဇင်ဘာ ၂၄ ရက် နံနက် ၉ နာရီခွဲက ကျင်းပခဲ့ကြောင်း သိရသည်။

ရှင်းလင်းဆွေးနွေးပွဲတွင် ပဲခူးတိုင်းဒေသကြီး တရားရေးဦးစီးမှူး ဒေါ်ကြူကြူဝင်းက မှုခင်းစီမံခန့်ခွဲမှုအစီအစဉ်၏ လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးပြီး ပြည်ခရိုင်တရားသူကြီး ဒေါ်မူမူအေးက မှုခင်းစီမံခန့်ခွဲမှုအစီအစဉ် အကောင်အထည်ဖော်ဆောင်နေမှုများကို ရှင်းလင်းဆွေးနွေးသည်။

အဆိုပါ ရှင်းလင်းဆွေးနွေးချက်များအပေါ် တက်ရောက်လာသူများက သိရှိလိုများကို ပြန်လည်မေးမြန်းဆွေးနွေးခဲ့ကြရာ တိုင်းဒေသကြီး တရားရေးဦးစီးမှူးနှင့် ခရိုင်တရားသူကြီးတို့က ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြသည်။ **မျိုးကျော်ကြီး(ပြန်/ဆက်)**

## ပန်းဘဲတန်း အထက (၁)တွင် အပြာရောင်ကမ္ပည်းပြား တပ်ဆင်မည်

**ရန်ကုန် ဒီဇင်ဘာ ၂၆**

ရန်ကုန်တိုင်းဒေသကြီး ပန်းဘဲတန်းမြို့နယ်ရှိ မိန်းကလေးသီးသန့်ကျောင်းဖြစ်သည့် အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း ပန်းဘဲတန်းမြို့နယ် (ယခင်က စိန့်မေရီ မိန်းကလေးကျောင်း၊ St. Mary Diocesan Girls' School) အား ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၁၁ ရက်တွင် ရန်ကုန်မြို့ပြအမွေအနှစ် အထိမ်းအမှတ် (၃၅) ခုမြောက် အပြာရောင်ကမ္ပည်းပြား တပ်ဆင်မည်ဖြစ်ကြောင်း ရန်ကုန်မြို့ပြအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့မှ သိရသည်။

"ခေတ်အဆက်ဆက် မိန်းကလေးသီးသန့် ကျောင်းပဲလုပ်ခဲ့တာဖြစ်ပါတယ်။ ဒီကျောင်းရဲ့ အဓိကသက်တမ်းအရင့်ဆုံး အဆောက်အအုံတွေကတော့ ၁၉၁၅ ခုနှစ်လောက်က ပြန်ဆောက်ထားတဲ့ အဆောက်အအုံတွေဖြစ်ပါတယ်။ အထင်ကရ အမျိုးသမီးတစ်ဦးဖြစ်တဲ့ မြန်မာနိုင်ငံက ပထမဦးဆုံး အောက်စ်ဖို့ဒ်ဘွဲ့ရ သမိုင်းပညာရှင်ကြီးဖြစ်တဲ့ ဒေါ်မြစိန်လည်း အဲဒီကျောင်းမှာ ပညာသင်ကြားခဲ့တာပါ။ ခေတ်အဆက်ဆက် နာမည်ကြီးအမျိုးသမီးတွေ ပညာသင်ကြားခဲ့တဲ့ ကျောင်းဖြစ်တယ်"ဟု ရန်ကုန် မြို့ပြအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့မှ စီမံကိန်းအရာရှိ ဦးသူရိန်အောင်က ပြောကြားခဲ့ကြောင်း သိရသည်။



ယင်းကျောင်းအားမြန်မာအမည်ဆရာမှတ်ကြီးအဖြစ် နာမည်ကြီးခဲ့သည့် ဒေါက်တာ Marks က ကြီးမှူး၍ ၁၈၆၆ ခုနှစ်တွင် တည်ထောင်ခဲ့ခြင်း ဖြစ်သည်။

ရန်ကုန်မြို့ပြ အမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအနေဖြင့် မိုးမကျမီကာလအတွင်း သမိုင်းဝင်အဆောက်အအုံများကို စဉ်ဆက်မပြတ် တပ်ဆင်သွားမည်ဖြစ်ပြီး အင်းလျားလိတ်ဟိုတယ်၊ အင်းလျားကန်ပေါင်စသည့် နေရာများကိုလည်း အပြာရောင် ကမ္ပည်းပြားများ ဆက်လက်တပ်ဆင်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဇာနည်မောင်**

## MAI လေကြောင်းလိုင်းသို့ Airbus A319-100 လေယာဉ်သစ်တစ်စင်း ထပ်မံရောက်ရှိ




**ရန်ကုန် ဒီဇင်ဘာ ၂၆**

Myanmar Airways International (MAI) လေကြောင်းလိုင်းသည် လေယာဉ်အသစ်များ ထပ်မံဖြည့်တင်းခြင်းကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိပြီး Airbus A319–100,MSN–5193, XY–ALK လေယာဉ်သစ်သည် အမေရိကန်နိုင်ငံ Phinix မြို့မှ ပျံသန်းထွက်ခွာလာရာ ဒီဇင်ဘာ ၂၆ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာသည်။

အသစ်ရောက်ရှိလာသည့် Airbus A319–100, MSN–5193, XY–ALK လေယာဉ်အား MAI လေကြောင်းလိုင်းမှ Board of Operations Management ၏ Chairman ဦးအောင်အောင်ဇော်နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် Water–Salute အခမ်းအနားပြုလုပ်ကြိုဆိုခဲ့ပြီး ယင်းလေယာဉ်သစ်ကို အမေရိကန်နိုင်ငံ Phinix မြို့မှ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ မောင်းနှင်ပျံသန်းပေးခဲ့သည့် MAI မှ ဝါရင့်လေယာဉ်မှူးများအား MAI မှ လေယာဉ်မယ်များက ဂုဏ်ပြုပန်းစည်းများ ပေးအပ်ကာ ကြိုဆိုခဲ့ကြသည်။

ယခုထပ်မံ ရောက်ရှိလာသော လေယာဉ်အပါအဝင် MAI လေကြောင်းလိုင်းတွင် Airbus A319 လေယာဉ် ငါးစင်း၊ A–320 လေယာဉ်တစ်စင်း စုစုပေါင်း Airbus ခြောက်စင်းဖြင့် ပြည်ပခရီးစဉ်များ ပြေးဆွဲပေးမည်ဖြစ်ပြီး Airbus A320–214 လေယာဉ်လေးစင်းနှင့် Embraer 190 နှစ်စင်းမှာလည်း မကြာမီထပ်မံရောက်ရှိလာမည် ဖြစ်သည်။ MAI လေကြောင်းလိုင်းသည် Embraer နှင့် Airbus A319 တို့ကို အသုံးပြုကာ အကျိုးတူပူးပေါင်းပျံသန်းနေသော AIR KBZ နှင့် ပူးပေါင်း၍ MAI Domestic Route များကို မကြာမီ ပျံသန်းပြေးဆွဲမည်ဖြစ်ကြောင်း သိရသည်။

**သတင်း–ဖိုးသော်ဇင်**
**ဓာတ်ပုံ–စိုးညွန့်**

# ချယ်လ်ဆီးအသင်းက လိုက်ဇစ်တိုက်စစ်မှူး တီမိုဝါနာကို ခေါ်ယူမည်

ချယ်လ်ဆီးအသင်းဟာ တိုက်စစ်ပိုင်းကို အားဖြည့်ဖို့ပြင်ဆင်လျက်ရှိပြီး လက်ရှိမှာ လိုက်ဇစ်တိုက်စစ်မှူး တီမိုဝါနာကို ခေါ်ယူဖို့ လာမယ့်ဇန်နဝါရီ အပြောင်းအရွှေ့ကာလအတွင်းမှာ ကြိုးပမ်းသွားမယ်လို့ ဆိုပါတယ်။

လိုက်ဇစ်အသင်းဟာ အခုဂျာမန်ဘွန်ဒက်လီဂါ အမှတ်ပေးဇယားမှာလည်း ၁၇ ပွဲကစားအပြီးမှာ ရမှတ် ၃၇ မှတ်နဲ့ အမှတ်ပေးဇယားထိပ်ဆုံးမှာ ဦးဆောင်နေတာကြောင့် တိုက်စစ်ပိုင်းခြေစွမ်းကောင်းမွန်တဲ့ လိုက်ဇစ်အသင်းက တိုက်စစ်မှူး တီမိုဝါနာကို ဥရောပကလပ်အသင်းအတော်များများက ခေါ်ယူဖို့ ပစ်မှတ်ထားနေတာဖြစ်ပါတယ်။

တိုက်စစ်မှူး တီမိုဝါနာဟာ အခုနှစ်ဘောလုံးရာသီမှာ ဘွန်ဒက်လီဂါတွင် ၁၇ ပွဲပါဝင်ကစားပေးထားပြီး ၁၈ ဂိုး သွင်းယူထားနိုင်သူလည်း ဖြစ်ပါတယ်။ ဒါကြောင့် နည်းပြ ဖရန့်လမ်းပတ်က ချယ်လ်ဆီးအသင်း တိုက်စစ်ပိုင်းအတွက် တီမိုဝါနာကို ခေါ်ယူဖို့ ပစ်မှတ်ထားနေတာဖြစ်ပြီး အခြားသောပရီမီယာလိဂ်ပြိုင်ဘက်အသင်းတွေဖြစ်တဲ့ လီဗာပူးအသင်းနဲ့ မန်ယူအသင်းတို့ကလည်း တီမိုဝါနာကို ခေါ်ယူဖို့ ချိတ်ဆက်မှုတွေပြုလုပ်လျက်ရှိတယ်လို့ သိရပါတယ်။

ချယ်လ်ဆီးအသင်းဟာ လာမယ့်ဇန်နဝါရီအပြောင်းအရွှေ့ကာလအတွင်းမှာ ကစားသမား ခေါ်ယူမှုအတွက် ပေါင်သန်း ၁၅၀ သုံးစွဲခွင့်ပြုမှာဖြစ်ပြီး လက်ရှိတိုက်စစ်မှူးတွေဖြစ်တဲ့ ဂျရူးနဲ့ ဘတ်ရှူယာယီတို့ဟာ သွင်းဂိုးတွေရရှိဖို့ ရုန်းကန်နေရတာဖြစ်လို့ တီမိုဝါနာကို အဓိကထားခေါ်ယူမယ်လို့လည်း ဆိုပါတယ်။

ချယ်လ်ဆီးအသင်းမှာ တိုက်စစ်မှူး အေဘရာဟမ်က ခြေစွမ်းပြနေပြီး ၁၇ ပွဲမှာ ၁၁ ဂိုးအထိ သွင်းယူထားနိုင်သလို ချယ်လ်ဆီးအသင်းဟာလည်း ပရီမီယာလိဂ်အမှတ်ပေးဇယား အဆင့် ၄ နေရာမှာ ရပ်တည်နေတာဖြစ်ပါတယ်။ ဒါပေမယ့် နည်းပြလမ်းပတ်ကတော့ တိုက်စစ်ပိုင်းကို အားဖြည့်သွားမယ်လို့ ဆိုပါတယ်။





# ပီအက်စ်ဂျီတိုက်စစ်မှူး ကာဗာနီကိုခေါ်ယူဖို့ အက်သလက်တီကိုမက်ဒရစ် နီးစပ်နေ

ပြင်သစ်ပထမတန်းကလပ် ပီအက်စ်ဂျီအသင်းမှ ဥရုဂွေး တိုက်စစ်မှူး ကာဗာနီကို လာမယ့်ဇန်နဝါရီအပြောင်းအရွှေ့ကာလအတွင်းမှာ ရောင်းချဖို့စီစဉ်ထားပြီး အက်သလက်တီကိုမက်ဒရစ်အသင်းကလည်း ခေါ်ယူဖို့ နီးစပ်နေပြီလို့လည်း သိရပါတယ်။

တိုက်စစ်မှူး ကာဗာနီဟာ တိုက်စစ်မှူးကောင်းတစ်ဦးဖြစ်တဲ့အပြင် ရောက်တဲ့အသင်းတိုင်းမှာ ခြေစွမ်းပြကစားနိုင်ခဲ့တာကြောင့် အက်သလက်တီကို မက်ဒရစ်အသင်းက ခေါ်ယူဖို့ ပြင်ဆင်လာတာလည်းဖြစ်ပါတယ်။

မာကာသတင်းဌာနရဲ့ ဖော်ပြချက်မှာတော့ အက်သလက်တီကိုမက်ဒရစ်အသင်းနဲ့ တိုက်စစ်မှူး ကာဗာနီတို့အကြား သဘောတူညီချက်ရရှိထားပြီး အက်သလက်တီကို မက်ဒရစ်အသင်းဆီ နှစ်နှစ်ခွဲ သက်တမ်းရှိ စာချုပ်တစ်ရပ်နဲ့ ပြောင်းရွှေ့ကစားဖို့ ရှိနေတယ်လို့လည်း သတင်းတွေ ထွက်ပေါ်နေပါတယ်။

တိုက်စစ်မှူး ကာဗာနီဟာ အိုင်ကာဒီရောက်ရှိလာခဲ့ပြီးနောက်ပိုင်း ပီအက်စ်ဂျီအသင်းမှာ ပုံမှန်ပွဲထွက်ကစားခွင့် ပျောက်ဆုံးခဲ့တာဖြစ်ပြီး ပီအက်စ်ဂျီအသင်းကလည်း ရောင်းချဖို့ စီစဉ်နေတယ်လို့ သိရပါတယ်။

**ငွေကြယ် - စုစည်းသည်**

## အနုပညာ




ဒီဇင်ဘာ ၂၅ ရက်က ဆိုးလ်မှာ ပြုလုပ်ခဲ့တဲ့ 2019 SBS Gayo Daejeon အခမ်းအနားကို တက်ရောက်လာတဲ့ BTS အဖွဲ့ဝင်များ။

# အနုပညာလှုပ်ရှားမှုတွေကနေ ခေတ္တအနားယူသွားမယ့် လီယမ်ဟမ်းစ်ဝို့သ်



ကျော်ကြားတဲ့ ဟောလိဝုဒ်မင်းသားတစ်ဦးဖြစ်သူ လီယမ်ဟမ်းစ်ဝို့သ်က အနုပညာလှုပ်ရှားမှုတွေကို ခြောက်လမှ ရှစ်လအထိ ရပ်နားထားမှာဖြစ်တယ်လို့ သိရပါတယ်။ ဒီလို အနားယူရတာဟာ မိသားစုနဲ့ အချိန်အတူကုန်ဆုံးလိုတာကြောင့်ဖြစ်ကြောင်း အေးရှားဝမ်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

အသက် ၃၆ နှစ်အရွယ် မင်းသားမှာ ရင်သွေးလေးတွေဖြစ်ကြတဲ့အသက် ခုနစ်နှစ်အရွယ် အင်ဒီယာ၊ အသက်ငါးနှစ်အရွယ် အမြွှာလေးတွေဖြစ်ကြတဲ့ ဆာရှာနဲ့ ထရစ်စတန်တို့ရှိပါတယ်။ မင်းသားဟာ သူ့ရဲ့ဇာတိဖြစ်တဲ့ ဩစတြေးလျမှာ ရင်သွေးလေးသုံးဦး၊ ဇနီးဖြစ်သူ အဲလ်ဆာပါတကီတို့ကို အချိန်ပိုမိုပေးလိုတာကြောင့် အနုပညာလှုပ်ရှားမှုတွေကို ခေတ္တရပ်နားလိုတာဖြစ်တယ်လို့လည်း သိရပါတယ်။

“ကျွန်တော်အားလပ်ချိန် ယူတော့မှာပါ။ ခြောက်လကနေ ရှစ်လအထိ အနားယူမှာဖြစ်ပြီး အိမ်မှာပဲ ရှိနေမှာပါ”လို့ မင်းသားက ပြောကြားခဲ့ပါတယ်။ ယခုလို ခေတ္တအနားယူသွားဖို့ ဆုံးဖြတ်ချက်ကို ယခုနှစ်အစောပိုင်းက ဆုံးဖြတ်ချက်ချခဲ့တာဖြစ်ပြီး သူ့ရဲ့ရုပ်ရှင် Avengers: Endgame အတွက် အထူးပွဲတွေ ကမ္ဘာတစ်ဝန်းပြသခဲ့ပြီးနောက် အနားယူဖို့ ဆုံးဖြတ်ခဲ့တာဖြစ်တယ်လို့လည်း သိရပါတယ်။

# အစမ်းလေ့ကျင့်စဉ် ဒဏ်ရာရခဲ့တဲ့ ဝင်ဒီ

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသမီး တေးသံရှင်တစ်ဦးဖြစ်သူ ဝင်ဒီဟာ အမျိုးသမီးတေးဂီတအဖွဲ့ Red Velvet ရဲ့ အဖွဲ့ဝင်တစ်ဦး ဖြစ်ပါတယ်။ ဝင်ဒီဟာ လတ်တလောမှာ ပြုလုပ်ခဲ့တဲ့ အစမ်းလေ့ကျင့်မှုအတွင်း ထိခိုက်ဒဏ်ရာရခဲ့ကာ ဆေးရုံတက်ရောက်ကုသမှုခံယူနေရကြောင်း စွန်ပီဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

**တရားဝင် တောင်းပန်စကားဆို**

ဒီဇင်ဘာ ၂၅ ရက်မှာ ဝင်ဒီဒဏ်ရာရကြောင်းနဲ့ ဆေးရုံသို့ ပို့ဆောင်လိုက်ရကြောင်း ဖျော်ဖြေပွဲကို ပြုလုပ်သွားမယ့် အက်စ်ဘီအက်စ်အင်တာတိန်းမန့်က တရားဝင်ထုတ်ပြန် ပြောကြားခဲ့ပါတယ်။ ဒီလို ဝင်ဒီဒဏ်ရာရခဲ့တဲ့အပေါ် ပရိသတ်တွေက အေဂျင်စီအနေနဲ့ ဝင်ဒီကို တရားဝင်တောင်းပန်စကားဆိုဖို့ တောင်းဆိုခဲ့တာကြောင့် အက်စ်ဘီအက်စ်အင်တာတိန်းမန့်ကလည်း တောင်းပန်ကြောင်း လူမှုကွန်ရက်စာမျက်နှာပေါ်မှာ ရေးသားဖော်ပြခဲ့တယ်လို့ သိရပါတယ်။

ဝင်ဒီဟာ 2019 SBS Gayo Daejeon ဖျော်ဖြေပွဲအတွက် အခြားသောအဖွဲ့ဝင်တွေနဲ့အတူ အစမ်းလေ့ကျင့်ခဲ့ရာမှာ ဒဏ်ရာရခဲ့တာဖြစ်ပါတယ်။ ပေ့ါပ်ကြယ်ပွင့်ဟာ ဖျော်ဖြေရေးစင်မြင့်ပေါ်ကနေ ပြုတ်ကျခဲ့ပြီး လက်ကောက်ဝတ်နဲ့ ညာဘက်တင်ပါးဆုံရိုး ကျိုးခဲ့ပါတယ်။ ဒါ့အပြင် မျက်နှာမှာလည်း ထိခိုက်ဒဏ်ရာတွေ ရရှိခဲ့တယ်လို့လည်း သိရပါတယ်။

ဒီလို ဝင်ဒီထိခိုက်ဒဏ်ရာရရှိခဲ့တာကြောင့် အဖွဲ့အနေနဲ့ ဖျော်ဖြေပွဲမှာ ပါဝင်နိုင်ခြင်းမရှိကြောင်းလည်း အဖွဲ့ရဲ့ ဖျော်ဖြေရေးအေဂျင်စီဖြစ်တဲ့ အက်စ်အမ်အင်တာတိန်းမန့်က ထုတ်ပြန်ပြောကြားခဲ့ပါတယ်။ အဆိုပါကိစ္စနဲ့ပတ်သက်ပြီး အက်စ်ဘီအက်စ်က အေဂျင်စီအတွင်း စုံစမ်းစစ်ဆေးမှုတွေ ပြုလုပ်နေကြောင်းနဲ့ ဝင်ဒီနဲ့မိသားစုဝင်များ၊ Red Velvet အဖွဲ့ဝင်တွေသာမက ပရိသတ်တွေကိုလည်း တောင်းပန်ကြောင်း ရေးသားဖော်ပြခဲ့တယ်လို့လည်း သိရပါတယ်။ အက်စ်ဘီအက်စ်ရဲ့ ပြောကြားချက်အရ ဝင်ဒီဖျော်ဖြေရေးစင်မြင့်ပေါ်ကနေ ပြုတ်ကျပြီးပြီးချင်း အခင်းဖြစ်ပွားရာနေရာကို ပိတ်ပစ်ခဲ့ကြောင်းနဲ့ ဒီလိုပိတ်ခဲ့တာဟာ ဝင်ဒီကို ဆေးရုံချက်ချင်းပို့နိုင်ဖို့နဲ့ စုံစမ်းမှုတွေ ပြုလုပ်နိုင်ဖို့ရာဖြစ်တယ်လို့လည်း သိရပါတယ်။

နောက်ဆုံးရရှိခဲ့တဲ့ သတင်းတွေအရ အက်စ်အမ်အင်တာတိန်းမန့်က ဝင်ဒီဟာ ကျန်းမာရေးပြန်လည်ကောင်းမွန်ဖို့ရာ အာရုံစိုက်နေပြီး အခြားသော အဖွဲ့ဝင်လေးဦးကတော့ မကြာမီပြုလုပ်သွားမယ့် 2019 KBS Song Festival နဲ့ 2019 MBC Music Festival ဖျော်ဖြေပွဲတွေမှာ ပါဝင်သွားမှာဖြစ်တယ်လို့ ပြောကြားခဲ့ပါတယ်။



**အေးပြည့် - စုစည်းသည်**

# ရွှေခနအောင် အပန်းဖြေညှော်ရိပ်သာ

## ဆယ်အိမ်တန်းပင်လယ်ကမ်းခြေ ညှော်ရိပ်သာ၊ ပင်လယ်စာနှင့် စားသောက်ဆိုင်

ရန်ကုန်မြို့ရဲ့ အနီးဆုံး(၁)နာရီခန့်သွားရသော ပင်လယ်အစစ် ဆယ်အိမ်တန်းပင်လယ်ကမ်းခြေ၏ သဘာဝလေနဲ့ရေကို အပြည့်အဝခံစားရင်း ရွှေခနအောင်ညှော်ရိပ်သာမှာ မိသားစုနဲ့ပဲဖြစ်ဖြစ်၊ အစုအဖွဲ့လိုက်ပဲဖြစ်ဖြစ် အပန်းဖြေအနားယူကြပါစို့။

- ကျယ်ဝန်းသော ကားပါကင်နှင့် အခန်းဈေးနှုန်းလည်းသက်သာတဲ့အပြင် အခန်းတိုင်းတွင် Aircon နှင့် ရေချိုးခန်း+ဘိုထိုင်အိမ်သာ တွဲလျက်ပါရှိပါသည်။
- လတ်ဆတ်သော ပင်လယ်စာနှင့် ငါးသလောက်အိုးမှောက်ကိုလည်း မှာယူသုံးဆောင်နိုင်ပါသည်။
- မွေးနေ့ပွဲများ၊ ညှော်ခံပွဲများနှင့် ညစာစားပွဲများကိုလည်း အကောင်းဆုံးစီစဉ်ဆောင်ရွက်ပေးနေပါသည်။
- အခပေးအဆင့်မြင့် အများသုံး ရေချိုရေချိုးခန်းနှင့် အများသုံး သန့်စင်ခန်းများ ထားရှိပါသည်။
- အပြန်ခရီးအဆင်ပြေချောမွေ့စေရန် **ရွှေခနအောင်စက်သုံးဆီဆိုင်**ကိုလည်း ဖွင့်လှစ်ပေးထားပါသည်။

မြို့ပြရဲ့ မွန်းကြပ်လှတဲ့ လူနေမှုဘဝတွေကြားမှာ ခဏတာအနားယူ အပန်းဖြေဖို့ကောင်းတဲ့ **ရွှေခနအောင် ဆယ်အိမ်တန်းပင်လယ်ကမ်းခြေ ညှော်ရိပ်သာ**မှ နွေးထွေးလှိုက်လှဲစွာ ကြိုဆိုပါသည်။

**(မှတ်ချက်- ဘွတ်ကင်တင်ရန် ဖုန်းလေးသာဆက်လိုက်ပါ)**

ဆက်သွယ်ရန် - ဆယ်အိမ်တန်းပင်လယ်ကမ်းခြေ၊ ကညင်ကုန်းကျေးရွာ၊ ကွမ်းခြံကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

ဖုန်း - 09-765666576,09-765777576


## ပြန်ကြားရေးဝန်ကြီးဌာန
## ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာနအတွက်
## ရေသယ်ယာဉ်(၁)စီးဝယ်ယူရန်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာနအတွက် ရေသယ်ယာဉ်(၁)စီးကို ပြည်တွင်းသုံး မြန်မာကျပ်ငွေဖြင့် အောက်ပါအတိုင်း ဝယ်ယူလိုပါသည်-

| စဉ် | ပစ္စည်း အမျိုးအမည် | အရေ အတွက် | မှတ်ချက် |
|---|---|---|---|
| 1 | Water Tank Lorry (Water Bowser) Hyundai (or) Hino HD 170(or)ISUZU | 1 No | Model-2017/2018/2019 Model |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၂-၁-၂၀၂၀ရက်မှ ၁၅-၁-၂၀၂၀ရက်အထိ နေ့စဉ်နံနက် ၉:၃၀နာရီမှ ညနေ ၁၆:၀၀နာရီ ရုံးဖွင့်ရက်အတွင်း အောက်ပါလိပ်စာတွင် တစ်စောင် ၅၀၀၀/-ကျပ်နှုန်းဖြင့် လာရောက် ဝယ်ယူနိုင်ပါသည်။ တင်ဒါပုံစံများ လာရောက်ဝယ်ယူရာတွင် ကုမ္ပဏီ၏မှတ်ပုံတင်ကတ်ပြား (သို့မဟုတ်) လုပ်ငန်းလိုင်စင်မိတ္တူတင်ပြရမည်။

၃။ ဈေးနှုန်းမပါသော Specification & Catalogue များကို ၂၀-၁-၂၀၂၀ ရက်မှ ၂၄-၁-၂၀၂၀ရက်အထိ နံနက် ၉:၃၀နာရီမှ ညနေ ၁၆:၀၀နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန၊ စီမံရေးရာဌာနခွဲ၊ ရုံးအမှတ်(၇)နေပြည်တော်သို့ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ကာလထက်ကျော်လွန်သော တင်ဒါများကို စဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း-၀၆၇၃-၄၁၂၂၀၃၊ ၀၆၇၃-၄၁၂၂၀၅တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

| | |
|---|---|
| **တင်ဒါပုံစံများထုတ်ယူရန်လိပ်စာ** | **တင်ဒါတင်သွင်းရန်လိပ်စာ** |
| **ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန** | **ပြည်တွင်းပြည်ပ ပစ္စည်းများ** |
| **ပြန်ကြားရေးဝန်ကြီးဌာန** | **ဝယ်ယူရေးနှင့်ထုခွဲရောင်းချရေး** |
| **ရုံးအမှတ်(၇) စီမံရေးရာဌာနခွဲ၊** | **ကော်မတီ** |
| **နေပြည်တော်** | **ပြန်ကြားရေးဝန်ကြီးဌာန** |
| **ဖုန်း-၀၆၇၃-၄၁၂၂၀၃၊ ၀၆၇၃-၄၁၂၂၀၅** | **ရုံးအမှတ်(၇) နေပြည်တော်** |
| | **ဖုန်း-၀၆၇၃-၄၁၂၃၉၀** |


ကိုရှမ်းလေး ရွှေပေါက်ကံ၊ အုံမြို့သစ်မြောက်ပိုင်း၊ တောင်ပိုင်း၊ ဆိပ်ကမ်း၊ အရှေ့ပိုင်း မြေကွက်များဝယ်ယူလိုပါသည်။ 09-250406914


## KMS.Construction Co.,Ltd ဦးကောင်းမြတ်အေး
## သိစေရန် အကြောင်းကြားခြင်း

ဦးကောင်းမြတ်အေး(အုပ်ချုပ်မှုဒါရိုက်တာ) [၁၀/မလမ(နိုင်)၁၆၈၇၇၃] သိရှိစေရန် အကြောင်းကြားပါသည်။

၂၉-၁-၂၀၁၉ ရက်စွဲဖြင့် ဦးသီလာနန္ဒနှင့်ချုပ်ဆိုသော စာချုပ်အရ ရွှေပြည်သာမြို့နယ်တွင် ဓမ္မာရုံဆောက်လုပ်ရန် လုပ်ငန်းအပ်နှံခဲ့ရာ (၄)လအတွင်း အပြီးတည်ဆောက်မည်ဟု သဘောတူခဲ့သော်လည်း ယနေ့တိုင်ပြီးစီးမှု မရှိသေးကြောင်း သိရှိရပါသည်။ အချိန်ကြာသည့်အတွက် တရားပွဲများကျင်းပ၍မရခြင်း၊ တရားရိပ်သာဖွင့်၍မရခြင်း စသည့်အခက်အခဲများတွေ့ကြုံနေရပါသည်။ ကျန်နေသည့်အပိုင်းအတွက် တန်ဖိုးငွေကျပ်သိန်း(၂၅၀)ခန့်ကုန်ကျမည်ဖြစ်ကြောင်းလည်း သိရပါသည်။ KMS.Construction Co.,Ltd နှင့်ဆက်လက်လုပ်ဆောင်ရန်ဆန္ဒမရှိတော့ဘဲ ကျပ်သိန်း(၂၅၀)ကို ဤကြေညာချက်ပါပြီး (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံဖြစ်စေ၊ ဦးသီလာနန္ဒထံဖြစ်စေ ပေးအပ်ပါရန်နှင့် ပျက်ကွက်ပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း သိစေအပ်ပါသည်။

**ဦးသီလာနန္ဒ၏လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **စလင်းဦးအောင်သိန်း** | **ဒေါ်စန်းစန်းတင့်** |
| **(စဉ်-၃၄၃၂)** | **(စဉ်-၁၂၅၂၈)** |

**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်-၂၂၃(ပထပ်)၊ ဆိပ်ကမ်းသာလမ်း(လယ်)၊ ကျောက်တံတားမြို့နယ်။**
**ဖုန်း-၀၉-၅၄၀၁၉၄၀**

## မိခင်အမည်မှန်

ထားဝယ်မြို့နယ်၊ ကူးတို့ကျေးရွာ၊ ရွှေသာလျောင်းလမ်းနေ အမက(မူလွန်) ဒုတိယတန်းမှ မောင်ထက်မြတ်၏ မိခင် ဒေါ်ဝင်းချို၏ အမည်မှန်မှာ ဒေါ်ဝင်းဝင်းချို [၆/ထဝန(နိုင်)၀၇၄၃၉၀] ဖြစ်ပါသည်။

## မွေးသက္ကရာဇ်အမှန်

အဖ ဦးအောင်ကြည်၏ သမီးဖြစ်သူ ဒေါ်မာမာအေး [၁၄/ကကန(နိုင်)၀၀၄၈၂၉] ၏ မွေးသက္ကရာဇ်အမှန်မှာ (၁၉-၁၂-၁၉၆၅)ဖြစ်ပါကြောင်း။

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## အဆောက်အဦဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အဆောက်အဦဦးစီးဌာနမှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း(စက်ပစ္စည်း)အသုံးစရိတ်ရန်ပုံငွေဖြင့် အဆောက်အဦ သုတေသနဓာတ်ခွဲခန်းများရုံး(ရန်ကုန်)တွင် အသုံးပြုရန်အတွက် အောက်ဖော်ပြပါ ဓာတ်ခွဲခန်းသုံးပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါခေါ်ယူလိုပါသည်။

**For Cement**

| | | |
|---|---|---|
| 1. | Vicat Apparatus (including necessary accessories) | 1 Set |
| 2. | Vicat Initial Needle | 10 Nos |
| 3. | Automatic Vicat Apparatus | 1 Set |
| 4. | Specimen Moulds (50 mmx 50mm) | 4 Sets |
| 5. | Tamper | 3 Nos |
| 6. | Mortar Mixer | 1 No |
| 7. | Glass Graduates | |
| | - For the lowest 10ml for a 250ml graduate | 3 Nos |
| | - For the lowest 25ml of a 500 ml graduate | 2 Nos |
| 8. | Blaine Air Permiability Apparatus (Conform to C204) | 1 Set |
| 9. | Timer | 4 Nos |
| 10. | Digital Vernier Clipper [Accurancy is $\pm$ 0.01''(0.025mm)] | 3 Nos |
| 11. | Autoclave Expansion Molds | 3 Nos |
| 12. | Autoclave machine | 1 Set |
| 13. | Length Comparator (Digital) | 1 Set |

**For Concrete**

| | | |
|---|---|---|
| 14. | Cap Retainer 4''x8'' | 1 No |
| 15. | Neoprene pad 6''x12'' | 2 Nos |
| 16. | Rebound Hammer (Proceq), Type N | 1 No |
| 17. | Rebound Hammer (Proceq), Spec;Orginal Schmidt | 1 No |
| 18. | Ultrasonic Pulse Velocity (UPV) (Proceq) | 1 No |
| 19. | Ultrasonic Pulse Echo (PL-200PE) | 1 No |

| | | |
|---|---|---|
| ၂။ | တင်ဒါပုံစံစတင်ရောင်းချမည့်နေ့ရက် | - ၂-၁-၂၀၂၀ရက် |
| ၃။ | တင်ဒါပုံစံအရောင်းပိတ်မည့်နေ့ရက်/အချိန် | - ၉-၁-၂၀၂၀ ညနေ (၄:၃၀) နာရီ |
| ၄။ | တင်ဒါတင်သွင်းမည့်ပစ္စည်း၏Specification- တင်ပြရမည့်နေ့ရက်/အချိန် | ၁၃-၁-၂၀၂၀မှ ၂၀-၁-၂၀၂၀အထိ ရုံးချိန်အတွင်း |
| ၅။ | တင်ဒါဖွင့်ပွဲကျင်းပမည့်နေ့ရက်/အချိန် | - ၃၁-၁-၂၀၂၀ နံနက် (၁၀:၀၀) နာရီ |
| ၆။ | တင်ဒါဖွင့်ပွဲကျင်းပမည့်နေရာ | - အဆောက်အဦဦးစီးဌာန၊ ရုံးအမှတ်(၄၀)၊ နေပြည်တော် |

၇။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အောက်ဖော်ပြပါ ဌာနသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**အဆောက်အဦသုတေသနဓာတ်ခွဲခန်းများရုံး(ရန်ကုန်)**
**အဆောက်အဦဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန**
**မြဝတီရည်လမ်း၊ သုဝဏ္ဏ၊ ရန်ကုန်။**
**ဖုန်း-၀၁-၂၃၃၃၅၀၉၊ ၀၉-၉၅၅၈၁၈၅၀၅၊ ၀၉-၄၀၅၂၇၆၈၅၆**


## လမ်းမကျယ်ဆိုင်ခန်းငှားမည်

ပေ(25x50)မြေညီ
မဟာဗန္ဓုလလမ်းနှင့် ၅၂လမ်းထိပ်ထောင့်
ဗိုလ်တထောင်မြို့နယ်
ဖုန်း-၀၉-၄၄၃၀၈၈၂၂/၀၉-၂၅၀၂၇၈၀၈၂


## စာအောင်သံဃာချီးကျူးဂုဏ်ပြုပူဇော်ပွဲ

# ဖိတ်ကြားလွှာ

နှစ်စဉ်ကျင်းပမြဲဖြစ်သော ပရိယတ္တိသာသနာနုဂ္ဂဟ ရန်ကုန်ဆန်လှူအသင်းကြီး၏ (၁၁)ကြိမ်မြောက် စာအောင်သံဃာ ချီးကျူးဂုဏ်ပြုပူဇော်ပွဲ အခမ်းအနားကို ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် အောက်ပါအစီအစဉ်အတိုင်း ကြွရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

**အမှူးဆောင်အဖွဲ့**
**ပရိယတ္တိသာသနာနုဂ္ဂဟ ရန်ကုန်ဆန်လှူအသင်းကြီး**
**ဖုန်း-၀၁-၅၂၃၆၉၄၊ ၀၁-၉၃၁၇၂၈၆၊ ၀၉-၂၅၄၈၉၁၆၇၀**

**အစီအစဉ်**

ကျင်းပမည့်နေ့ရက် - (၁၃၈၁-ခုနှစ်၊ ပြာသိုလဆန်း ၄ရက်)၊ ၂၉-၁၂-၂၀၁၉(တနင်္ဂနွေနေ့)
ကျင်းပမည့်အချိန် - မွန်းလွဲ ၂:၀၀နာရီ
ကျင်းပမည့်နေရာ - အမှတ်(၇၇/၇၉)အသင်းတိုက်၊ အထက်ကြည့်မြင်တိုင်လမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်။

## ရခိုင်သဟာယအသင်း(ရန်ကုန်)
## ဒေသန္တရလေ့လာရေးအပန်းဖြေခရီးစဉ်

ရခိုင်သဟာယအသင်း(ရန်ကုန်)၏ နှစ်စဉ်ပြုလုပ်မြဲဖြစ်သော ဒေသန္တရဗဟုသုတ လေ့လာရေး ခရီးစဉ်အဖြစ် ရန်ကုန်-ကလေး-တမူး-မြန်မာ အိန္ဒိယနယ်စပ်-ချင်းတောင်တန်း-ရိဒ်ရေကန်-မိုးညှင်း သမ္ဗုဒ္ဓေ-မန္တလေး-အမရပူရ-ရန်ကုန်ခရီးစဉ်ကို ၂၀၂၀ခုနှစ်၊ ဇန်နဝါရီလ ၈ရက်မှ ၁၂ရက်အထိ သွားရောက်မည်ဖြစ်ရာ လိုက်ပါလိုသူများသည် ခရီးသွားလက်မှတ်များကို အောက်ပါပုဂ္ဂိုလ်များထံတွင် အချိန်မီ ဆက်သွယ်ဝယ်ယူနိုင်ပါသည်။

**ဒေါက်တာတင်မာအောင်-၀၉-၅၁၅၉၄၅၇၊ ဦးဦးမြင့်ကျော်-၀၉-၅၀၆၄၆၅၃၊ ဦးသာမြကျော် -၀၉-၅၁၅၄၁၉၊ ဦးထွန်းနိုင်-၀၉-၇၉၉၈၇၇၀၇၁၊ ဦးဗညွန့်-၀၉-၇၉၉၅၉၇၉၄၊ ဒေါ်စုစုသိန်း-၀၉-၉၇၁၈၇၅၁၆၂၊ ဦးကျော်မောင်-၀၉-၅၀၇၂၉၈၉၊ ဦးအေးဇော်(ရုံး)-၀၉-၄၅၂၅၅၅၃၅**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ (Star City)သံလွင်ရိပ်မွန်အိမ်ရာစီမံကိန်း၊ Type(၂)၊ တိုက်အမှတ်(C-4)၊ RC(၂၅)ထပ်တိုက်မှ ပထမထပ်၊ အခန်းအမှတ်(၁၀၂)၊ ဧရိယာ(၁၇၈၁)စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်းနှင့်တကွ ရေ၊ မီး အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်ပြီး တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ Thanlyin Estate Development Co.,Ltd (ကိုယ်စား) Deputy Head of Asset Management ဒေါ်တင်ဝင်းငယ်[၁၂/မရက(နိုင်)၀၀၆၂၁၄]ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေ ဦးအောင်နိုင်လွင်[၁၂/ရပသ(နိုင်)၀၃၅၀၉၆]၊ ဒေါ်အောင်ဆည်းဆာ[၁၂/အစန(နိုင်)၁၇၅၂၀၂]တို့မှ အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးအောင်နိုင်လွင်နှင့် ဒေါ်အောင်ဆည်းဆာတို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဦးဝင်းမင်းစိုး** | **ဒေါ်သူဇာကျော်** | **ဒေါ်ဝေဖြိုးအောင်** |
| **LL.B,WIPO(Switzerland)** | **LL.B,D.B.L,D.I.L,WIPO(Switzerland)** | **LL.B** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၆၆၄)** | **အထက်တန်းရှေ့နေ(စဉ်-၄၆၀၅၁)** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၄၅၅)** |
| **Ph-09-450023651** | **Ph-09-254508917** | **Ph-09-421157856** |

**Level(၅၊ ၆၊ ၇၊ ၈) တာဝါ(၂)၊ HAGL Myanmar Center Tower ၊ အမှတ်(၁၉၂)၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ ဗဟိုလမ်း၊ အမှတ်(၇၅)၊ မုဒိတာအိမ်ရာ(၁)၊ RC(၈)ထပ်တိုက်မှ တိုက်အမှတ်(B)၊ (မြေညီထပ်)၊ အခန်းအမှတ်(B-132)၊ ဧရိယာ(၆၀၀)စတုရန်းပေရှိ မီနီကွန်ဒိုတိုက်ခန်းနှင့် ၎င်းမီနီကွန်ဒိုတိုက်ခန်း၏ ရေမီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံသူများဖြစ်သော ဦးကြည်ဝင်း[၁၂/ဥကတ(နိုင်)၀၅၃၂၁၅]၊ ဒေါ်မြင့်မြင့်ရီ[၁၂/ဥကတ(နိုင်)၁၀၄၆၉၃]တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေများဖြစ်သော ဦးအောင်ကိုဖြိုး[၁၀/မလမ(နိုင်)၂၃၄၇၁၀]၊ ဒေါ်နှင်းနွယ်ဦး[၁၀/မလမ(နိုင်)၂၃၁၉၇၂] တို့က အပြီးအပြတ် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ(၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအသိပေးကြေညာအပ်ပါသည်။

**ဦးအောင်ကိုဖြိုး၊ ဒေါ်နှင်းနွယ်ဦးတို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဦးဝင်းမင်းစိုး** | **ဒေါ်သူဇာကျော်** | **ဒေါ်ဝေဖြိုးအောင်** |
| **LL.B,WIPO(Switzerland)** | **LL.B,D.B.L,D.I.L,WIPO(Switzerland)** | **LL.B** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၆၆၄)** | **အထက်တန်းရှေ့နေ(စဉ်-၄၆၀၅၁)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၄၅၅)** |
| **Ph-01-246869,09-450023651** | **Ph-09-254508917** | **Ph-09-421157856** |

**Level(၅၊ ၆၊ ၇၊ ၈) တာဝါ(၂)၊ HAGL Myanmar Center Towen အမှတ်(၁၉၂)၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။**

သစ် တော နဲ့ သစ် ပင် ချစ် ခင် တဲ့ လူ မျိုး သစ် ပင် ကို နှစ် စဉ် စိုက် ရွှေ တိုက် ကို စိုး

ကြော်ငြာ

## အထူးကြည်ညိုလေးစားဂုဏ်ယူဝမ်းမြောက်ခြင်း




(၁၃၈၁ ပြည့်နှစ်၊ တပေါင်းလပြည့်နေ့) ၂၀-၃-၂၀၁၉ ရက်၊ ဗုဒ္ဓဟူးနေ့တွင် နေပြည်တော် ပရိဂုဏ်အတွင်းရှိ သာသနာ့မဟာဗိမာန်တော်ကြီး၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတက ပြည်တွင်း၊ ပြည်ပ သာသနာပြု "မဟာသဒ္ဓမ္မ ဇောတိကဓဇ" ဘွဲ့တံဆိပ်တော်နှင့် ၁၅-၁၂-၂၀၁၉ ရက် (တနင်္ဂနွေနေ့)၌ WORLD ASTROLOGERS SOCIETY မှ အိန္ဒိယနိုင်ငံ ကလကတ္တားမြို့၊ ဟိုတယ် HINDUISM INTERNATIONAL ၌ ကျင်းပသည့် အခမ်းအနားတွင် Doctor of Philosophy (Ph.D Buddhism)ဘွဲ့ ချီးမြှင့်ဆက်ကပ်ခံရသော ဗုဒ္ဓသာသနဟိတရေဂုဏ်၊ ဗုဒ္ဓသာသနရက္ခိတဂုဏ်၊ သီလ၊ သမာဓိ၊ ပညာဂုဏ်တို့နှင့် ပြည့်စုံတော်မူသော ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ငါးထပ်ကြီးမြောက်ရပ်ကွက်၊ ရွှေဂုံတိုင်လမ်းရှိ လိပ်ပြာကန်ကျောင်းတိုက်၊ နန္ဒာအောင်မြေကျောင်း၊ ပဓာနနာယကဆရာတော် ဘဒ္ဒန္တနိမလအရှင်မြတ်အား ဂျပန်နိုင်ငံ အိုဆာကာမြို့နေ ဦးမျိုးမင်း-ဒေါ်ခင်လဲ့လဲ့စိုး မိသားစု၊ တပည့်ဒါယကာ၊ ဒါယိကာမများမှ အထူးပင်လေးစားကြည်ညိုဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် အမျိုးဘာသာ၊ သာသနာ အကျိုးများကို ဆတက်ထမ်းပိုးပိုမိုဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**ဦးမျိုးမင်း-ဒေါ်ခင်လဲ့လဲ့စိုး မိသားစု**
**ဂျပန်နိုင်ငံ အိုဆာကာမြို့**

အရပ် သိဒ္ဓိ
"ပတ္တမြားနီလာ" ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့
➢ (၇)ရက်ခရီး (ရန်ကုန်-ဂယာ-ရန်ကုန်) (ဟိုတယ် ၂ ည) (မြန်မာငွေ-၁ဒသိန်းကျော်အပြီးအစီး)
➢ (၁၅)ရက်ခရီး (ရန်ကုန်-ဂယာ-ရန်ကုန်) (ဟိုတယ် ၅ ည) (မြန်မာငွေ-၁၂သိန်းကျော်အပြီးအစီး)
➢ (၁၅)ရက်ခရီး(ရန်ကုန်-ကိုလ်ကတ္တား-ရန်ကုန်) (ဟိုတယ် ၅ ည) (မြန်မာငွေ-၁၂သိန်းငါးသောင်းကျော်)
* သံဝေဇနီယ(၄)ဌာန+အဋ္ဌမဟာ(၄)ဌာန+သက်သေနှင့်+နီပေါ+ဆာကရာ(တပ်ခွံသော)+ဒေလီ+ဂင်္ဂါမြစ်+ကိုလ်ကတ္တား*
အသင်းအဖွဲ့အစည်း/ကုမ္ပဏီဝန်ထမ်းများကို အထူးဈေးနှုန်းများဖြင့် ပို့ဆောင်ပေးနေပါသည်။
ရန်ကုန်(ရုံးချုပ်) - အမှတ်(၃၀၀)၊ (၃)လွှာ၊ Ocean Condo၊ ရွာသာလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့ (သီတာမှတ်တိုင်အနီး)
☎ ၀၉-၄၂၀၀၇၀၀၀၀၉၊ ၀၉-၄၂၀၀၀၁၂၂၂၊ ၀၉-၅၁၀၇၈၀၅၀၊ ၀၉-၄၀၁၂၆၃၃၃၇

မွေးပုံ ရွှေလမ်း
တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ လွိုင်ကော်ဘုရားစုံဖူး(ထွက်ကျွေး) 65000
မန္တလေး၊ မေမြို့၊ စစ်ကိုင်း၊ မုံရွာ (အလောင်းတော်) 55000 သောကြာ
ပုဂံ၊ ပုပ္ပါး၊ ပခုက္ကူ 450000 နေ့တိုင်း
09 261222294, 09 261222295

မြင့်မိုရ် CAR RENTAL
အေးချမ်းပျော်ရွှင်စွာခရီးသွားလာနိုင်ရန်
4/7/10/15/35 ယောက်စီး
ကား အမျိုးမျိုး ငှားရမ်း နိုင်ပါသည်။
09-5191361,09-765191361

(၁၉၇၀/၇၁) မှ (၁၉၈၅/၈၆) ...
ဦး...မြိုင် ၀၉-...၂၈၄၄၂
ဦး...ထွန်း ၀၉-...၂၇၀၂
ဦးမြင့်စိုး ၀၉-...၂၈၄၁၇၄

### ဒေါ်ခင်ချိုထွန်း(ဒါရိုက်တာ) Travel Corner Travels & Tours Company Limited နှင့် အများသိစေရန် ကြေညာခြင်း

တိုက်(၆)၊ အခန်းအမှတ်(၁၉)၊ လှိုင်မြင့်မိုရ်အိမ်ရာ၊ မာဂလမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့တွင် ရုံးခန်းဖွင့်လှစ်ထားသော Travel Corner Travels & Tours Company Limited နှင့် ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ Oway Travels & Tours Co.,Ltd. တို့သည် ခရီးသွားဝန်ဆောင်မှုလက်မှတ်များ၊ ဟိုတယ်ဝန်ဆောင်မှုများနှင့် အခြားသော ဝန်ဆောင်မှုစီးပွားရေးလုပ်ငန်းများ ပူးပေါင်းလုပ်ကိုင်ရန်အတွက် စီးပွားလုပ်ငန်းဆိုင်ရာ နှစ်ဦးသဘောတူစာချုပ်အား ချုပ်ဆိုခဲ့ကြပြီး လုပ်ငန်းပူးပေါင်းလုပ်ကိုင်ခဲ့ကြသည်။

အဆိုပါ ခရီးသွားဝန်ဆောင်မှုအတွက် လက်မှတ်တန်ဖိုးကျသင့်ငွေများအား လူကြီးမင်းမှ ကျွန်ုပ်တို့၏ မိတ်ဆွေထံသို့ ပေးရန်ကျန်ရှိနေသောကြောင့် ကျွန်ုပ်တို့၏မိတ်ဆွေမှ နေ့ရက်ချင်းစီအလိုက် ငွေတောင်းခံလွှာများပေးပို့၍ ကျသင့်ငွေများအား ကောက်ခံခဲ့သော်လည်း လူကြီးမင်းတို့ဘက်မှ လာရောက်ပေးချေခြင်း၊ ဆက်သွယ်ခြင်းမရှိခဲ့ပါ။

ထို့အပြင် ကျွန်ုပ်တို့၏မိတ်ဆွေမှ လူကြီးမင်းထံသို့ အကြောင်းကြားစာပေးပို့ခဲ့သော်လည်း တစ်စုံတစ်ရာ အကြောင်းပြန်ကြားခဲ့ခြင်းမရှိပါသဖြင့် ယခုကြေညာစာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ဖြစ်စေ၊ ကျွန်ုပ်တို့၏ မိတ်ဆွေထံသို့ဖြစ်စေ ပေးဆပ်ရန်ကျန်ရှိသည့်ငွေများအား လာရောက်၍ အပြေအကျေပေးဆပ်ရန်နှင့် ပျက်ကွက်ခဲ့ပါက သက်ရောက်ရာ တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း Travel Corner Travels & Tours Company Limited၊ ၎င်းကုမ္ပဏီ၏ဒါရိုက်တာဖြစ်သူ ဒေါ်ခင်ချိုထွန်းနှင့်တကွ အများသိစေရန် ကြေညာအပ်ပါသည်။

**Oway Travels & Tours Co.,Ltd ၏ တာဝန်ရှိသူမှ လွှဲအပ်ညွှန်ကြားချက် မှန်ကန်ပါသည်။**
**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဒေါ်ဆုပြည့်စုံ** | **ဒေါ်နန်းရည်မွန်ဦး** | **ဦးစိုင်းဝဏ္ဏ** |
| **LL.B,DL-101 WIPO(Switzerland)** | **LL.B,DBL,DIL,WIPO(Switzerland)** | **LL.B,LL.M,DBL,WIPO(Switzerland)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **(စဉ်-၁၀၇၃၀/၁၆)** | **(စဉ်-၄၅၅၁၀/၁၅)** | **(စဉ်-၄၉၁၁၂/၁၇)** |

**LIWU Law Group**
**အမှတ်(၈၇)၊ ၂ လွှာ၊ ဦးကွန်းဇော်ကွန်ဒို၊ ဦးကွန်းဇော်လမ်း၊ကန်လမ်း၊ (၁၀)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။**

| စဉ် | အမည် | မှတ်ပုံတင် | မြို့နယ် | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
|---|---|---|---|---|---|---|---|---|
| [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |

| စဉ် | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
|---|---|---|---|---|---|---|---|---|
| [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |

**မွေးသက္ကရာဇ်အမှန် ဖြစ်ပါကြောင်း**

အထက(၁၆) လှိုင်သာယာမှ ဒေါ်မာမာဆွေ(လယ်ပြု)၏ မွေးသက္ကရာဇ်အမှန်မှာ ၁၄-၁၁-၁၉၆၉ (တစ်ထောင်ကိုးရာခြောက်ဆယ့်ကိုးခု၊ နိုဝင်ဘာလ၊ တစ်ဆယ့်လေးရက်) ဖြစ်ပါသည်။

**ဒေါ်မာမာဆွေ(လယ်ပြု)**
**အထက(၁၆)လှိုင်သာယာ**

ကိုသန့်ဇင်
CAR RENTAL
ကားမျိုးစုံ ငှားနိုင်ပါသည်။
ယာဉ်ပိုင်ရှင်များ ဆက်သွယ်ပါ။
09-5059821
09-43117680

ရွှေမဟာ
ဒဂုံမြို့သစ်အရှေ့ပိုင်း၊ တောင်ပိုင်း၊ မြောက်ပိုင်း၊ ဆိပ်ကမ်းမြို့မြေကွက်များ ဝယ်လိုသည်။
09-5106146

ရောင်ခြည်သစ်
အိမ်ပြောင်း/အိမ်ရွှေ့လုပ်ငန်း
10',14',15' ကားများဖြင့် လုပ်သားအပြီးအစီး မြို့တွင်း/နယ်ဝေး ဝန်ဆောင်မှုပေးသည်။
Ph:09-450454771
09-450454772
09-450454773

ကြီး မြန် သစ် ပင် စိုက် ပျိုး လျှင် စွမ်း အင် လည်း ရ ပြည် လည်း လှ




**မိဘမေတ္တာ**
**အိမ်ပြောင်း၊အိမ်ရွှေ့ ဝန်ဆောင်မှုလုပ်ငန်း**
အလုပ်သမားများနှင့် ကားအမျိုးမျိုး (အသေး/အကြီး) ဈေးနှုန်းချိုသာစွာဖြင့် တာဝန်ယူဆောင်ရွက်ပေးနေပါသည်။ (မြို့တွင်း/နယ်ဝေး)
09-250937816
09-454899971

**မဟာရန်ကုန်**
**အိမ်ပြောင်း / အိမ်ရွှေ့လုပ်ငန်း**
အိမ်ခန်း၊ရုံးခန်း၊ဆိုင်ခန်းများကို ကားဆိုဒ်စုံနှင့် အလုပ်သမားများအပါ
မြို့တွင်း/နယ်ဝေး
ဝန်ဆောင်မှုပေးပါသည်။
Ph: 09-444811126
09-444811127
09-73032439

**အောင်မင်္ဂလာ**
**အိမ်ပြောင်း/ရွှေ့လုပ်ငန်း**
**မြို့တွင်း/နယ်ဝေး**
09428773300
09428773355

## ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ စက်မှုဇုန်(၁)၊ (၄)ရပ်ကွက်၊ တပင်ရွှေထီးလမ်း၊ အမှတ်(၁၇၃၆/၁၇၃၇)၊ အားမာန်ရှင် ကုမ္ပဏီလီမိတက် အုပ်ချုပ်မှုဒါရိုက်တာဖိုလ်မှူးတက်တိုးရှင် (ငြိမ်း) [၁/ဝမန(နိုင်)၀၁၁၁၁၁]သိရှိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ စက်မှုဇုန်(၁)၊ ရန်ကုန်-မန္တလေး လမ်းမကြီးနှင့် ဘိုးရာဇာလမ်းထောင့်၊ အမှတ်(H-၁)နေ ဦးရဲဝင်း(ဘ)ဦးကျော်ဝင်း [၁၃/ကတန(နိုင်) ၀၂၅၀၃၅]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အကြောင်းကြားအပ်ပါသည်။

လူကြီးမင်းသည် ကျွန်ုပ်၏အမှုသည်ထံမှ ယာဉ်ယန္တရားများကို ငှားရမ်းအသုံးပြုခဲ့ရာ ငှားရမ်းခငွေများပေးချေရန်ကျန်ရှိနေပါသည်။ ငှားရမ်းခငွေ(၂၄၈၆၂၈၆၂၉/-)ကျပ်ပေးရန် ရှိကြောင်း ကတိ စာချုပ်ကို ၂၇-၁-၂၀၁၇ရက်တွင် ချုပ်ဆိုပြီးနောက် လူကြီးမင်းကဦးရဲဝင်းထံသို့ငွေ (၃၂၅၀၀၀၀၀/-)ကျပ်ကိုပေးချေခဲ့ပါသည်။ ကျန်ငွေ(၂၁၆၁၂၈၆၂၉/-)ကျပ်ပေးအပ်ရန် ကျန်ရှိနေ၍ ၂၉-၁၁-၂၀၁၉ ရက်တွင် လူကြီးမင်းထံအကြောင်းကြားစာ ပေးပို့ခဲ့သော်လည်း အကြောင်းပြန်ကြားခြင်း တစ်စုံတစ်ရာ မရှိဘဲ ပျက်ကွက်လျက်ရှိပါသည်။ လူကြီးမင်းပေးရန်ကျန်ရှိသော ယာဉ်နှင့် ယန္တရားများငှားရမ်း အသုံးပြုအခကြေးငွေကျန်ငွေ(၂၁၆၁၂၈၆၂၉/-)ကျပ်ကို (၁၀) ရက်အတွင်း လာရောက်ပေးအပ်စေရန် အကြောင်းကြားပါသည်။ လူကြီးမင်းအနေဖြင့် ပေးဆပ်ရန်ပျက်ကွက်ခဲ့ပါက တရားစွဲဆိုသွားမည်ဖြစ်ကြောင်း အကြောင်းကြားအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဦးရဲဝင်း(ဘ)ဦးကျော်ဝင်း**
**[၁၃/ကတန(နိုင်)၀၂၅၀၃၅]**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသန့်လွင်ဝင်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၁၂၉)**
**အမှတ်-၁၆(ခ)၊ ၁၃x၁၄လမ်းကြား၊**
**၈၇လမ်း၊အကွက်(၆၉)၊ ပြည်ကြီးရန်လုံရပ်၊**
**အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း-၀၉-၅၁၅၉၁၇၉**

## နဝမအကြိမ်မြောက် ဝါဇီဝန်ထမ်းဟောင်းများ အလှူနှင့်တွေ့ဆုံပွဲ

နဝမအကြိမ်မြောက် ဝါဇီဝန်ထမ်းဟောင်းများ စုပေါင်းအလှူနှင့်တွေ့ဆုံပွဲအား အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါ၍ ဝန်ထမ်းဟောင်းများအားလုံး မပျက်မကွက် ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

| | | |
|---|---|---|
| ကျင်းပမည့်နေရာ | - | ဓမ္မသိပ္ပံစာသင်တိုက် အမှတ်(၂)ဝိုင်း၊ တောင်ဥက္ကလာပမြို့နယ်၊ ပါရမီလမ်း၊ ရန်ကုန်မြို့။ |
| ကျင်းပမည့်အချိန် | - | နံနက် ၉:၀၀နာရီမှ ၁၂:၀၀နာရီ |
| ကျင်းပမည့်နေ့ | - | ၅-၁-၂၀၂၀(တနင်္ဂနွေနေ့) |
| လမ်းညွှန် | - | (YBS-၆၊ ၃၀၊ ၈၈၊ ၈၇၊ ၃၂၊ ၁၂၊ ၉၉၊ မြို့ပတ်ကားများစီး၍ တောင်ဥက္ကလာပ၊ ပါရမီလမ်း၊ ပင်းယမှတ်တိုင်တွင် ဆင်းပါ) |

**(ဖိတ်စာသီးခြားမပို့ပါ)**

## တိုက်ခန်းအားတစ်ဦးတည်းပိုင်ဆိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်း(မြောက်)ရပ်ကွက်၊ သုခလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၂၉-B၃) ၊ မြေကွက်အမှတ်(၇၁)၊ အဆောက်အအုံအမှတ်(၂၅)ရှိ ဒေါ်ရှုရီဖာဘီ အမည်ပေါက် ပိုင်ဆိုင်သော မြေကွက်အား ၎င်းထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာရသူ ဦးစိုးသီဟ လက်ရှိပိုင်ဆိုင်သော မြေကွက်ပေါ်ရှိ အဆောက်အအုံ၏ (၈)လွှာကို ဦးမြတ်ဇော်စိုး[၁၂/စခန(နိုင်)၀၄၃၇၃၇]နှင့် ဒေါ်အေးမင်းငွေး[၁၂/စခန(နိုင်) ၀၄၅၀၁၈] တို့က ပိုင်ဆိုင်ထားပြီး ၎င်းတို့ထံမှ ယင်းတိုက်ခန်းအား ကျွန်မ၏ မိတ်ဆွေဖြစ်သူ ဦးဆန်းမောင်[၁၂/လသန(နိုင်)၀၁၅၂၃၆] သည် "နှစ်ဦးသဘောတူ တိုက်ခန်းအရောင်းအဝယ် စရန်ပေးကတိစာချုပ်" အား ၃၀-၈-၂၀၁၉ရက်က ချုပ်ဆိုပြီး "တိုက်ခန်းအရောင်းအဝယ် နှစ်ဦးသဘောတူကတိစာချုပ်" ကို ၂၀-၉-၂၀၁၉ရက်တွင် အပြီးအပြတ်ဝယ်ထားပြီးဖြစ်၍ ယခုလက်ရှိတွင် ယင်းတိုက်ခန်းအား ကျွန်မ၏ မိတ်ဆွေ ဦးဆန်းမောင်တစ်ဦးတည်း ပိုင်ဆိုင်ကြောင်းကြေညာအပ်ပါသည်။

**ဦးဆန်းမောင်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သဇင်အေး LL.B,D.B.L,D.I.L**
**အထက်တန်းရှေ့နေ (စဉ်-၃၈၁၃၃)**
**ဖုန်း-၀၉၄၂၀၀၂၅၃၀၁**

တူဒေးစာအုပ်တိုက်




**သင်ခဲ့ရသမျှ**
**စီးပွားရေးသင်ခန်းစာ၁၀၁ ချက်**

မြနှင်းဆီ(Mra Hninzi)

တန်ဖိုး ၅,၀၀၀ကျပ်

TODAY စာအုပ်ဆိုင်၊ City Express ၊ City Mart နှင့် အမြို့မြို့ရှိ စာအုပ်ဆိုင်တိုင်းတွင် ရရှိနိုင်ပါသည်။
www.facebook.com / todaybookstores တွင်လည်း မှာယူရရှိနိုင်ပါသည်။

ဘုရား၊ ရဟန်း၊ ကျောင်း၊ ဇရပ် ဒါယကာကြီး

## မဟာသဒ္ဓမ္မဇောတိကဓဇ ဦးရှိန်အောင် (ရှိန်အောင်ဗိုလ်) ထားဝယ်

ဗိုလ်ကြီး (ငြိမ်း)၊ မြန်မာနိုင်ငံစာရေးဆရာအသင်း ကန်တော့ခံစာရေးဆရာ

အင်းစိန်မြို့နယ်၊ စာရေးဆရာအသင်း နာယက

လောကချမ်းသာအဘယလာဘမုနိဘုရားကြီး (ကျောက်တော်ကြီး) နာယက

**အသက် (၉၁) နှစ်**

ထားဝယ်မြို့နေ (ဦးမံ-ဒေါ်သန်းကြွယ်)တို့၏သား၊ ထားဝယ်မြို့နယ်နေ (ဦးထွန်းတင်-ဒေါ်ငွေနု)တို့၏သားသမက်၊ (ဒေါ်ထားရီ)၏ချစ်လှစွာသောခင်ပွန်း၊ (ဦးတင်ဦး)-ဒေါ်မြစိန်တို့၏အစ်ကို၊ ရန်ကုန်မြို့နေ (ဦးအောင်သန်းဝင်း)-ဒေါ်ခင်ခင်မြ၊ (ဦးတင်သောင်း-ဒေါ်သန်းသန်းဝင်း)၊ ဒေါ်အေးအေးဝင်း၊ ဦးဌေးဝင်း (Idol Fustal Club)-ဒေါ်လဲ့လဲ့ဝင်းလှိုင်၊ ဦးသိန်းဇော် (မင်းဓမ္မသက်န်းပရိက္ခရာ)-ဒေါ်မြင့်မြင့်ဝင်းတို့၏ချစ်လှစွာသောဖခင်၊ မြေး ခြောက်ယောက်၊ မြစ် ခြောက် ယောက် တို့၏ဘိုးဘိုးကြီး၊ အမှတ် (၆၇၆)၊ (၁၀)လမ်းတောင်၊ ကြို့ကုန်းအရှေ့ရပ်ကွက်၊ အင်းစိန်မြို့နယ်နေ ဦးရှိန်အောင် (ရှိန်အောင်ဗိုလ်)သည် ၂၆-၁၂-၂၀၁၉ (ကြာသပတေးနေ့) နံနက် ၈:၀၇ နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၁၂-၂၀၁၉ (စနေနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေး သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂:၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁-၁-၂၀၂၀ (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးစိန်မောင်(ခ)သခင်စိန်မောင်

**အသက်(၉၅)နှစ်**

**မအူပင်အသင်း**

ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်မြို့နယ်၊ ထနီးကျေးရွာနေ (ဦးဘိုးရွှေ-ဒေါ်မြမေ)တို့၏ သားကြီး၊ ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်ကန်နောက်ရပ်ကွက်၊ မန္တလေးလမ်း၊ အမှတ်(၁၀၁)နေ (ဦးသန်းလွင်)-ဒေါ်မြင့်မြင့်စိန်(ခ)မေဘယ်လ်စိန် တို့၏ မွေးသဖခင် ကျေးဇူးရှင်၊ (ဒေါ်စိန်ကြိုင်)၏ ခင်ပွန်း ဦးစိန်မောင်သည် ၂၆-၁၂-၂၀၁၉ (ကြာသပတေးနေ့) နံနက် ၁၂:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၁၂-၂၀၁၉ (စနေနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

ဘဝနတ်ထံပျံလွန်တော်မူခြင်း

## ဘဒ္ဒန္တဓမ္မပီယ

**သိက္ခာတော် (၆၇) ဝါ၊ သက်တော် (၈၆) နှစ်**

**နိုင်ငံတော်သြဝါဒါစရိယ**

**ဓမ္မဝိနယာနုလောမမူလဒွါရနိကာယဂိုဏ်း**

**ဒုတိယဂဏါဓိပတိတွဲဖက်သာသနာပိုင်**

ရန်ကုန်မြို့၊ အနောက်ပိုင်းခရိုင်၊ စမ်းချောင်းမြို့နယ်၊ အောင်ချမ်းသာရပ်ကွက်၊ သီရိမင်္ဂလာလမ်း၊ မဟာရာဇိကာရုမ်ကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယက၊ နိုင်ငံတော်သြဝါဒါစရိယ၊ ဓမ္မဝိနယာနုလောမမူလဒွါရနိကာယဂိုဏ်း၊ ဒုတိယဂဏါဓိပတိ တွဲဖက်သာသနာပိုင် သာသနဓဇဓမ္မာစရိယ ဘဒ္ဒန္တဓမ္မပီယမဟာထေရ်မြတ်သည် (၁၃၈၁ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၄ ရက်) ၂၅-၁၂-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၈:၅၅ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် (၁၃၈၁ ခုနှစ်၊ ပြာသိုလဆန်း ၈ ရက်) ၂-၁-၂၀၂၀ (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်၌ အန္တိမအဂ္ဂိစျာပနပူဇော်ပွဲ ဆင်ယင်ကျင်းပပြုလုပ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး တပည့်သံဃာ၊ ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

အန္တိမအဂ္ဂိစျာပန ဖြစ်မြောက်ရေးကော်မတီ

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး

# ဒေါ်အေးမြင့် (မြင်းကကုန်း)

## အသက် (၈၈) နှစ်

ဘိုကလေးမြို့နယ်၊ မြင်းကကုန်းမြို့၊ ဓမ္မပါလရပ်ကွက်နေ (ဦးဘကျန်-ဒေါ်မြရှင်)တို့၏သမီး၊ ဦးဟန်ထွန်း၏ဇနီး၊ ဒေါ်လှရီ၊ ဦးမြသန်း(ဘိုလပ်မြေစက်ရုံ၊ ကြံခင်းမြို့)-ဒေါ်ခင်စန္ဒာဝင်း၊ (ဦးပေါက်စီ)၊ ဦးဝင်းစိုး၊ ဦးတိုင်းကျော်၊ ဦးတိုင်းမော်၊ မမူမူသန်း၊ ကိုဇော်ထွန်းအောင်၊ မယုယုထွန်းတို့၏မွေးသမိခင်၊ မြေး ၁၉ ယောက်၊ မြစ် ငါးယောက်တို့၏ဘွားဘွားကြီး ဒေါ်အေးမြင့်သည် ၂၆-၁၂-၂၀၁၉ ရက် နံနက် ၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၁၂-၂၀၁၉ (စနေနေ့) မွန်းတည့် ၁၂ နာရီတွင် နေအိမ်မှ မြင်းကကုန်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

မအူပင်မြို့နယ်အသင်း(ရန်ကုန်)

## သခင်စိန်မောင်(ခ)ဦးစိန်မောင်

ရာသက်ပန်အသင်းဝင်နှင့် မအူပင်မြို့နယ်အသင်းကြီး၏ နာယကကြီး

**အသက်(၉၅)နှစ်**

အသက်အရွယ်ကိုမထောက်ငဲ့ဘဲအသင်းကြီးအပေါ်စိတ်ပါဝင်စားစွာဖြင့် လိုအပ်သည်များကို ကူညီပေးခဲ့ပါသော သခင်စိန်မောင်(ခ)ဦးစိန်မောင်သည် ၂၆-၁၂-၂၀၁၉ ရက် နံနက် ၁၂:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၁၂-၂၀၁၉ (စနေနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါ၍ အသင်းဝင်များလိုက်ပါပို့ဆောင်ကြပါရန်။ (ကန်တော်ကလေး နေအိမ်မှ ကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)

**အမှုဆောင်အဖွဲ့**
**မအူပင်မြို့နယ်အသင်း(ရန်ကုန်)**

---

## ဒေါ်ခင်လှ

**အသက်(၈၈)နှစ်**

**အထက်တန်းကျောင်းအုပ်(ငြိမ်း)**

**ထ(၁)ဗဟန်း၊ အလက-ဂျမား၊ အထက(၅)စစ်တွေ၊ အထက-အင်းတိုင်**

**အထက(၃)ဒဂုံ**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ အောင်ချမ်းသာရပ်ကွက်၊ သီရိမင်္ဂလာလမ်း၊ အမှတ်(၂၀/စီ)နေ (ဦးသိန်းအောင်-ဒေါ်ခင်ခင်ညို)တို့၏ သမီး၊ (ဦးမြဦး-ဒေါ်သန်း)တို့၏ သမီးချွေးမ၊ ဦးသာဒင် ၏ ချစ်လှစွာသောဇနီး၊ (ဦးခင်မောင်စီ)-ဒေါ်တင်တင်ဦး တို့၏ ညီမ၊ (ဦးခင်ဦးဖေ-ဒေါ်ခင်ခင်ထား)၊ (ဦးခင်မောင်မြင့်-ဒေါ်ရှုဘီ)၊(ဦးရဲထွဋ်-ဒေါ်ခင်မြထွေး)တို့၏အစ်မ၊ (ဦးမောင်မောင်အောင်) - ဒေါ်ခင်မျိုးသာ၊ ဒေါ်စိုးစိုးသာ၊ ဒေါ်အိအိသာတို့၏ မိခင်ကြီး၊ ခင်မြတ်နိုးမောင်၊ မောင်ပိုင်သက်ကျော်တို့၏ အဘွားသည် ၂၅-၁၂-၂၀၁၉ (ဗုဒ္ဓဟူးနေ့) ည ၉:၃၀ နာရီတွင် အာရှတော်ဝင်အထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၁၂-၂၀၁၉ (သောကြာနေ့) ညနေ ၃ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင် သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဦးကြီးစိန်

**အသက်(၉၃)နှစ်**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ဦးလွန်းမောင်လမ်း၊ ခြံအမှတ်(၁၂)နေ ဒေါ်အေးမူ ၏ ခင်ပွန်း၊ ဒေါ်ယုယုဝေ၊ Dr.မျိုးမြင့်၊ ဒေါ်ခင်သန်းမြင့်၊ (ဦးကံဦး)-ဒေါ်လေးလေးနွယ် တို့၏ မွေးသဖခင်၊ Dr.ကျော်မျိုးမြင့်၊ မောင်မင်းမာန်ဦး၊ မောင်ခန့်ဇော်ဟိန်း၊ မမေမျိုးမြင့် တို့၏ အဘိုးဦးကြီးစိန်သည် ၂၅-၁၂-၂၀၁၉ (ဗုဒ္ဓဟူးနေ့) ည ၁၁:၂၇ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၁၂-၂၀၁၉ (သောကြာနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီး ရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၃၁-၁၂-၂၀၁၉ (အင်္ဂါနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဘုရား၊ သိမ်၊ ကျောင်းဒါယကာကြီး

**ဦးကောက်(ခ)ဦးမျိုးတင့်(ကဝမြို့နယ်အသင်း နာယက) (၈၅) နှစ်**

ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်နေ (ဦးချစ်ခင်-ဒေါ်သန်းတင်)တို့၏သား၊ စစ်ကိုင်းတိုင်းဒေသကြီး၊ အင်းတော်မြို့နေ (ဦးဖိုးကြွား-ဒေါ်တင်ဦး)တို့၏သား သမက်၊ (ဦးမောင်ဟုတ်)-ဒေါ်စန်း၊ (ဦးတင်လှ)-ဒေါ်မြမြတို့၏ညီ/မောင်၊ (ဦးတင်မောင်-ဒေါ်ကျင်ရွှေ)၊ (ဦးအောင်သန်း-ဒေါ်ကျင်ငွေ)၊ (ဦးခင်မောင်ကြီး-ဒေါ်လှလှ)၊ ဦးကြည်မောင်-ဒေါ်တင်တင်အေး၊ (ဦးအောင်မြင့်စိန်)-ဒေါ်မြသွင် တို့၏အစ်ကို၊ ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၄/တောင်)ရပ်ကွက်၊ မြို့မ(၁) လမ်း၊ အမှတ်(၆၀၁)နေ ဒေါ်လှလှ၏ချစ်လှစွာသောခင်ပွန်း၊ (ဦးတင်မြင့်)-ဒေါ်ခင် ဝင်းဦး၊ ဒေါ်ခင်စန်းနွဲ့ (ကျောင်းအုပ်ဆရာမကြီး၊ အမက-၂၆၊ သာကေတ)၊ ဦးစအောင်မင်း-ဒေါ်မြမြသန်း (ခ) ဒေါ်ခင်စန်းအေး၊ ဒေါ်ခင်စန်းဌေး (ရတနာ့မေတ္တာအဖွဲ့)၊ ဦးထိန်လင်း-ဒေါ်ခင်နှောင်းထွေး၊ ဒေါ်စိမ်းစိမ်းတို့၏ မွေးသဖခင် ကျေးဇူးရှင်၊ မြေးခုနစ်ယောက်၊ မြစ်သုံးယောက်တို့၏ဘိုးဘိုးကြီးသည် ၂၆-၁၂-၂၀၁၉ (ကြာသပတေးနေ့) နံနက် ၀၀:၁၀ နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ် လွန်သွားပါသဖြင့် ၂၈-၁၂-၂၀၁၉ (စနေနေ့) မွန်းလွဲ ၂:၃၀ နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂:၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁-၁-၂၀၂၀ (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီမှ မွန်းတည့် ၁၂ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည် ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

**ဒေါ်အေးအေး (၈၄) နှစ်**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ တိုက်(၂၆)၊ အခန်း (၂)၊ သုဇာတာလမ်း၊ (၁၀) ရပ်ကွက်၊ လှိုင်မြင်းမိုရ်အိမ်ရာနေ (ဦးကြီးမြင့်)၏ဇနီး၊ ဦးထွန်းဦး-ဒေါ်ဝင်းမာမြင့် (ထ-၅၊ ကမာရွတ်)၊ ဒေါက်တာဝင်းနိုင်(အေး-ဆေးကုခန်း)-ဒေါ်ဥမ္မာမြင့်(ထ-၂၊ ကမာရွတ်)၊ ဦးကျော်စိုးမြင့်-ဒေါ်နီလာဦးတို့၏မွေးသမိခင်၊ ကိုချမ်းမင်းဦး (Leo၊ ပလပ်စတစ်)-မအေးဥမ္မာ၊ ကိုသီဟကျော်၊ ကိုစိုးသီဟ၊ ကိုစိုးသူရ၊ မနှင်းအိလှိုင်ဝေဝင်း (အလုပ်သင်ဆရာဝန်)၊ မမေသူကျော်(Final year, I.R)တို့၏ ချစ်လှစွာသောအဘွား၊ မြစ်နှစ်ယောက်တို့၏ဘွားဘွားကြီး သည် ၂၅-၁၂-၂၀၁၉ ရက် မွန်းလွဲ ၁၂:၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၁၂-၂၀၁၉ ရက် မွန်းတည့် ၁၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

**အနိစ္စ**

**ဒေါ်အေးမြင့်**

**(ပုလော/တိုရွာ)**

**အသက် (၇၆) နှစ်**

တနင်္သာရီတိုင်းဒေသကြီး၊ ပုလောမြို့နယ်၊ ပလမြို့၊ (၁)ရပ်ကွက်၊ တိုရွာအနောက်ပိုင်းနေ (ဦးရှင်-ဒေါ်ပို)တို့၏ သမီးကြီး၊ ဦးတင်လှ-ဒေါ်လှရှင်၊ (ဦးလှကြွယ်)-ဒေါ်ဟုန်တင်၊ ဦးလှညွန့်-ဒေါ်မြစန်းရီ၊ ဦးမောင်ညို-ဒေါ်အုန်းကြူ၊ ဦးဝင်းမြင့်-ဒေါ်ငွေဝင်း၊ ဒေါ်စောမြင့်တို့၏အစ်မကြီး၊ တူ/တူမ ၂၂ ယောက်တို့၏အဒေါ်၊ မြေး ၁၁ ယောက်တို့၏ ဘွားဘွားကြီးသည် ၂၅-၁၂-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၄:၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၁၂-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၁၁:၃၀ နာရီတွင် နေအိမ်မှ တိုရွာသုသာန်သို့ ပို့ဆောင် သင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

---

## ဒေါ်သိန်းကြည်

**အသက် (၈၂) နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းရပ်ကွက်နေ (ဦးအောင်ညွန့်-ဒေါ်ကျင်)တို့၏သမီး၊[ဦးညွန့်လွင်(စီမံဘဏ္ဍာ)]-ဒေါ်ကြူကြူလွင်တို့၏ အစ်မ၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ အမှတ်(၁၆၀)၊ မြိတ်လမ်း၊ (၂၄)ရပ်ကွက်နေ [ဦးကြည်(ဒုကြီးကြပ်ရေးမှူး၊ ရေနှင့်သန့်ရှင်းရေးဌာနမြို့တော်စည်ပင်)]၏ဇနီး၊ ဦးမြင့်သန်း(အကောက်ခွန်)-ဒေါ်စီစီမာ၊ ဦးသိန်းနိုင်(ခေတ္တ-ဂျပန်)-ဒေါ်သီတာလှိုင်၊ ဦးလှမိုးနိုင်-ဒေါ်တင်တင်မိုး၊ ဒေါ်စန်းစန်းရီ၊ ဦးမင်းဟန်-ဒေါ်မီမီချို၊ ဦးလှမျိုးခိုင်(ခေတ္တ-စင်ကာပူ)-ဒေါ်သူဇာနွယ်၊ ဦးသက်နိုင်ဌေး(ခေတ္တ-စင်ကာပူ)-ဒေါ်မြင့်မြင့်ဌေးတို့၏မိခင်ကြီး၊ မြေး ၁၃ ယောက်၊ မြစ်တစ်ယောက်တို့၏ဘွားဘွားကြီးသည် ၂၆-၁၂-၂၀၁၉ (ကြာသပတေးနေ့) နံနက် ၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၂ နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပြီးဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁-၁-၂၀၂၀ (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီမှ မွန်းတည့် ၁၂ နာရီအထိ အမှတ်(၁၆၀)၊ မြိတ်လမ်း၊ (၂၄)ရပ်ကွက်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးတင်အေး(ခ)ဦးမောင်ငယ်

**ပဲခူးမြို့၊ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း**

**(အမျိုးသားတန်းမြင့်ကျောင်း) ဦးစီးမှူးအရာရှိ (ငြိမ်း)**

**အသက်(၇၈)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ (၄၀)ရပ်ကွက်၊ ဘုရင့်နောင်လမ်း၊ အမှတ်(၅၁၅)နေ ဒေါ်ခင်သီ၏ ခင်ပွန်း၊ (ဦးအောင်ခင်-ဒေါ်ကျော်)တို့၏ သား၊ ဦးကျော်လှ-(ဒေါ်သောင်းတင်)တို့၏ သားသမက်၊ ဦးအေးမင်း၊ ဒေါ်နီလာအေး၊ ဒေါ်စိုးမေအောင် တို့၏ မွေးသဖခင်သည် ၂၄-၁၂-၂၀၁၉ (အင်္ဂါနေ့) ည ၇:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၁၂-၂၀၁၉ (ကြာသပတေးနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပြီးဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၃၀-၁၂-၂၀၁၉ (တနင်္လာနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်မသာဖြူ (မြောက်ဦး)

**အသက် (၇၀)**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ပုသိမ်ညွန့်ရပ်ကွက်၊ ကျားကွက်သစ်လမ်း၊ သုံးလွှာ၊ အမှတ်(၁၂)၊ အခန်း(A)နေ (ဦးမောင်ကျော်)၏ဇနီး၊ ဦးအောင်သန်းဌေး-ဒေါ်သူဇာဝေ၊ ဦးလှိုင်ညွန့်မောင်-ဒေါ်ဒါနုဖြူ၊ ဦးမောင်ဦးသိန်း-ဒေါ်အေးအေးသန်းတို့၏မွေးသမိခင်၊ မြေး ငါးယောက်တို့၏အဘွား ဒေါ်မသာဖြူသည် ၂၄-၁၂-၂၀၁၉ (အင်္ဂါနေ့) ညနေ ၃:၂၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၁၂-၂၀၁၉ (စနေနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃၀-၁၂-၂၀၁၉ (တနင်္လာနေ့) နံနက် ၈ နာရီမှ မွန်းတည့် ၁၂ နာရီ အထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း အစ်မကြီး

## ဒေါ်ခင်ခင် (၇၅) နှစ်

**ရုံးအုပ်၊ အမှတ်(၂)၊ သတ္တုတွင်း-ငြိမ်း**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၆)ရပ်ကွက်၊ ဗေယျာခေမာလမ်း၊ တေဇစက္ကီဝိပဿနာကမ္မဋ္ဌာန်းကျောင်းတိုက်၊ အမှတ်(၉၀)နေ (ဦးရွှေ-ဒေါ်စိုးတင်)တို့၏သမီး၊ (ဦးထွန်းမြင့်)-ဒေါ်မြင့်မြင့်ရီ၊ (ဦးလှမြင့်)-ဒေါ်ချိုချို၊ ဦးမြင့်သိန်း-ဒေါ်တင်တင်မြင့်တို့၏ညီမ/အစ်မ၊ တူ/တူမ ၁၁ ယောက်တို့၏အဒေါ်၊ မြေးခုနစ်ယောက်တို့၏အဘွားသည် ၂၅-၁၂-၂၀၁၉ (ဗုဒ္ဓဟူးနေ့) ည ၅:၅၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၁၂-၂၀၁၉ (သောကြာနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂:၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃၁-၁၂-၂၀၁၉ (အင်္ဂါနေ့) နံနက် ၇ နာရီမှ မွန်းတည့် ၁၂ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးမောင်မောင်တင်

**အသက်(၆၂)နှစ်**

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ရေကျော်လမ်းမကြီး၊ အမှတ်(၉/ငါးလွှာ၊ ညာဘက်)နေ (ဦးဝင်းမော်-ဒေါ်ရင်မြိုင်)တို့၏ သား၊ ဦးလှထွန်း ၏ ညီ၊ ဒေါ်ယဉ်စိန် ၏ ချစ်လှစွာသောခင်ပွန်း၊ မောင်ဇော်ဝင်းထွန်း-မမေသူလင်း၊ မမြရည်ဝင်း၊ မနှင်းရည်ဝင်း၊ မစန္ဒာသင်း တို့၏ ကျေးဇူးရှင်မွေးသဖခင်သည် ၂၅-၁၂-၂၀၁၉ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂:၂၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၁၂-၂၀၁၉ (သောကြာနေ့) နံနက် ၉ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ နံနက် ၇ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃၁-၁၂-၂၀၁၉ (အင်္ဂါနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ရဟန်းဒါယကာ ဦးမောင်မောင်ထွေး(ဒလ)

**အသက်(၅၄)နှစ်**

ဒလမြို့နယ်၊ မြို့မ(၂)ရပ်ကွက်၊ မြို့မလမ်း၊ အမှတ်(၁၀)နေ (ဦးတင်အောင်-ဒေါ်ကျင်စိန်)၊ (ဦးမောင်မောင်လေး)--ဒေါ်နီနီ တို့၏ သားသမက်၊ ရန်ကုန်မြို့နေ ဦးစံထွန်း-ဒေါ်နုနုရီ၊ ဦးခင်မောင်အေး-ဒေါ်တင်လှ၊ ဦးအောင်မြင့်-ဒေါ်စန်းစန်းမြင့်၊ (ဦးဟုတ်ကြည်)-ဒေါ်သဲသဲ၊ (ဦးသိန်းဌေး-ဒေါ်အေးအေးချို)၊ ဒေါ်အေးအေးသန့်(မြို့တော် စည်ပင်)၊ ဦးကျော်ဇေယျ တို့၏ ညီ/မောင်၊ တူ/တူမ ၁၄ ယောက်တို့၏ ဦးလေး၊ မြေး ၁၄ ယောက် တို့၏ အဘိုးလေး၊ မောင်ပိုင်သက်မှူးဇော် ၏ ဖခင်၊ ဒေါ်ဆွေဆွေဝင်း (ဒလ၊ ငွေလှရတနာအဘိဓမ္မာသင်တန်း)၏ ချစ်လှစွာသောခင်ပွန်းသည် ၂၅-၁၂-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၃:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၁၂-၂၀၁၉ (သောကြာနေ့) မွန်းလွဲ ၁ နာရီတွင် ဓနိတောသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁၂:၃၀ နာရီတွင် ထွက်ပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၃၁-၁၂-၂၀၁၉ (အင်္ဂါနေ့) နံနက် ၇ နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

သစ်တော

သစ်ပင်

ဒို့ချစ်ခင်

အစဉ်စိုက်ပျိုး

အလှတိုး

---

အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း

## နစီမာဘီ(ခ)ဒေါ်ခင်ရွှေဦး

**အသက်(၆၃)နှစ်**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သပြေကုန်းရပ်ကွက်၊ (၁၂၆)လမ်း၊ အမှတ်(၃၇)နေ (ဦးရွှေသာအောင်-ဒေါ်ခင်သန်း)တို့၏ သမီးကြီး၊ ဦးဆန်းမြင့်အောင်-ဒေါ်သန္တာအောင်၊ ဒေါ်နီနီရွှေ-ဦးနီ၊ ဦးဇေယျာအောင်-ဒေါ်ဝါဝါခင်၊ ဦးတေဇအောင် တို့၏ အစ်မ၊ တူ/တူမ ၁၄ ယောက် တို့၏ အဒေါ်၊ မြေးခုနစ်ယောက်တို့၏ အဘွား သည် ၂၆-၁၂-၂၀၁၉ ရက် နံနက် ၉ နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ယင်းနေ့တွင်ပင် အဆွရ်နမာဇ်အပြီးရေဝေးအစ္စလာမ်ကဗရ်စသာန်ဥယျာဉ်တော်၌ ဒါဖနာပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုး/မိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

# ရန်ကုန်မြို့ရှိ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ၌ ကရင်အမျိုးသားနှစ်သစ်ကူးနေ့ အလံတင်အခမ်းအနားကျင်းပ

**ရန်ကုန်  ဒီဇင်ဘာ  ၂၆**

ကရင်စာပေနှင့် ယဉ်ကျေးမှုကော်မတီနှင့် ကရင်နှစ်သစ်ကူးပွဲတော်ကျင်းပရေးကော်မတီတို့ပူးပေါင်း၍ ကရင်နှစ် ၂၇၅၉ ခုနှစ် ကရင်အမျိုးသားနှစ်သစ်ကူးနေ့ အလံတင်အခမ်းအနားကို ယနေ့ နံနက် ၅ နာရီ မိနစ် ၄၀ တွင် ရန်ကုန်အရှေ့ပိုင်းခရိုင် သာကေတမြို့နယ် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၏ဇနီး ဒေါက်တာရွှေလွှမ်း၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့်ဇနီး နန့်ကြင်ကြည်၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှမော်ဦး၊ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးဇော်အေးမောင်၊ ကရင်စာပေနှင့် ယဉ်ကျေးမှုကော်မတီဂုဏ်ထူးဆောင်နာယက ပဒိုဒေါက်တာစောထွန်းအောင်မြင့်၊ ကရင်စာပေနှင့် ယဉ်ကျေးမှုကော်မတီနှင့် ကရင်နှစ်သစ်ကူးပွဲတော်ကျင်းပရေးကော်မတီတို့မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

**မင်္ဂလာစည် တီးခတ်**

ရှေးဦးစွာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက ကရင်အမျိုးသားအလံကိုလွှင့်ထူပြီး တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှမော်ဦး၊ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးဇော်အေးမောင်၊ ပဒိုဒေါက်တာစောထွန်းအောင်မြင့်တို့က မင်္ဂလာစည်ကို တီးခတ်ကြသည်။

ယင်းနောက် နိုင်ငံတော်အလံအား အလေးပြုခြင်း၊ ကရင်အမျိုးသားအလံအား အလေးပြုခြင်းများ ဆောင်ရွက်ကြပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

**စာမျက်နှာ ၈ ကော်လံ ၅ သို့ ❍**



အမျိုးသားလွှတ်တော်ဥက္ကဋ္ဌမန်းဝင်းခိုင်သန်း ကရင်အမျိုးသားနှစ်သစ်ကူးနေ့ အလံတင်အခမ်းအနားတွင် ကရင်အမျိုးသားအလံ လွှင့်ထူပေးနေစဉ်။

## မြန်မာနိုင်ငံ သို့မဟုတ် ရင်းနှီးမြှုပ်နှံရန် အလားအလာကောင်းများ ရှိသော နေရာတစ်ခု

**နေပြည်တော်  ဒီဇင်ဘာ ၂၆**

မြန်မာနိုင်ငံသည် မကြာသေးမီက ပြည်ပမှ ပုဂ္ဂလိကအာမခံကုမ္ပဏီများကို တိုင်းပြည်အတွင်း ဝင်ရောက်လုပ်ကိုင်ခွင့်ပြုခဲ့ရာ စင်ကာပူအခြေစိုက် သယ်ယူပို့ဆောင်ရေး ဝန်ဆောင်မှုလုပ်ငန်း Grab မှာလည်း တစ်ခုအပါအဝင်ဖြစ်သည်။ "အိမ်နီးချင်းတိုင်းပြည်သည်သာ ပထမ" မူဝါဒသစ်အရ ပိုမိုကြီးမားသော ပေါင်းစည်းမှုပြုလုပ်ရန် ဆန္ဒရှိကြောင်း ပြောကြားခဲ့သည့် အိန္ဒိယနိုင်ငံကလည်း မြန်မာနိုင်ငံ၌လက်ဦးမှုရယူကာ

**စာမျက်နှာ ၈ ကော်လံ ၄ သို့ ✻**

## မြန်မာအမျိုးသမီးအသင်းယှဉ်ပြိုင်မည့် အိုလံပစ်တတိယအဆင့် ခြေစစ်ပွဲ ပွဲစဉ်အချို့ပြောင်းလဲ



**ရန်ကုန်  ဒီဇင်ဘာ  ၂၆**

မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်း ဝင်ရောက်ယှဉ်ပြိုင်မည့် ၂၀၂၀ အိုလံပစ်အမျိုးသမီးဘောလုံးတတိယအဆင့် ခြေစစ်ပွဲတွင် မြောက်ကိုရီးယားအသင်း နုတ်ထွက်ခဲ့သောကြောင့် ပွဲစဉ်အချို့ အပြောင်းအလဲဖြစ်ပေါ်ခဲ့သည်။

အိုလံပစ်တတိယအဆင့်ခြေစစ်ပွဲကို ဖေဖော်ဝါရီ ၃ ရက်မှ ၉ ရက်အထိ ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်း ပါဝင်သည့် အုပ်စု(က)မှ မြောက်ကိုရီးယားအသင်း နုတ်ထွက်ခဲ့သောကြောင့် သုံးသင်းသာကျန်ရှိတော့ပြီး ခြေစစ်ပွဲ

**စာမျက်နှာ ၈ ကော်လံ ၁ သို့ ❖**

ကြေးမုံ ယနေ့ဖတ်စရာ

ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာ မဟာဗျူဟာ ဆွေးနွေး  စာမျက်နှာ » ၁၁

---

ပြည်သူများ၏ ဝင်ငွေတိုးမြှင့်ရေး ရှုရှား၏ နံပါတ်တစ်ရည်မှန်းချက်ဟု ပူတင်ပြောကြား  စာမျက်နှာ » ၁၂

---

"မီးစက်ဝိုင်း" နေကြတ်မှုမြင်ကွင်းကို အာရှတစ်လွှားမှ ရင်သပ်ရှုမောဖွယ် တွေ့မြင်ခဲ့ရ  စာမျက်နှာ » ၁၃




Wai Yan Electronics, Pro 1 Global Home Center, Electronic City, E Mart Electronic Showroom နှင့် အမြို့မြို့ အနယ်နယ်ရှိ အရောင်းကိုယ်စားလှယ်ဆိုင်ကြီးများတွင် ဝယ်ယူရရှိနိုင်ပါပြီ။